# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ငြိမ်းအေးသောစိတ်ရှိ

အာသဝေါကုန်ပြီးသော ရဟန္တာသည် တစ်စုံတစ်ယောက်အား စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်း မရှိ၊ ငြိမ်သက်သော ဣန္ဒြေ၊ ငြိမ်းအေးသော စိတ်ရှိကုန်၏။ မည်သို့သော အခြေအနေတွင် မည်သည့်အဖြစ်မျိုးနှင့် ကြုံတွေ့ရသည်ဖြစ်စေ၊ မိမိ၏ အတိတ်သံသရာက ပါလာသော ဝဋ်ကြွေးကြောင့်ဟု ခံယူလိုက်လျှင် စိတ်ချမ်းသာရာရ၏။

**အရဟန္တဝဂ်(ဓမ္မပဒ-၉၆)**


၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၀ ရက် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၁၇ ရက်၊ တနင်္လာနေ့ အတွဲ (၅၈)၊ အမှတ် (၀၇၈)




# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ယာဉ်၊ ယန္တရားများ စုဖွဲ့ထားရှိမှု စစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်သည် ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စုဖွဲ့သိုလှောင်ထားရှိသည့် ယာဉ်၊ ယန္တရားများကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ မိတ္ထီလာခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး တာဝန်ခံက နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လူမှုစီးပွားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သဘာဝ ဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် လုပ်ငန်းများအတွက် အရေးပေါ်သုံးစွဲနိုင်ရန် ယာဉ်၊ ယန္တရားများ စုဖွဲ့ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က ယာဉ်၊ ယန္တရားများ၏ စက်စွမ်းအား အပြည့်အဝအသုံးချနိုင်ရေးအတွက် စဉ်ဆက်မပြတ် ကွင်းခိုင်မှု ပြုလုပ်ထားရှိရေး၊ အရေးပေါ်အခြေအနေများ၌ အချိန်နှင့် တစ်ပြေးညီ အသုံးပြုနိုင်ရန်အတွက် ဆောင်ရွက်ထားရှိရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ယာဉ်၊ ယန္တရားများ ကွင်းခိုင်မှုအတွက် စမ်းသပ်မောင်းနှင်မှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအချိန်စာရင်း ကြေညာ

**နေပြည်တော် ဒီဇင်ဘာ ၁၇**


၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို အောက်ပါ အချိန်စာရင်းအရကျင်းပမည်ဖြစ်ကြောင်း ကြေညာထားသည်။

**၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအချိန်စာရင်း**

| ရက်စွဲ | အချိန် | ဘာသာရပ်များ |
|---|---|---|
| (၁) | (၂) | (၃) |
| ၆-၃-၂၀၁၉ ဗုဒ္ဓဟူးနေ့ | နံနက်(၉)နာရီမှ (၁၂) နာရီအထိ။ | မြန်မာစာ |
| ၇-၃-၂၀၁၉ ကြာသပတေးနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ။ | အင်္ဂလိပ်စာ |
| ၈-၃-၂၀၁၉ သောကြာနေ့ | နံနက်(၉)နာရီမှ (၁၂) နာရီအထိ။ | သင်္ချာ |
| ၉-၃-၂၀၁၉ စနေနေ့ | နံနက်(၉)နာရီမှ (၁၂ )နာရီအထိ။ | စိတ်ကြိုက်မြန်မာစာ |
| ၁၁-၃-၂၀၁၉ တနင်္လာနေ့ | နံနက်(၉)နာရီမှ (၁၂) နာရီအထိ။ | ဓာတုဗေဒ |
| ၁၂-၃-၂၀၁၉ အင်္ဂါနေ့ | နံနက်(၉)နာရီမှ (၁၂)နာရီအထိ။ | ရူပဗေဒ |
| ၁၃-၃-၂၀၁၉ ဗုဒ္ဓဟူးနေ့ | နံနက်(၉)နာရီမှ (၁၂) နာရီအထိ။ | { ဇီဝဗေဒ / ဘောဂဗေဒ |
| ၁၄-၃-၂၀၁၉ ကြာသပတေးနေ့ | နံနက်(၉)နာရီမှ (၁၂) နာရီအထိ။ | ပထဝီဝင် |
| ၁၅-၃-၂၀၁၉ သောကြာနေ့ | နံနက်(၉)နာရီမှ (၁၂) နာရီအထိ။ | သမိုင်း |

**သတင်းစဉ်**

# အဝါရောင်အဆင့်ရှိ ဆိုင်ကလုန်းမုန်တိုင်းဖီထိုင်း မြန်မာနိုင်ငံဘက်ဦးတည်မည့် အခြေအနေမရှိ



**နေပြည်တော် ဒီဇင်ဘာ ၁၆**

ယနေ့ည ၁၀ နာရီ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "ဖီထိုင်း" သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလား ပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းဖီထိုင်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ အဆိုပါ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း ဖီထိုင်းသည် အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့-အရှေ့မြောက်ဘက် မိုင် ၁၆၀ ခန့်၊ မာချီလီပတ္တနမ်မြို့၏ အရှေ့တောင်ဘက် မိုင် ၂၀၀ ခန့်၊ သီရိလင်္ကာနိုင်ငံ ထရီကိုမာလီမြို့၏ မြောက်-အရှေ့မြောက်ဘက် မိုင် ၃၀၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဖီထိုင်း" ၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည် ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။ *စာမျက်နှာ ၄ ကော်လံ ၁* ✻




မြန်မာ့အလင်း

# ကောင်းမှုကို သိခြင်း ကျင့်ကြံခြင်း

မကောင်းမှုရှောင် ကောင်းမှုဆောင် ဖြူအောင်စိတ်ကိုထား ဆိုသည့် စကားရပ်မှာ မည်သည့်လူမျိုးမဆို မည်သည့်ဘာသာနှင့် ယုံကြည်ကိုးကွယ်မှုမျိုးအတွက်မဆို ထားသင့် ရှိသင့်သော စိတ်ထားမျိုးဟုဆိုလျှင် မမှားနိုင်ပါ။

ဤသည်၏ အခြေခံမှာ ကောင်းတာလုပ်လျှင် ကောင်းသည့် အကျိုးဆက်ဖြစ်လာပြီး မကောင်းတာလုပ်လျှင် မကောင်းသည့် အကျိုးဆက်ဖြစ်မည်ဟု ယုံကြည်ခြင်းပဲဖြစ်၏။ ဒါက မကောင်းမှုကို မကြံစည် မပြောမလုပ်ဘဲ ကောင်းမှုကို ကြံစည်ဖို့၊ ပြောဆိုဖို့၊ လုပ်ဖို့အတွက် အခြေခံရှိသင့်သော ယုံကြည်မှုပါ။

ထိုသို့ ကောင်းမှုပြုခြင်း၊ ကြံစည်ခြင်း၊ ပြောခြင်းသည် ကောင်းဖို့ဖြစ်သည်ဟု ယုံကြည်သည့်အတိုင်း အလေ့အကျင့်ပြုခြင်းက လောကကောင်းကျိုး၊ နိုင်ငံကောင်းကျိုး၊ မိမိ၏ လူမှုအဖွဲ့အစည်းအကျိုးကို စောင့်ရှောက်ဆောင်ရွက်ခြင်းပဲ ဖြစ်သည်ဟု နားလည်ပါသည်။

မကောင်းတာကို မလုပ်ဖို့၊ ကောင်းတာကိုပဲလုပ်ဖို့။

တစ်နည်းအားဖြင့်ဆိုလျှင် အဲသည်ဟာက လူတို့ကျင့်ကြံထိုက်ကြသည့် သီလပဲ ဖြစ်၏။ လူတစ်ဦးချင်းအနေဖြင့် ကျင့်ကြံထိုက်သည့် သီလက မကောင်းတာမလုပ်ဘဲ ကောင်းတာကို လုပ်ဖို့ဖြစ်ပါမည်။

သို့သော်လည်း ဘာကကောင်းတာကို လုပ်ခြင်းဖြစ်ပြီး ဘာက မကောင်းတာကို လုပ်ခြင်းဖြစ်သည်ဟု သိရှိနားလည်ခြင်းက ပညာဖြစ်၏။ ကောင်းမှုနှင့် မကောင်းမှုကို ခွဲခြားသိမြင်ခြင်းဖြစ်၏။ ယင်းအတွက် အသိဉာဏ်ပညာလိုအပ်သည်။ ကောင်းခြင်း မကောင်းခြင်းကို ခွဲခြမ်းစိတ်ဖြာ သိရှိနားလည်နိုင်ခြင်းက အခရာဖြစ်ပါသည်။

စိတ်ကူးအိပ်မက်ထဲတွင် ယာယီအားဖြင့် ယစ်မူးပျော်ရွှင်ရင်း ငြိမ်းချမ်းမှုရနေခြင်းက ကောင်းမှုလား။ လမ်းပေါ်သွားနေရင်း ကွမ်းတံတွေးထွေးရန် နေရာရှာရသည်မှာ အလုပ်ရှုပ်သည်၊ အလွယ်ပဲ လမ်းပေါ်ထွေးချလိုက်ခြင်းက ကောင်းသည်လား။ မိမိနှင့် သဘောထားချင်း မတိုက်ဆိုင်သည့် အယူအဆကို ရှင်းလင်းပြောဆိုလာသည်နှင့် ကြုံရသည့်အခါ စိတ်ကို လွှင့်ထုတ်ကာ အားရပါးရဆဲဆို အော်ဟစ်လိုက်သည်က ကောင်းသည်လား၊ မကောင်းသည်လား။

မိမိ၏မိသားစု ချမ်းသာကြွယ်ဝ အေးချမ်းပျော်ရွှင်စွာနေနိုင်ရန် အလို့ငှာ အခြားသူများကို နှိပ်စက်ကလူပြု အနိုင့်အထက်ပြုခြင်းက ကောင်းသည်လား၊ မကောင်းမှုပြုရာ ရောက်သည်လား။

မိမိတို့ လူမျိုးအတွက် မိမိနိုင်ငံတိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမည်ဟု ကြွေးကြော်လုပ်ဆောင်ရင်း မိမိလူမျိုး၊ မိမိနိုင်ငံ ဆုတ်ယုတ်နိမ့်ကျဆင်းရဲသွားသည်က ကောင်းတာလား၊ မကောင်းတာလားဆိုသည့် ဥပမာအနည်းငယ်ကို စိစစ်ကြည့်လျှင် မိမိတို့ ကောင်းတာလုပ်နေခြင်းလား မကောင်းတာ လုပ်နေမိပြီလား၊ သို့တည်းမဟုတ် ကောင်းတာကို အမှန်တကယ် ထိထိရောက်ရောက် လုပ်ဖြစ်ရဲ့လား ဆိုသည်တို့ကို ဝေဖန်မိပြီးဖြစ်ပါလိမ့်မည်။

အမှန်တကယ် လူ့ဘဝ လူပီသစွာနေဖို့၊ မိမိအပါအဝင် လောကကြီးငြိမ်းချမ်းသာယာမှုကို ဝိုင်းဝန်းစောင့်ရှောက် ဆောင်ရွက်လိုလျှင် ဘာကိုပြောဆိုခြင်း လုပ်ခြင်းက ကောင်းသည်၊ ဘာကို ပြောဆိုခြင်း လုပ်ခြင်းက မကောင်းဘူး ဆိုသည်ကို ပညာနှင့် ချိန်ထိုးခွဲခြားသိမြင်ပြီး ထိထိရောက်ရောက် လေ့ကျင့်လုပ်ဆောင်ကြဖို့ လိုပါမည်။

အထူးသဖြင့်မူ ခေါင်းဆောင်မှုနေရာမှာရှိသူများက နမူနာပြ ကျင့်ကြံပြောဆိုရင်း လုပ်ကိုင်ခြင်းက လောကအကျိုးကို အမှန်တကယ် ဆောင်ရွက်ခြင်းပင်ဖြစ်သည်ဟု ယုံကြည်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

“စာတတ်သူတိုင်း စာဖတ်ရေး” လှုပ်ရှားမှု အခမ်းအနား

စာတတ်သူတိုင်း စာဖတ်ရေး အားလုံးပါဝင်ကူညီပေး

မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ (MICC-2)၊ နေပြည်တော်

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၂၀၊ ၂၁) ရက်၊ (ကြာသပတေး၊ သောကြာ) နံနက် (၉)နာရီမှ ညနေ (၅)နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

## သနပ်ပင်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာ အကျိုးပြုမည့် ပဲခူး-စစ်တောင်းတူးမြောင်းဖြတ်ကျော်တံတား တည်ဆောက်ရန် မြေနေရာရွေးချယ်

**သနပ်ပင် ဒီဇင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ကျိုက်ပဒိုင်ကြီးကျေးရွာနှင့် ကျိုက်ပဒိုင်လေး ကျေးရွာချင်း ဆက်သွယ်မည့် ပဲခူး-စစ်တောင်း တူးမြောင်းဖြတ်ကျော်သံကူကွန်ရက်တံတား တည်ဆောက်ရန် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်နှင့် တာဝန်ရှိသူများသည် ဒီဇင်ဘာ ၁၆ ရက်၌ ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ပြည်သူများနှင့်အတူ တံတားတည်ဆောက်မည့် မြေနေရာကို ရွေးချယ်သတ်မှတ်ကြကြောင်း သတင်းရရှိသည်။



အဆိုပါတံတားကို အလျားပေ ၁၂၀၊ အကျယ်ပေ ၁၆ နှင့် ရေလွတ်အမြင့်ပေ ၁၄ ရှိ သံကူကွန်ရက်ဖြင့် တည်ဆောက်မည်ဖြစ်ပြီး စုစုပေါင်းသိန်း ၅၀၀ ခန့် ကုန်ကျမည်ဖြစ်ရာ ကျေးလက်ဖွံ့ဖြိုးရေးရန်ပုံငွေ မတည်ငွေ သိန်းတစ်ရာနှင့် ကျန်လိုအပ်သည့်ငွေများအား ဒေသခံပြည်သူများနှင့် အလှူရှင်များက ထည့်ဝင်လှူဒါန်းကြမည်ဖြစ်ပြီး တံတားအား ၂၀၁၉ ခုနှစ် အောက်တိုဘာလ နောက်ဆုံးထား၍ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုတံတားပြီးစီးသွားပါက ကျိုက်ပဒိုင်ကြီး၊ ကျိုက်ပဒိုင်လေး၊ မိုးခိုင်ကြီး၊ မိုးခိုင်လေး၊ ကျိုက်မဲ၊ အနောက်တံခွန်တိုင်၊ စဥ့်အိုးဖို စသော ကျေးရွာ ၁၀ ရွာမှ ကျေးလက်နေပြည်သူများသည် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး စသောမည်သည့်ကိစ္စမဆို ပဲခူးမြို့ ကဝမြို့နှင့် သနပ်ပင်မြို့များသို့ ရာသီမရွေး လွယ်လင့်တကူ သွားရောက်နိုင်ကြမည် ဖြစ်ကြောင်း သိရသည်။

**တင်အောင်ဆန်း (သနပ်ပင်)**

## မကွေးတိုင်းဒေသကြီးအတွင်း မြို့လေးမြို့နှင့် ကျေးရွာ ၂၅ရွာအား မြေတိုင်းတာရေး ဆောင်ရွက်နေ

**မကွေး ဒီဇင်ဘာ ၁၆**

မြို့ပြအခြေအနေ ဖွံ့ဖြိုးပြောင်းလဲလာမှုကို မှတ်တမ်းတင်နိုင်ရန်နှင့် တိုင်းအတိုင်း ကျေးရွာ ၂၅ ရွာကို မြေငှားဂရန်များထုတ်ပေးနိုင်ရန် မြေတိုင်းတာရေးလုပ်ငန်းများဆောင်ရွက်နေကြောင်း မကွေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

“မြို့အခြေအနေတွေက ပြောင်းလဲနေကြပြီ။ အသေးစိတ်တိုင်းတာဖို့ လိုနေတဲ့အတွက်ကြောင့် အောင်လံ၊ ငဖဲ၊ ကျောက်ထု၊ နတ်မောက် မြို့လေးမြို့ကို မြေတိုင်းဖို့ရှိပါတယ်။ ကျေးရွာမြေငှားဂရန်တွေ ထုတ်ပေးနိုင်ဖို့အတွက်လည်း တိုင်းအတွင်း ၂၅မြို့နယ်မှာ တစ်မြို့နယ် တစ်ရွာနှုန်းနဲ့ ကျေးရွာ ၂၅ရွာ တိုင်းတာရေးတွေ စလုပ်နေပါပြီ”ဟု တိုင်းဒေသကြီးဦးစီးမှူး ဦးဇော်ဝင်းက ပြောသည်။

ကျေးရွာမြေဂရန်ထုတ်ပေးရန် တိုင်းတာရေးလုပ်ငန်းတွင် လိုအပ်နေသည့် နယ်ခြားဝန်နှင့် နယ်သက်ဝန်များ ခန့်ထားပေးရန် တင်ပြထားကြောင်း၊ မူလရွာမြေ၊ တိုးချဲ့မြေ၊ ထပ်မံတိုးချဲ့ရန် ရည်ရွယ်သည့် မြေများကို နယ်သက်ဝန်မှ သတ်မှတ်ပေးရပြီး လ၇-၃၀(ခ) ပြန်လျှော်ကာ မူလရွာမြေနှင့် ပေါင်းစပ်ပေးရကြောင်း တိုင်းဒေသကြီး ဦးစီးမှူးက ရှင်းပြသည်။

“ရွာတွေမှာက ရွာဝိုင်းကြီးပဲရှိတယ်။ တစ်ဦးချင်းပိုင်မရှိဘူး။ မရှိတော့ ပြဿနာဖြေရှင်းဖို့ တော်တော်ခက်တယ်။ ဂရန်တွေရပြီး သူ့အကွက်နဲ့သူဖြစ်သွားရင် ပြဿနာတွေ ဖြစ်ရင်လည်း ရှင်းလို့လွယ်သွားပြီ။ စီမံခန့်ခွဲရတာ ပိုလွယ်သွားတာပေါ့။ ဒါပေမယ့် တစ်နှစ်ထဲလည်း အများကြီးလုပ်လို့ မရဘူး။ စီမံချက်နဲ့လုပ်ရတာပေါ့” ဟု တိုင်းဒေသကြီးဦးစီးမှူးက ပြောသည်။

**ဇေယျတု(မကွေး)**

## အမရပူရမြို့နယ်တွင် ပြည်သူ့စကားဝိုင်း ကျင်းပ

**အမရပူရ ဒီဇင်ဘာ ၁၆**

ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် အမရပူရမြို့နယ် ဒေါင်းရွေးကျေးရွာရှိ ရွာလယ်ဓမ္မာရုံတွင် ယနေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဆွေ အမှာစကား ပြောကြားသည်။ ထို့နောက် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းက ပြည်သူ့စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ဆည်မြောင်း ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းဇော်ထွေး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းဖြိုး၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သူဇာမြင့်နှင့် တောင်သူဦးရဲနိုင်တို့က ဦးဆောင်ဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာသော ရွာသူရွာသားများက သိရှိလိုသည်များမေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**



**မော်ဘီမြို့နယ် လှည်းငုတ်ချောင်း ကျေးရွာအုပ်စု ရေတွင်းကုန်းကျေးရွာရှိ ဝါဟီဂါးမန့်သိုးမွေး အထည်ချုပ်စက်ရုံရှေ့၌ ဒီဇင်ဘာ ၁၄ ရက်က မှုခင်းပြခန်းယာဉ်ဖြင့် အသိပညာပေး ဟောပြောမှုကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြင့်နှင့်အတူ သက်ဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းပြောကြားရာ လာရောက်လေ့လာသူ စက်ရုံအလုပ်သမားများအား တွေ့ရစဉ်။**

ဟန်စိုး




ရှေးဟောင်းဘိုးဘွားအမွေအနှစ်ရုပ်စုံကျောင်းနှင့် သီလရှင်များ ဓာတ်ပုံ-ဇော်ဇော်ဝေ(ဆင်ဖြူကျွန်း)

**"ယခုဆိုရင် မိမိတို့နိုင်ငံဟာ ဒီမိုကရေစီလမ်းကြောင်းအစပေါ်မှာ စတင်ခြေချ လျှောက်လှမ်းနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒီလို ဒီမိုကရေစီ လမ်းမပေါ်မှာ ခြေချခါစ အခြေအနေ အချိန်အခါဟာ အင်မတန်အရေးကြီးလှပြီး လမ်းလျှောက်တတ်ခါစ ကလေးကို ဂရုစိုက်သလို ပြိုလဲမသွားအောင်၊ လဲပြိုကျမသွားအောင် ဟန်ချက်ညီညီနဲ့ သတိတရား ဆင်ခြင်ပြီးတော့ ထိန်းသိမ်းကြရမှာ ဖြစ်ပါတယ်။ မိမိတို့အနေနဲ့ ဒီမိုကရေစီကို ရှင်သန်စေလိုတယ်ဆိုရင် ဥပဒေကို လေးစားရမှာဖြစ်သလို သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းများကိုလည်း လိုက်နာရမှာ ဖြစ်ပါတယ်"**

*[ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခမ်းအနားသို့ ပေးပို့သည့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ သဝဏ်လွှာမှ ကောက်နုတ်ချက် ]*

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ကုန်သည်လုပ်ငန်းရှင်များ၊ တောင်သူများနှင့် တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်သည် ယမန်နေ့ နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ရေပြည့်ကျေးရွာရှိ Good Brother ကုမ္ပဏီ၏ နွားမွေးမြူရေးခြံ၌ နွားများမွေးမြူထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ခြံတာဝန်ခံက လိုက်လံ ရှင်းလင်းပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မကွေးမြို့ ကုန်သည်လုပ်ငန်းရှင်များ အသင်း အစည်းအဝေးခန်းမ၌ ကုန်သည်လုပ်ငန်းရှင်များ၊ သီးနှံစိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းရှင်များ၊ တောင်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က မကွေးတိုင်းဒေသကြီးသည် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအား အဓိကထား လုပ်ကိုင်လျက်ရှိပြီး ပြည်ပသို့ တင်ပို့ရောင်းချရာတွင် အဓိကအားထားရသည့် ဒေသကြီးဖြစ်ပါကြောင်း၊ ကျောက်ဖြူ ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန် တည်ဆောက်ပြီးစီးပါက မကွေးတိုင်းဒေသကြီးသည် အဓိကကျသည့်ဒေသ ဖြစ်လာမည်ဖြစ်ပါကြောင်း၊ ပဲ၊ ပြောင်း၊ နှမ်း စသောသီးနှံများကို အဓိကထား စိုက်ပျိုးထုတ်လုပ်တင်ပို့နေသော ဒေသဖြစ်သဖြင့် ကုန်စည်ဒိုင်သည် ရောင်းသူနှင့် ဝယ်သူတို့ အကျိုးဖြစ်ထွန်းရန် ချိတ်ဆက်ပေးနေသည့်နေရာဖြစ်ပါကြောင်း၊ ကုန်သည်များအနေဖြင့် စားသုံးသူ သက်သာချောင်ချိရေး၊ ထုတ်လုပ်သူ မနစ်နာစေရေးအတွက် ကုန်စည်ဈေးနှုန်း မကစားရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကုန်သည်လုပ်ငန်းရှင်များက လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်း ပေါင်းစပ်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပခုက္ကူမြို့ရှိ ကုန်သည်လုပ်ငန်းရှင်အသင်း ရုံးခန်းမ၌ ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ကုန်သည်များ အရောင်းအဝယ် ပြုလုပ်ရာတွင် ဝယ်ယူသူနှင့် ကုန်ပစ္စည်း ထုတ်လုပ်သူများအကြား ဆက်စပ်မှုရှိရန်နှင့် အာမခံချက်များရှိရန် လိုအပ်ကြောင်း၊ သီးနှံများရောင်းချရာတွင် ထွက်ရှိသည့်အတိုင်း ရောင်းချမည့်အစား တန်ဖိုးမြင့် ထုတ်ကုန်များအဖြစ် ထုတ်လုပ်တင်ပို့ရောင်းချရန် လိုအပ်ပါကြောင်း၊ သီးနှံများ ဝယ်ယူရောင်းချရာတွင် ဝယ်ယူသူနှင့် ရောင်းချသူတို့ အကျိုးအမြတ်မျှတစွာ ခံစားရရှိစေရန် ဝယ်ယူသည့် စနစ်ကို ကျင့်သုံးရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက ကဏ္ဍအလိုက် တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေးသည်။

**သတင်းစဉ်**

## မစ္စတာ ဆော်ရက်(ဘ်)ကူမားအား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက မစ္စတာ ဆော်ရက်(ဘ်)ကူမားအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် အဆိုပြုချက်ကို သဘောတူညီပြီး ဖြစ်သည်။

မစ္စတာ ဆော်ရက်(ဘ်)ကူမားကို ၁၉၆၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် မွေးဖွားခဲ့ပြီး အိန္ဒိယနည်းပညာတက္ကသိုလ်မှ B.Tech ဘွဲ့ကို ရရှိခဲ့ပါသည်။ ၎င်းသည် ၁၉၈၉ ခုနှစ်တွင် အိန္ဒိယ ပြည်ပရေးရာဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ကာ ဟောင်ကောင်မြို့ အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံး၊ အင်ဒိုနီးရှားနိုင်ငံ၊ ဖီဂျီနိုင်ငံ၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ အီတလီနိုင်ငံတို့ရှိ အိန္ဒိယသံရုံးများတွင် လည်းကောင်း၊ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လအထိ ပြည်ပရေးရာဝန်ကြီးဌာနရှိ အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးနှင့် အမျိုးသားလုံခြုံရေးကောင်စီအတွင်းဝန်ရုံးတို့၌ တွဲဖက်အတွင်းဝန်အဖြစ်လည်းကောင်း၊ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လမှ ယနေ့အထိ အီရန်နိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သမီးနှစ်ဦး ရှိပါသည်။

**သတင်းစဉ်**

# အာဆီယံ+၃ နိုင်ငံများ၏ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများ အစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

အာဆီယံ+ ၃ နိုင်ငံများ၏ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အစည်းအဝေး (ASEAN+3 Finance and Central Bank Deputies Meeting) (AFCDM+3) ကို ဒီဇင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်များတွင် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့၌ ကျင်းပရာ မြန်မာနိုင်ငံ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းနှင့်အဖွဲ့ တက်ရောက်သည်။




အစည်းအဝေးမတိုင်မီ ဒီဇင်ဘာ ၁၂ ရက်တွင် အာဆီယံ+၃ ဘဏ္ဍာရေး ဆွေးနွေးပွဲ (ASEAN+3 Financial Forum)ကို "Voyage in Growing Uncertainties" ခေါင်းစဉ်ဖြင့် ကျင်းပသည်။ ဆွေးနွေးပွဲတွင် အပိုင်းနှစ်ပိုင်း ပါဝင်ပြီး အပိုင်း (၁) တွင် "Asia Sustaining Growth and Stability in the face of Uncertainties" ခေါင်းစဉ်ဖြင့် ဆွေးနွေးရာ ကုန်သွယ်မှု ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူဝါဒနှင့် ဘဏ္ဍာရေးဆိုင်ရာ တင်းကျပ်မှုများကြောင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး မရေရာ မသေချာမှုများကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

အပိုင်း (၂) တွင် "Managing Financial Globalization: Policy Responses and Strengthening of Regional Financial Safety Nets" ခေါင်းစဉ်ဖြင့် ဆွေးနွေးရာ အနာဂတ်ကာလအတွက် ဒေသတွင်း ဘဏ္ဍာရေး ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသဆိုင်ရာ ဘဏ္ဍာရေး အကျပ်အတည်းများအတွက် ကြိုတင်ပြင်ဆင်ရန် လိုအပ်ပုံများကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ဒီဇင်ဘာ ၁၃ ရက်တွင် AFCDM +3 အစည်းအဝေးကို ကျင်းပရာ နံနက်ပိုင်းတွင် ပူးတွဲသဘာပတိများ ဖြစ်ကြသော ကိုရီးယားနှင့် စင်ကာပူတို့က အဖွင့်မိန့်ခွန်းပြောကြားသည်။ ထို့နောက် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) မှ "Global and Regional Economic Outlook" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ "Economic and Development Prospects for ASEAN+3 " ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အာဆီယံ+ ၃ မေခရို စီးပွားရေး သုတေသနရုံး (AMRO) မှ "ASEAN+3 Regional Economic Outlook 2018" ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးတင်ပြသည်။ ရှင်းလင်းဆွေးနွေးမှုများအပေါ် ဒုတိယအကြီးအကဲများက ဆွေးနွေးခြင်း၊ မေးမြန်းခြင်း၊ ပြန်လည်ဖြေကြားခြင်းများ ပြုလုပ်၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ဆက်လက်၍ AMRO ရုံး၏ လုပ်ငန်းပိုင်းဆိုင်ရာ ကိစ္စများနှင့် အုပ်ချုပ်မှု ကိစ္စရပ်များအတွက် ဆွေးနွေးကြပြီး ဒုတိယအကြီးအကဲများက အတည်ပြုသည်။ ဆက်လက်၍ မွန်းလွဲပိုင်းတွင် ဆွေးနွေးနေဆဲ ခေါင်းစဉ်များဖြစ်သည့် ချင်းမိုင် သဘောတူစာချုပ်ကိစ္စ၊ ဒေသတွင်း ဘဏ္ဍာရေး အကျပ်အတည်းဖြစ်သည့်အခါ ကုစားနိုင်ရန် ထူထောင်ထားသည့် ရန်ပုံငွေအပေါ် စည်းကမ်းသတ်မှတ်ချက်များ၊ ကြိုတင်ပြင်ဆင်ထားမှု အခြေအနေ၊ စမ်းသပ်မှုရလဒ်များ၊ ရန်ပုံငွေ၏ လုပ်ထုံးလုပ်နည်းများ၊ သတင်းဖလှယ်မှုများ စသည်တို့ကို ဆွေးနွေးကြသည်။

ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် အဆိုပါ ရန်ပုံငွေဆိုင်ရာ ချေးယူခြင်း၊ ထုတ်ချေးခြင်း ကိစ္စများ၊ စံသတ်မှတ်ချက်များ၊ ရေတိုရေရှည် ဆောင်ရွက်ရန်များ၊ ရန်ပုံငွေ၏ အချိန်မှန်သုံးသပ်မှု၊ စမ်းသပ်ဆောင်ရွက်ရန် အစီအစဉ်များ စသည်တို့ကို ဆက်လက်ဆွေးနွေးကြသည်။ နေ့လယ်ပိုင်း၌ အာရှငွေချေးစာချုပ် အစီအစဉ် (Asian Bond Market Initiatives) တိုးတက်မှုအခြေအနေ၊ နှစ်လတ်ကာလ ဆောင်ရွက်မည့် အစီအစဉ်များ၊ အာဆီယံ+၃ နိုင်ငံများ၏ ဘဏ္ဍာရေးပူးပေါင်း ဆောင်ရွက်မှု ကိစ္စရပ်များမှ ၂၀၁၉ ခုနှစ်တွင် ဦးစားပေး ဆောင်ရွက်ရန်များတို့ကို ဆွေးနွေးခဲ့ကြသည်။

**အလှည့်ကျကျင်းပပြုလုပ်**

အစည်းအဝေးတွင် မြန်မာနိုင်ငံမှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့် ရင်ဆိုင်တွေ့ကြုံရသည့် စိန်ခေါ်မှုများ၊ အာဆီယံ+၃ လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးတင်ပြခဲ့သည်။ AFCDM+3 အစည်းအဝေးသည် အဖွဲ့ဝင်နိုင်ငံများတွင် ခြောက်လတစ်ကြိမ် အလှည့်ကျ ကျင်းပပြုလုပ်သော အစည်းအဝေးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တနင်္သာရီတိုင်းဒေသကြီးရှိ သတ္တုတွင်းလုပ်ငန်းများနှင့် ပုလဲမွေးမြူရေးလုပ်ငန်းများစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် တနင်္သာရီတိုင်းဒေသကြီး သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမြင့်မောင်နှင့်အတူ ဒီဇင်ဘာ ၁၃ ရက်နံနက်ပိုင်းက မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ် ကျွဲခရံကျေးရွာအုပ်စုအတွင်းရှိ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းနှင့်အကျိုးတူ ခဲမဖြူ၊ အဖြိုက်နက်ရောရာသတ္တုတူးဖော်ခြင်း ဆောင်ရွက်လျက်ရှိသော ငွေကမ္ဘာမြန်မာကုမ္ပဏီလီမိတက်၏ ယမုံ- ကဇတ်လုပ်ကွက်သို့ ရောက်ရှိစစ်ဆေးခဲ့သည်။

ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဝန်ကြီးဌာနလက်အောက်ရှိ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းများ၏ မြိတ်မြို့ရှိ ရုံးခွဲများအားလည်းကောင်း၊ မြိတ်မြို့နယ် သစ်တောဦးစီးဌာန၊ ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပြုစုပျိုးထောင်ထားရှိမှုအခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုလောမြို့နယ် မလိကျွန်းရှိ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းနှင့်အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အာကွာဂိုးလ် (Aqua Gold) မြန်မာပုလဲကုမ္ပဏီစခန်းသို့ ရောက်ရှိခဲ့ပြီး မုတ်ကောင်များရှင်သန်မှုရာခိုင်နှုန်း၊ ပုလဲထုတ်လုပ်နိုင်မှုအခြေအနေနှင့်ဝတ်ဆံသွင်းမှုများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားသည်။

ဒီဇင်ဘာ ၁၅ ရက်နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ထားဝယ်ခရိုင် ရေဖြူမြို့နယ် ရေး-ထားဝယ် ကားလမ်း မိုင်တိုင်အမှတ်(၄၆) အနီးရှိ တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်း၏ မိကျောင်းလှောင်စခန်းဝင်းအတွင်းရှိ တောရိုင်းတိရစ္ဆာန်များ၏ နေရင်းဒေသများ ပြန်လည်ထူထောင်ရေးနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများတည်ထောင်ရေးတို့အတွက် ရည်ရွယ်ပြီး ပြုစုပျိုးထောင်ထားသည့် ပျိုးပင်များအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အမှတ်(၂) သတ္တုတွင်းလုပ်ငန်းနှင့် ဒယ်လ်ကိုကုမ္ပဏီ (DELCO)တို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ခဲမဖြူ၊ အဖြိုက်နက်ရောရာသတ္တုတူးဖော်ထုတ်လုပ်လျက်ရှိသည့် ကံပေါက်သတ္တုတွင်းသို့ ရောက်ရှိခဲ့ရာ ရှေးဦးစွာ ကုမ္ပဏီတာဝန်ရှိသူများနှင့် ဒေသခံလွှတ်တော် ကိုယ်စားလှယ်များအား ကုမ္ပဏီ၏ အစည်းအဝေးခန်းမတွင် တွေ့ဆုံခဲ့သည်။



ထို့နောက်တွင် ဒယ်လ်ကိုကုမ္ပဏီတာဝန်ရှိသူများမှ သတ္တုရိုင်းကြိတ်ခွဲသန့်စင်မှုလုပ်ငန်းအဆင့်ဆင့်နှင့် ထုတ်လုပ်ပြီး ခဲမဖြူ၊ အဖြိုက်နက်ရောရာသတ္တုများသိမ်းဆည်းသိုလှောင် ထားရှိမှုများကိုလည်းကောင်း၊ သတ္တုရိုင်းများဆေးကြောသန့်စင်ရန်အတွက် တောင်ပေါ်တွင် ၁၉၁၁ ခုနှစ်ကတည်းက တည်ဆောက်ထားသည့် ရေကန်အား လည်းကောင်း၊ လွန်တူးစမ်းသပ်တိုင်းတာ ထားသည့် နမူနာကျောက်သားများကို လည်းကောင်း လိုက်လံရှင်းလင်းပြသခဲ့ရာ ပြည်ထောင်စုဝန်ကြီးကနုန်းစစ် ကန်ပေါင်များတွင် ဗာတီဗာမြက်များ စိုက်ပျိုးရန်၊ တောင်ပေါ်ရေကန်အတွင်းသို့ ရေဝင်ရောက်မှုကောင်းစေရန်အတွက် ရေဝေရေလဲတောင်တန်းများ ပျက်စီးမှုမရှိအောင် ထိန်းသိမ်းကာကွယ်ရန်နှင့် လွန်တူးစမ်းသပ်တိုင်းတာ ထားသည့် နမူနာ ကျောက်သားများ စနစ်တကျထိန်းသိမ်းထားသိုခြင်း၊ သတ္တုပါဝင်ဖြစ်ထွန်းမှုလေ့လာဆန်းစစ်ခြင်း လုပ်ငန်းများအပါအဝင် အခြားလိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ် (အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် )၏ ပဉ္စမအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေး တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူကြီးကြပ်လျက်ရှိသည့် ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ် (အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်)၏ ပဉ္စမအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ Rose Garden ဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ် နာယက၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ဦးဆောင်၍ ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းပြီး နိုင်ငံတော်အစိုးရ၏လမ်းညွှန်ချက်ဖြစ်သည့် နိုင်ငံသားတိုင်း အိမ်ရာပိုင်ဆိုင်ခွင့်ရရှိရေးကို ဆောင်ရွက်နိုင်မည့် ထိရောက်သည့်ဘဏ္ဍာငွေကြေးစီမံခန့်ခွဲမှုစနစ်တစ်ခုထူထောင်ရန် ရည်ရွယ်ချက်နှင့် စတင်ဖွဲ့စည်းခဲ့ပါကြောင်း။

CHID ငါးနှစ်သက်တမ်းကာလမှာ ဘဏ်ခွဲ ၁၁ ခု ဖွင့်လှစ်နိုင်ပြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက တိုင်းဒေသကြီး/ ပြည်နယ်အစိုးရနှင့်ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများက တည်ဆောက်သွားမည့်ဆောက်လုပ်ရေးလုပ်ငန်းများရှိသည့်တိုင်းဒေသကြီး၊ ပြည်နယ်များတွင် အနည်းဆုံးဘဏ်ခွဲတစ်ခုစီဖွင့်လှစ်သွားရန် ရည်ရွယ်ချက်ထားရှိပါကြောင်း။

CHID ဘဏ်သည် လူနေအိမ်ရာစီမံကိန်း၊ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများတွင် ပါဝင်ရမည့် လူမှုရေးအခြေခံအဆောက်အအုံများဖြစ်သည့် ကျောင်း၊ ဆေးခန်း၊ ဆေးရုံ၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကိုလည်း ဘဏ္ဍာငွေထောက်ပံ့ပေးနိုင်ရန်အတွက် ယင်းလုပ်ငန်းများနှင့် ဆက်စပ်ဆောင်ရွက်နေသည့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၏ ရန်ပုံငွေနှင့် ဆောင်ရွက်နေသည့်လုပ်ငန်းများကို Construction Bridge Loan များ ထုတ်ချေးပေးလျက်ရှိပါကြောင်း။

CHID ဘဏ်အနေနှင့် အိမ်ရာကဏ္ဍနှင့်အခြေခံအဆောက်အအုံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာပံ့ပိုးနိုင်ရန် ဥပဒေ၊ နည်းဥပဒေများရှိလာစေရန်နှင့် ပိုမိုပီပြင်လာစေရေး၊ နည်းပညာပိုင်းဆိုင်ရာ ဖွံ့ဖြိုးလာစေရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးလာစေရေးနှင့် ဘဏ္ဍာငွေအရင်းအမြစ်များ ဖွံ့ဖြိုးလာစေရေးတို့ကို အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ယင်းနောက် ဆောက်လုပ်ရေး၊ အိမ်ရာနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ် ဒုတိယဥက္ကဋ္ဌက ဘဏ်၏လုပ်ငန်းပိုင်းဆိုင်ရာနှင့် ရှေ့ဆက်ဆောင်ရွက်မည့် ဘဏ်၏လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ Chief Policy Officer ဦးဝင်းဇော်က ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ နှစ်ချုပ်စာရင်းများနှင့် အမြတ်ဝေစုခွဲဝေမှုတို့နှင့် ပတ်သက်၍ တင်ပြအတည်ပြုချက်ရယူသည်။ ယင်းနောက် စာရင်းစစ်အစီရင်ခံစာကို စာရင်းစစ်အဖွဲ့မှ တာဝန်ရှိသူက ဖတ်ကြားတင်ပြသည်။

ထို့နောက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒါရိုက်တာအဖွဲ့ဝင်သုံးပုံတစ်ပုံမှ နုတ်ထွက်ခြင်း၊ ၂၀၁၈-၂၀၁၉ သက်တမ်းအတွက် လစ်လပ်သွားသောဒါရိုက်တာများအား ရွေးချယ်ခြင်း၊ ရွေးချယ်ခံရသော ဒါရိုက်တာများနှင့် အမှုဆောင်မဟုတ်သော လွတ်လပ်သောဒါရိုက်တာအဖွဲ့ဝင် အမည်စာရင်းကြေညာခြင်း၊ ၂၀၁၆ ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပုဒ်မ ၈၅ အရ အစုရှယ်ယာရှင်များမှခန့်အပ်သည့် စာရင်းစစ်ကော်မတီဝင်များ အမည်စာရင်းကြေညာခြင်းနှင့် ပြင်ပစာရင်းစစ်ရွေးချယ်ခန့်ထားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေပြည်သာမြို့နယ် စုအသက်မွေးဝမ်းကျောင်း သိပ္ပံကျောင်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရွှေပြည်သာမြို့နယ်တွင် စုအသက်မွေးဝမ်းကျောင်းသိပ္ပံကျောင်းကို ဒီဇင်ဘာ ၁၅ ရက်က ဖွင့်ပွဲအခမ်းအနားကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် တိုင်းဒေသကြီးဝန်ကြီး ဦးနိုင်ငံလင်းတို့က တက်ရောက်အမှာစကားပြောကြားခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပညာရေးကွန်ရက်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရွှေပြည်သာမြို့နယ်တို့ပူးပေါင်း၍ စုအသက်မွေးဝမ်းကျောင်း သိပ္ပံကျောင်းဖွင့်လှစ်ခြင်းနှင့်အတူ အခြေခံလျှပ်စစ်ပညာသင်တန်းကိုလည်း သင်တန်းသားဦးရေ ၅၀ ဖြင့် သင်တန်းကာလနှစ်လကြာ စတင်ပို့ချသင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

"သင်တန်းကတော့ တနင်္လာနေ့မှာ စပါမယ်။ ရုံးဖွင့်ရက်တိုင်းသင်တန်းချိန် နံနက် ၉ နာရီမှ ၁၁ နာရီထိ သင်ကြားပေးသွားမှာပါ။ ပညာရေးကွန်ရက်က စီစဉ်ပေးတဲ့ နည်းပြဆရာတွေလာပြီး သင်ကြားပြသသွားမှာပါ"ဟုရွှေပြည်သာမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌဖြစ်သူ ဒေါ်မြမြဝင်းက ပြောသည်။

"ဒီသင်တန်းပြီးသွားရင် တခြားသင်တန်းတွေလည်း ဆက်တိုက်ဖွင့်သွားနိုင်အောင် စီစဉ်ထားပါတယ်။ သင်တန်းပြီးသွားတာနဲ့တစ်ခါတည်းပဲ အလုပ်ဝင်နိုင်အောင် ချိတ်ဆက်ထားတာတွေ ရှိပါတယ်။ ပညာရေးကွန်ရက်အနေနဲ့ ရန်ကုန်တိုင်းအတွင်းမှာ စုအသက်မွေးဝမ်းကျောင်း သိပ္ပံကျောင်းအနေနဲ့ဖွင့်တာ ဒီကျောင်းဟာ ဒုတိယမြောက်ကျောင်းဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်မှာ ဇန်နဝါရီ ၃၀ ရက်က ပထမဆုံးကျောင်းအနေနဲ့ဖွင့်ထားပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပညာရေးကွန်ရက်အနေနဲ့ကတော့ ဒီတိုင်းတွင်းမှာ တခြားကျောင်းပေါင်း ၃၂ ကျောင်းနဲ့ နယ်ဘက်တွေမှာ ၄၀ ကျော်ဖွင့်ထားပြီးပါပြီ။ ဒီအထဲမှာထက်ဝက်ကျော်လောက်က အသက်မွေးဝမ်းကျောင်းသင်တန်းတွေလည်း ပါဝင်ပါတယ်" ဟု NLD ပညာရေးကွန်ရက်မှ ညှိနှိုင်းရေးမှူးဖြစ်သူ ဦးအောင်လင်းနိုင်က မီဒီယာများသို့ ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

✽ **ရှေ့ဖုံးမှ**

အဆိုပါ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း " ဖီထိုင်း"သည် ည ၁၀ နာရီတွင် မြောက်လတ္တီကျု ၁၃ ဒသမ ၃ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၃ ဒသမ ဝ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၃ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၆၅ မိုင်နှုန်းဖြစ်သည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ဖီထိုင်း"သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရပါသည်။

အဆိုပါ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း " ဖီထိုင်း" ၏ အရှိန်ကြောင့် ယနေ့ညမှ နောက် ၄၈ နာရီအတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိတိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့် ရှိနိုင်ပါသည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## သံတွဲ၌ မူခင်းကျဆင်းရေးအသိပညာပေး ဟောပြောပွဲကျင်းပ

**သံတွဲ ဒီဇင်ဘာ ၁၆**

သံတွဲမြို့နယ် ရွှေလှေနယ်မြေရဲစခန်းက ကြီးမှူးကျင်းပသည့် မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကိုရွှေလှေအထကတွင် ယမန်နေ့မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ခေတ္တကျောင်းအုပ်ဆရာကြီး ဦးမျိုးမင်းနိုင်က ပညာပေးဟောပြောပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ရွှေလှေနယ်မြေရဲစခန်းမှ စခန်းမှူးရဲအုပ်စောရွှေမောင်က မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ သက်ငယ်မုဒိမ်းမှုကြိုတင်ကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အသိပညာပေးဟောပြောခဲ့ပြီး ကျောင်းသား ကျောင်းသူများ၏ ပြန်လည်မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဟောပြောခဲ့ကြောင်း ရွှေလှေနယ်မြေရဲစခန်းမှ သိရသည်။

**ခရိုင်( ပြန်/ဆက်)**

## မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၆-** နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ်နှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း (၂၆)ကြိမ်မြောက် စာအောင်ဆုနှင်းသဘင်အခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၆

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ်နှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း (၂၆)ကြိမ်မြောက် စာအောင်ဆုနှင်း သဘင်အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။** (ယာပုံ)



အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအမှူးပြုသော ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စာအောင်ပုဂ္ဂိုလ်များ၊ ကျောင်းသား ကျောင်းသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလထံမှ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ပရိသတ်က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒ္ဒိပိဋကဓရ ဘဒ္ဒန္တနာဂိတထံမှ ပြည်ထောင်စုဝန်ကြီးနှင့် ပရိသတ်က ဩဝါဒကထာ နာယူကြသည်။

ဆက်လက်၍ အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ်နှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း သင်တန်းမှူးဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝါယာမသာရကသင်တန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး တာဝန်ရှိသူများ၊ အလှူရှင်များနှင့်အတူ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အခမ်းအနားမှူးက အလှူရှင်စာရင်း အကျဉ်းချုပ်ကို ဖတ်ကြားလျှောက်ထားပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက စာအောင်ပုဂ္ဂိုလ်များ၊ ကျောင်းသား ကျောင်းသူများအား ဆုတံဆိပ်၊ ဆုလက်မှတ်နှင့် ဆုစာအုပ်များ ချီးမြှင့်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၁၆

**Shwe Taung Foundation မှ (၁၀၃) ဆောင်မြောက် ဆောက်လုပ်လှူဒါန်းသည့် တစ်ထပ်ကျောင်းဆောင်သစ် အဆောက်အအုံဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ဝက်ထီးကန်တိုက်နယ် အင်းလျှားကျေးရွာ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက် ဖွင့်လှစ်သည်။** (အောက်ပုံ)






ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲလင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးကျော်ဌေး၊ ရွှေတောင်ဖောင်ဒေးရှင်းမှ ဦးအောင်သန်း၊ ပြည်မြို့နယ် ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးသန်းဦးနှင့် ဝက်ထီးကန်တိုက်နယ် ကျောင်းအုပ်ဆရာကြီး ဦးမိုးကျော်စိုးတို့က ကျောင်းဆောင်သစ်ဖွင့်ပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

**အမွေးနံ့သာရည်များ ပက်ဖျန်း**

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပဲခူးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ညွှန့်ညွှန့်ဌေး၊ အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲလင်းမြင့်၊ Shwe Taung Foundation မှ နာယက ဦးအိုက်ထွန်းနှင့်တာဝန်ရှိသူများက ကျောင်းဆောင်သစ်ဖွင့်ပွဲ ကမ္ပည်းကျောက်စာအား အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။

**ပုဂ္ဂလိကကဏ္ဍမှ လှူဒါန်း**

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာန အနေဖြင့် ပြည်သူများ၏ လိုအပ်ချက်အတွက် ကျောင်းများဖွင့်လှစ်ပေးခြင်း၊ ကျောင်းအဆင့်တိုးများ ဖွင့်လှစ်ပေးခြင်း၊ ဆရာ ဆရာမများ၊ ပရိဘောဂပစ္စည်းများ၊ စာကြည့်တိုက်များ၊ အားကစားပစ္စည်းများ စသည့်လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးရန် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူများနှင့် ပူးပေါင်းဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယနေ့ ဖွင့်လှစ်သည့် အလယ်တန်းကျောင်းခွဲတွင် ပေ ၆၀× ပေ ၃၀ တစ်ထပ်ကျောင်းဆောင်ကို ရွှေတောင် ဖောင်ဒေးရှင်းမှ ဆောက်လုပ်လှူဒါန်းပေးခြင်းဖြစ်ပါကြောင်း၊ အခြေခံပညာကဏ္ဍတွင် ပြီးခဲ့သည့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်စာရင်းများအရ ကျောင်းဆောင်ပေါင်း ၄၄၁၂၉ လိုအပ်လျက်ရှိပါကြောင်း၊ ၂၀၁၈-၂၀၁၉ အောက်တိုဘာလမှ စက်တင်ဘာလအထိ ဘဏ္ဍာရေးနှစ်အရ ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုခွင့်ပြုချက်အရ အဆောက်အအုံ စုစုပေါင်း ၄၇၉၉ ခွင့်ပြုရရှိပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထပ်မံလိုအပ်သည့် ကျောင်းဆောင်များကို ပုဂ္ဂလိကကဏ္ဍမှ ပူးပေါင်းလှူဒါန်းပေးသည့်အတွက် တန်ဖိုးထား မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း၊ အဓိက အရေးကြီးသည့်အချက်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ ပြည်သူများနှင့်ပူးပေါင်းမှသာ အမှန်တကယ်လိုအပ်သည့် နေရာများတွင် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာန အနေဖြင့် ကျောင်းအဆင့်တိုးဆောင်ရွက်ရန် ကျောင်းသားဦးရေပြည့်မီမှု သို့မဟုတ် မြေပြန့်ဒေသဖြစ်ပါက သုံးမိုင်ရှိရမည်ဖြစ်ပြီး သွားရေးလာရေးခက်ခဲသောနေရာဖြစ်ပါက နှစ်မိုင်ရှိရမည်ဖြစ်ကာ ပြည်သူများ၏ လိုအပ်ချက်များအပေါ် မူတည်ပြီး ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

**ဝိုင်းဝန်းကူညီကြစေလို**

ပညာရေးဝန်ကြီးဌာန အနေဖြင့် ပြည်သူများ၏ လိုအပ်ချက်ကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး ပုဂ္ဂလိကကဏ္ဍမှ ပူးပေါင်းဆောင်ရွက်ကြသူများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်းနှင့် အားလုံးက ညီညီညွတ်ညွတ် ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် Shwe Taung Foundation မှ နာယက ဦးအိုက်ထွန်းက ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တီမောနိုင်ငံမှ သံအမတ်ကြီးက ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်**

ထို့နောက် သံအမတ်ကြီးများ၊ အလှူရှင်များက ကျောင်းသုံးပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဒေါက်တာမာမာဇင်နှင့် ဝက်ထီးကန်တိုက်နယ် ကျောင်းအုပ်ဆရာကြီး ဦးမိုးကျော်စိုးတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် အုပ်ချုပ်ရေးမှူး ဦးအောင်ဌေးနှင့် ကျောင်းအုပ်ဆရာကြီး ဦးမိုးကျော်စိုးတို့က ကျေးဇူးတင်စကားပြောကြားပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မာန်အောင်မြို့နယ်တွင် လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရန် နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံ အကောင်အထည်ဖော်ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် မာန်အောင်မြို့နယ်တွင် ရခိုင်ပြည်နယ်အတွင်း ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနေသော အခြားမြို့များနည်းတူ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် POSCO Daewoo Corporation တို့ပူးပေါင်း၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန် Hybrid System ဆိုလာ၊ ဒီဇယ်နှင့်စွမ်းအင်သိုလှောင်မှုစနစ် ( Energy Storage System နေရောင်ခြည်မရရှိသော စွမ်းအင်ကို နေ့အခါသိုလှောင်၍ ညအချိန်တွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်သောနည်းလမ်း) ဖြင့် ၂၄ နာရီ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

မာန်အောင်မြို့သည် ပင်လယ်ပြင်ကို ဖြတ်သန်းသွားလာရသည့် ကျွန်းမြို့တစ်မြို့ဖြစ်ပြီး ဓာတ်အားစနစ်နှင့်ဝေးကွာသောဒေသတစ်ခုဖြစ်သောကြောင့် မြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအုပ်စု ၃၆ အုပ်စုရှိပြီး ကျေးရွာပေါင်း ၁၃၇ ရွာရှိသည့်အနက် မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်နှင့် မြို့နှင့်တစ်ဆက်တည်းရှိသည့် ကုန်းတန်းရွာအထိ အိမ်ထောင်စု ၁၀၀၂ စုကို ၅၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်နှစ်လုံးဖြင့် တစ်ရက်လျှင် ခြောက်နာရီကြာ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ထို့ကြောင့် မာန်အောင်မြို့နယ်အား လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရန် အပိုင်းသုံးပိုင်းခွဲ၍ ဆောင်ရွက်လျက်ရှိရာ အပိုင်း(၁)အနေဖြင့် လက်ရှိ ဓာတ်အားသုံးစွဲနေသော အိမ်ထောင်စုများအား ဆိုလာ၊ ဒီဇယ်နှင့် စွမ်းအင်သိုလှောင်မှုစနစ်ဖြင့် ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် PV(0.5)MW အား ၂၀၁၈ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၉ ခုနှစ် မတ်လအထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်းကို ရွှေကမ်းလွန် သဘာဝဓာတ်ငွေ့စီမံကိန်းတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO Daewoo Corporation ၏ CSR ရန်ပုံငွေမှ ကျခံဆောင်ရွက်သွားမည်ဖြစ်ပြီး အပိုင်း(၂)အနေဖြင့် မာန်အောင်မြို့နယ် ကျေးရွာပေါင်း ၅၇ ရွာရှိ အိမ်ထောင်စု ၄၉၃၈ စုကို ဆိုလာ၊ ဒီဇယ်နှင့်စွမ်းအင်သိုလှောင်မှုစနစ်ဖြင့် ၂၄ နာရီ ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရန် PV(2.5)MW အား ချေးငွေဖြင့် ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ချေးငွေများရရှိပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါ ကျေးရွာပေါင်း ၅၇ ရွာကို (Hybrid System) ဖြင့် လျှပ်စစ်ဓာတ်အားရရှိချိန်တွင် အရန်သင့် ဓာတ်အားဖြန့်ဖြူးနိုင်ရန် ရည်ရွယ်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစတင်ကာ ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၃၅၉၉ ဒသမ ၉၉၈ သန်းဖြင့် ကျေးရွာ ၄၈ ရွာအတွက် ၁၁ ကေဗွီလိုင်း ၃၀ ဒသမ ၉ မိုင်၊ ၄၀၀ ဗို့လိုင်း ၄၁ ဒသမ ၁၂ မိုင်၊ ၁၀၀ကေဗွီအေ ထရန်စဖော်မာ ၄၇ လုံး၊ ၁၆၀ ကေဗွီအေ ထရန်စဖော်မာနှစ်လုံး၊ ၂၀၀ကေဗွီအေ ထရန်စဖော်မာ နှစ်လုံး စုစုပေါင်း ထရန်စဖော်မာ ၅၁ လုံး၊ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရ ရန်ပုံငွေကျပ် ၂၈၃ ဒသမ ၂၅ သန်းဖြင့် ကျေးရွာ ငါးရွာအတွက် ၁၁ ကေဗွီလိုင်း ၃ ဒသမ ၅ မိုင်၊ ၄၀၀ ဗို့လိုင်း ၂ ဒသမ ၅ မိုင်၊ ၁၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ ၁၆၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး စုစုပေါင်း ထရန်စဖော်မာနှစ်လုံး၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရ ရန်ပုံငွေကျပ် ၃၄၀ ဒသမ ၀၉ သန်းဖြင့် ကျေးရွာသုံးရွာအတွက် ၁၁ ကေဗွီလိုင်း ၄ ဒသမ ၃ မိုင်၊ ၄၀၀ ဗို့လိုင်း ၃ ဒသမ ၅ မိုင်၊ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ သုံးလုံးတို့ကို ကြိုတင်တည်ဆောက်ထားကြောင်း သိရသည်။

အပိုင်း(၂)ဆောင်ရွက်ပြီးစီးပါက အပိုင်း(၃)အနေဖြင့် နိုင်ငံတော်မှ ဘတ်ဂျက်ရရှိမှုအပေါ်မူတည်၍ မာန်အောင်ကျွန်းပေါ်တွင် ကျန်ရှိသည့်ကျေးရွာ ၈၀ရှိ အိမ်ထောင်စု ၇၈၅၀ အား ဓာတ်အားရရှိရေးအတွက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီမံဆောင်ရွက်လျက်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။ **သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

# MRI အန္တရာယ်ကင်းရှင်းရေး

ခင်မောင်တင် (ဓာတ်ရောင်ခြည်)

ခေတ်သစ်ဆေးပညာလောကတွင် လူနာနှင့် ကျန်းမာရေးဝန်ဆောင်မှုပေးသော လုပ်သားများအတွက်“Health & Safety”ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းမှုသည် အရေးကြီးလှပေသည်။

ထို့ကြောင့် လူနာများ ဆေးကုသရေးတွင် ရောဂါရှာဖွေရာ၌ အရေးပါလှသော ပုံရိပ်ဖော်ခြင်းနည်းပညာမှာလည်း တစ်နေ့ထက်တစ်နေ့ တိုးတက်လာသည်။

သို့သော် ပုံရိပ်ဖော်နည်းပညာများတွင် အိုင်ယွန်းဖြစ်ဓာတ်ရောင်ခြည် (သို့) အိပ်စ်ရောင်ခြည်၊ ဂမ္မာရောင်ခြည်တို့ အသုံးပြုသကဲ့သို့ ဓာတ်ရောင်ခြည်ထွက် ပစ္စည်းမဟုတ်သော ပုံရိပ်ဖော် နည်းပညာများလည်း ရှိပေသေးသည်။ ယင်းတို့မှာ အသံလှိုင်းလွန်ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်း၊ သံလိုက်ခွင်ကျခြင်းနိယာမကို အသုံးပြု၍ ပုံရိပ်ဖော်ရောဂါရှာဖွေခြင်းဟူ၍ ရှိပေသည်။

ဤစာစုတွင် သံလိုက်ခွင်ကျခြင်းနိယာမကို အသုံးပြု၍ ပုံရိပ်ဖော်ခြင်း အတတ်ပညာတွင် ရှောင်ရန်၊ ဆောင်ရန်များကို တင်ပြလိုပေသည်၊ အမ်အာရ်အိုင်သည် “သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင်ဘေး”ဆိုသောဆောင်ပုဒ်အရ လူနာနှင့် လူနာရှင်၊ ဝန်ထမ်းများ ဘေးအန္တရာယ်ကင်းစေလိုသည့် ဆန္ဒမွန်ဖြင့် ရေးသားရပါသည်။

**အမ်အာရ်အိုင်(MRI)ဆိုတာဘာလဲ**

အမ်အာရ်အိုင်ဆိုသည်မှာ သံလိုက်ခွင်ကျခြင်းနိယာမကို အသုံးပြု၍ လူ့ခန္ဓာကိုယ်တွင်း အင်္ဂါအစိတ်အပိုင်းများကို ပုံဖော်ခြင်းဖြစ်သည်။ ဤပုံရိပ်ဖော်နည်းသည် နာကျင်ခြင်းမရှိသကဲ့သို့ ဘေးအန္တရာယ်လည်း မရှိပါ၊ ဓာတ်ရောင်ခြည်အန္တရာယ်ဖြစ်စေနိုင်သော အိပ်စ်ရောင်ခြည်ကို အသုံးပြုခြင်းလည်းမရှိပေ။ အမ်အာရ်အိုင် သည် သံလိုက်၊ ရေဒီယိုလှိုင်းနှင့် ကွန်ပျူတာကို တွဲဖက်အသုံးပြုပြီး ခန္ဓာကိုယ်တွင်ပုံရိပ်ဖော်နိုင်သည့်အတွက် ရိုးရိုးဓာတ်မှန်ရိုက်ကူးမှုတွင် မတွေ့နိုင်သောရောဂါ အချက်အလက်များကို တွေ့ရှိနိုင်မည်ဖြစ်သည်။

**အမ်အာရ်အိုင် စက်မည်သို့ပုံရိပ်ဖော် သနည်း**

ကျွန်ုပ်တို့၏ ခန္ဓာကိုယ်တွင်အက်တမ်ဟုခေါ်သော အမှုန်သေးလေးများ မြောက်မြားစွာရှိသည်။ ကျွန်ုပ်တို့ခန္ဓာကိုယ်သည် ရေဓာတ် ၉၅ ရာခိုင်နှုန်းဖြင့် တည်ဆောက်ထားသည်ဖြစ်ရာ ရေတွင် အဓိကပါဝင်သော ဟိုက်ဒရိုဂျင်အက်တမ်များသည် ကျွန်ုပ်တို့ခန္ဓာကိုယ်တွင် ရောက်တတ်ရာရာ ရည်မှန်းချက်မရှိဘဲ လှည့်လည်နေသည်။ သို့သော် ကျွန်ုပ်တို့၏ခန္ဓာကိုယ်ကို ပြင်းအားကောင်းသော သံလိုက်စက်ကွင်းထဲသို့ရောက်ရှိပါက ဟိုက်ဒရိုဂျင်အက်တမ်များသည် သဘာဝအလျောက် တန်းစီပြီး တူညီသောဦးတည်ရာလမ်းကြောင်းအတိုင်းလည်နေသည်။ ရေဒီယိုလှိုင်းသည် ကျွန်ုပ်တို့၏ခန္ဓာကိုယ်ကို ဖြတ်သန်းသောအခါ ဟိုက်ဒရိုဂျင်အက်တမ်များသည် တုန်ခါ ပြီး အချက်ပြခြင်းကို ဖြစ်ပေါ်စေသည်။ ဤအချက်ပြခြင်းများကို ကွန်ပျူတာ အကူအညီဖြင့် ပုံရိပ်ဖော်စက်က ဖမ်းယူပြီး ခန္ဓာကိုယ်တွင်း အင်္ဂါများ၏ ဖြစ်ပေါ်နေမှု အခြေမှန်ကို ပုံရိပ်ဖော်ပေးခဲ့သည်။



**အမ်အာရ်အိုင်စမ်းသပ်မှုတွင်မည်သို့လုပ်ဆောင်သနည်း**

ဓာတ်မှန်ဘက်ဆိုင်ရာကျွမ်းကျင်သူ နည်းပညာရှင်သည် လူနာကို သံလိုက်စက်ကွင်းထဲတွင် လဲလျောင်းသောအနေအထားဖြင့် အိပ်စေပါမည်။ ဓာတ်မှန်ဘက်ဆိုင်ရာကျွမ်းကျင်သူက လူနာအား အမ်အာရ်အိုင်ရိုက်ကူးမှုနှင့် ပတ်သက်၍ လိုက်နာလုပ်ဆောင်ရန် ရှင်းပြသည်။ အဓိကအားဖြင့် လူနာသည် လုံးဝလှုပ်ရှားခြင်းမရှိစေရပါ။ ခန္ဓာကိုယ်လှုပ်ရှားပါက ပုံရိပ်ဖော်ရာတွင် ပုံရိပ်ကောင်းမရနိုင်ပါ။ အမ်အာရ်အိုင် ရိုက်ကူးနေချိန်တွင် ဆူညံသံကြားနေရပါမည်။ ဤဆူညံသံ သက်သာစေရန်အတွက်လူနာအား နားကြပ်ပေးထားပါမည်။ အမ်အာရ်အိုင် ရိုက်ကူးမှုမှာ သာမန်အားဖြင့် မိနစ် ၃၀ မှ ၄၅ မိနစ်အထိ ကြာနိုင်သည်။ ထိုအချိန်အတွင်း ကျွမ်းကျင်သူက လူနာနှင့် အမြဲဆက်သွယ်နေပါမည်။

**မည်သို့သော ကြိုတင်ပြင်ဆင်မှု လိုအပ်သနည်း**

လူနာသည် အမ်အာရ်အိုင် မရိုက်ကူးမီ အိမ်မှဝတ်ဆင်လာသော အင်္ကျီ၊ ဘောင်းဘီတို့ကို ဆေးရုံမှဝတ်ရုံဖြင့် လဲစေမည်ဖြစ်ပါသည်။ ထို့အတူ လက်ပတ်နာရီ၊ ငွေထုတ်ကတ် (Credit Card) များကို သံလိုက်စက်ကွင်းထဲ မရောက်စေရန် အခြားနေရာတွင် သိမ်းထားရမည်။ ထို့ပြင် သံနှင့်ပြုလုပ်ထားသော လူအသုံးအဆောင်ပစ္စည်း၊ နားကြပ်၊ ဆံထိုး၊ ဆံညှပ်စသည်များကို ဦးခေါင်းမှ ဖယ်ရှားရန်လိုသည်။

သောက်နေကျဆေးများကိုမူ သောက်သုံးနိုင်သည်။ အစားအစာများကိုလည်း ပုံမှန်စားသောက်နိုင်သည်။

**Ferromagnetic ဆိုတာဘာလဲ**

Ferrous ဟုဆိုသောဝေါဟာရမှာလက်တင်ဘာသာမှလာပြီး သံ(Iron)ဟု အဓိပ္ပာယ်ရသည်။ သံအချို့သည်သံလိုက်သတ္တိရှိကြသည်။ သတ္တုစပ်လောဟာ(Alloy)တွင် သံဓာတ်ပါဝင်မှု အချိုးအစားပေါ်မူတည်၍ သံလိုက်ဓာတ်၏ ဆွဲဆောင်မှုရှိကြသည်။ ဥပမာ သံမဏိ (Steel) နှင့် သံမျိုးစုံ (MRI)စက်တွင် သံလိုက်မှာအင်အားကြီးမားသဖြင့် သံထည်ပစ္စည်းများအတွက် အန္တရာယ်ကြီးမားပေသည်။

**အမ်အာရ်အိုင် ရိုက်ကူးမှုမပြုနိုင်သော အချက်များက ဘာလဲ**

လူနာသည် အောက်ဖော်ပြပါ အချက်အလက် တစ်ခုခုနှင့်ငြိစွန်းပါက အမ်အာရ်အိုင် ရိုက်ကူးမှု မလုပ်နိုင်ပေ။

Pregnancy
Carotid clips
Aortic clips
Brain surgery clips
Neuro simulator
Shunt
Harrington rods
Tattooed Eye liner
Fractured Bones Treated with Metal
Breast feeding
Insulin pump
Cardiac pacemaker
Cochlear implants
Prosthesis
Orbital/Middle Ear
Biosimulator
Metal fragments, shrapnel, bullets?
Ever worked with metal, welding or grinding?
IUD
Dentures
Heart valves
Heaving Aid
Lower suture
Joint replacement

**ပိတ်လှောင်ကြောက်လွန်စိတ်ရောဂါ (Clastrophobia)ရှိသလား**

လူနာသည် ယင်းကဲ့သို့ ကြောက်စိတ်များ ရှိခဲ့ပါက အမ်အာရ်အိုင် မရိုက်မီ ဓာတ်မှန်ကျွမ်းကျင်သူများ ကြိုတင်ပြောကြားရမည် ဖြစ်ပါသည်။ သို့မှသာ ဆရာဝန်သည် စိတ်ငြိမ်ဆေးကို မရိုက်ကူးမီ တိုက်ကျွေးနိုင်မည်ဖြစ်သည်။

**ယခင်က ရေဒီယိုအလင်းပိတ်ဆေး (Contrast) ထိုး၍ ရိုက်ကူးခဲ့ဖူးပါသလား**

လူနာသည် ယခင်က အမ် အာရ် အိုင်ရိုက်ကူးခဲ့ရာတွင် Contrast ဆေးထိုး၍ ရိုက်ကူးခဲ့ဖူးလျှင် ကျွမ်းကျင်သူတို့အား အသိပေးပါ။ ယခုတစ်ကြိမ်လည်း ဆေးထိုး၍ ရိုက်ကူးရန်ရှိခဲ့လျှင် လူနာသည် -

(၁) ယခုနှင့် ယခင် ကျောက်ကပ်ရောဂါ ရှိ/မရှိ
(၂) အသက် ၆၀ ကျော်လူနာ
(၃) ဆီးချို သွေးချိုလူနာရှင် စသည် အချက်များကို ဆရာဝန်အား ပြောပြရန်လိုအပ်ပါသည်။

**ကြိုတင်ကာကွယ်ရေး**

အန္တရာယ်ကို ကြိုတင်ကာကွယ်သောအားဖြင့် MRI အခန်းတွင်Metal Detector များ တပ်ဆင်ထားရသည်။အကယ်၍ ဤသို့အခန်းပေါက်ဝတွင် တပ်ဆင်ခြင်းမပြုပါက Portable Hand held metal detector ဖြင့်လူနာ၊ လူနာရှင်၊ သူနာပြုစသည်တို့အား MRI အခန်းတွင်း မဝင်မီ သံထည်ပစ္စည်း ပါ/မပါ စစ်ဆေးပေးရမည်။

**သံလိုက်စက်ကွင်း ကန့်သတ်နယ်မြေသတ်မှတ်ခြင်း**

MRI စက်ခန်း၊ Control ခန်း၊ လူနာများ နားနေခန်း စသည့်နေရာများသည် သံလိုက်စက်ကွင်းမှ လွတ်ကင်းစေရန် သတ်မှတ်ချက်ရှိသည်။

Zone (1) ဤနေရာသည် အန္တရာယ်ကင်းနေရာအဖြစ်သတ်မှတ်သည်။

Zone (2) ယင်းဧရိယာသည် လူနာများနှင့်အခြားသူများ အန္တရာယ်ကင်းစွာ သွားလာနိုင်သည်။ သို့သော် MRIဝန်ထမ်းများ၏ ညွှန်ကြားချက် လိုက်နာရမည်။

Zone(3) MRIစက်ထားရှိရာ အခန်းအဝင်ဝမှနေရာကို သတ်မှတ်ထားသည်။

Zone (4) MRI စက်ထားရှိရာ အခန်းကို သတ်မှတ်သည်။

**သံလိုက်စက်ကွင်းဧရိယာအတွင်း အရာဝတ္ထုများ ကိုင်တွယ်မှုသတိပေးချက်**

(၁) သံလိုက်မဟုတ် အခြားသံလိုက်ဓာတ်ပါသော ပစ္စည်းများကို အင်အားကြီးသည့် သံလိုက်စက်ကွင်းအနီးတွင် ကိုင်တွယ်ခြင်း မပြုရချေ။ သတိမမူဘဲ ကိုင်တွယ်မှုကြောင့် လူနာနှင့်ဆေးရုံ ဝန်ထမ်းတို့ သေဆုံး၊ အနာတရဖြစ်မှု ပေါင်း သာဓကများစွာ ရှိခဲ့သည်။

(၂) သံလိုက်စက်ကွင်း အနားတွင် Floppy Disks, Tapes, Credit Cards စသည်များ ယူဆောင်မသွားရ၊ ပျက်စီးတတ်သည်။

(၃) သံမဟုတ်သောလူ့အသုံးအဆောင်ပစ္စည်းများ၊ (ဥပမာ - ရွှေထည်၊ ငွေထည်၊ ဆံညှပ်၊ ကြယ်သီးနှင့် Prosthetic များ) စသည်ဖြင့် သံလိုက်စက်ကွင်းဧရိယာတွင် ခွင့်မပြုနိုင်။ အကြောင်းမှာ သံထည်မဟုတ်သော်လည်း Radio frequency (RF) Signzl ကို နှောင့်ယှက်ပြီး ပုံရိပ်ဖော်မှုတွင် Artifacts ဖြစ်စေနိုင် သည်။

(၄) MRI Safeor conditioning ဖြစ်သော လူနာအတွက် တွန်းလှဲ၊rolleyအောက် စီဂျင်ဘူးများကို MRI အခန်းတွင်းတွင် အသုံးပြုနိုင်သည်။

**Helium အရည်နှင့် Nitrogen အရည်များ အန္တရာယ်ကင်းစွာကိုင်တွယ်ရေး**

Helium အရည်သည် Atomic Number 2 ရှိပြီး Mass Number 4 ရှိသည်။ ယင်းအရည်သည် သံလိုက်များကို အအေးခံရန် အသုံးပြုသည်။ အထူးသဖြင့် Super conductor အတွက်ဖြစ်သည်။ ယင်းHeliumများ ကိုင်တွယ်သောအခါ Cryo-glovesဖြင့် ကိုင်တွယ်ရသည်။ Helium အရည်သည် အလွန်အေးသဖြင့် လူ၏တစ်သျှူးများကို အေးခဲစေပြီး နှင်းကိုက်သကဲ့သို့ ခံစားရနိုင်သည်။

သံလိုက်ကို အရေးပေါ် ပိတ်လိုက်ရခြင်းကို Quench ဟု ခေါ်သည်။ Quench ၏ အဓိပ္ပာယ်မှာ ငြိမ်းသတ်ခြင်းဟု အဓိပ္ပာယ်ရသည်။ Quench ဖြစ်သည့်အခါ Helium အရည်သည် လျင်မြန်စွာ အငွေ့အဖြစ် ပြောင်းလဲပြီးနောက် အခိုးအငွေ့ထွက်ပေါက်မှ အဆောက်အအုံအပြင်သို့ ထွက်သွားသည်။ အကယ်၍ အခိုးအငွေ့ထွက်ပေါက်တွင် ပြဿနာရှိခဲ့လျှင် အပြင်သို့ မထွက်ဘဲ MRI အခန်းတွင်း ပျံ့နှံ့သွားသည့်အတွက် အခန်းတွင်းရှိ အောက်စီဂျင်နှင့် ပူးပေါင်းပြီး အသက်ရှူကျပ်စေခြင်းကို ဖြစ်စေသည့်အန္တရာယ်ရှိသကဲ့သို့ အခန်းတွင်းရှိပစ္စည်းများကိုလည်း ပျက်စီးစေနိုင်သည်။

အထက်အတွင် တင်ပြခဲ့သော ဆောင်ရန်ရှောင်ရန်များကိုစနစ်တကျ ကိုင်တွယ်အသုံးပြုလိုက်နာမည်ဆိုပါက MRI ကို ဘေးကင်းစွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

**“အမ်အာရ်အိုင်သည် သံလိုက်၊ ရေဒီယိုလှိုင်းနှင့် ကွန်ပျူတာကို တွဲဖက်အသုံးပြုပြီး ခန္ဓာကိုယ်တွင် ပုံရိပ်ဖော်နိုင်သည့်အတွက် ရိုးရိုးဓာတ်မှန်ရိုက်ကူးမှုတွင် မတွေ့နိုင်သော ရောဂါအချက်အလက်များကို တွေ့ရှိနိုင်မည်ဖြစ်သည်”**

## ကော့သောင်းမြို့၌ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်ဆင့်ပွား သင်တန်းဖွင့်

**ကော့သောင်း ဒီဇင်ဘာ ၁၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကော့သောင်းခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် သဘာဝဘေးလျော့ပါးရေးစေတနာ့ဝန်ထမ်းလူငယ်(ဆင့်ပွား)သင်တန်း(၂/၂၀၁၈)အား ယနေ့မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဟံသာဝတီခန်းမ၌ ဖွင့်လှစ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းထွန်းက အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို ကော့သောင်းမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများမှ စေတနာ့ဝန်ထမ်းလူငယ်သင်တန်းသား ၃၀ တို့ကို သဘာဝဘေးနှင့်ပတ်သက်သည့် အသိပညာများ၊ သဘာဝဘေးမဖြစ်ပေါ်မီနှင့် ဖြစ်ပေါ်လာပါက လိုက်နာဆောင်ရွက်ရမည့် သိသင့်သိထိုက်သည်များ၊ ဆောလျင်စွာ ဆောင်ရွက်ရမည့် ကယ်ဆယ်ရွှေ့ပြောင်းရေးနည်းလမ်းများနှင့် အခြားသိသင့်သိထိုက်သည်များကိုဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် ကြက်ခြေနီ၊ သူနာပြုတပ်ဖွဲ့တို့မှ တာဝန်ရှိသင်တန်းနည်းပြများဖြင့် ဒီဇင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ သုံးရက်ကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

# ရောဝတီတိုင်းဒေသကြီးအတွင်း ဩဂုတ် ၁၅ ရက်မှ ဒီဇင်ဘာ ၁၁ ရက်အထိ ၁၀၀၉၀၃ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေးနိုင်ခဲ့

နေပြည်တော် ဒီဇင်ဘာ ၁၆

**ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ပေါ် ၁၅ ရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူများကို သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ပုသိမ်မြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမ၌ ကျင်းပသည်။** (ယာပုံ)




အဆိုပါပေးအပ်ပွဲတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မြန်မာနိုင်ငံအတွင်း နေထိုင်သူများအနက် အချို့သော ပြည်သူများသည် အကြောင်းအမျိုးမျိုးကြောင့် နေရာအတည်တကျမနေဘဲ အခြားဒေသများကို ပြောင်းရွှေ့နေထိုင်ကြပြီး ရောက်ရှိနေထိုင်ရာဒေသတွင် အိမ်ထောင်စု လူဦးရေစာရင်း မရှိသည့်အတွက် လူမှုရေး၊ စီးပွားရေး၊ ပညာရေး အခက်အခဲများ ကြုံတွေ့နေရပါကြောင်း၊ ယင်းအခက်အခဲများပြေလည်စေရန် ယခင် အိမ်ထောင်စုစာရင်း လျှောက်ထားဆောင်ရွက်ရမည့်လုပ်ငန်းများကို ဖြေလျှော့ပြီး ကာယကံရှင်များကို မူလနေထိုင်ရာဒေသသို့ ပြန်လည်စေလွှတ်ခြင်းမပြုဘဲ သက်ဆိုင်ရာ မြို့နယ်ရုံးအချင်းချင်းချိတ်ဆက်၍ သတ်မှတ်ချက်နှင့်အညီ စိစစ်မှန်ကန်ပါက ရောက်ရှိရာဒေသ၌ပင် အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးသည့် လုပ်ငန်းစဉ်ကို ၂၀၁၆ ခုနှစ် မေ ၁ ရက်မှစ၍ အဆင်ပြေအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ယခုလည်း ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ပေါ် ၁၅ ရပ်ကွက်၌ ယခုကဲ့သို့ နိုင်ငံသားစိစစ်ရေးကတ်ပြားကို ရပ်ကွက်၊ ကျေးရွာ အရောက် ကွင်းဆင်းဆောင်ရွက်ပေးမှုကြောင့် အလွယ်တကူရရှိကြသော်လည်း ပြည်သူများအနေဖြင့် တန်ဖိုးထားကိုင်တွယ်ထိန်းသိမ်းကြရန် မှာကြားလိုကြောင်း။

မကြာခင်ကာလတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားကို နိုင်ငံတကာအဆင့်မီ စမတ်ကတ်အဖြစ် ပြောင်းလဲထုတ်ပေးနိုင်ရေးအတွက်လည်း ဝန်ကြီးဌာနမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းလုပ်ငန်းသည် ကြီးမားကျယ်ပြန့်သည့်အတွက် အဘက်ဘက်က စနစ်တကျ လေ့လာသုံးသပ်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က တိုင်းဒေသကြီးအတွင်း ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးမှု၊ ပံ့ပိုးကူညီ ဆောင်ရွက်ပေးမှုနှင့် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ရေးတို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပုသိမ်မြို့ပေါ်ရပ်ကွက် ၁၅ ရပ်ကွက်မှ ရပ်ကွက်ကိုယ်စားလှယ်များထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပေးအပ်ကြသည်။

ရောဝတီတိုင်းဒေသကြီးအတွင်း သစ္စာစီမံချက်ဖြင့် ၂၀၁၈ ခုနှစ် ဩဂုတ် ၁၅ ရက်မှ ဒီဇင်ဘာ ၁၁ ရက်အထိ အသက်(၁၀)နှစ်ပြည့်ပြီးသူ ၅၄၀၂၅ ဦး၊ အသက် (၁၈) နှစ်ပြည့်ပြီးသူ ၂၀၃၈၂ ဦး၊ လဲလှယ်သူ ၈၁၆၂ ဦးနှင့် ပျောက်/ပျက်၊ မိတ္တူလျှောက်ထားသူ ၁၈၃၃၄ ဦး စုစုပေါင်း၁၀၀၉၀၃ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ခဲ့ပြီး ယခုအခမ်းအနားတွင် ပုသိမ်မြို့ပေါ် ၁၅ ရပ်ကွက်မှ ဒေသခံပြည်သူ ၂၇၇၆ ဦး၊ ကျေးရွာနှင့် ကျောင်းများမှ ၂၄၁၈ ဦး စုစုပေါင်း ၅၁၉၄ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# မြန်မာ့ရုပ်ရှင်လောက၏ ကျား-မ ဆိုင်ရာ အသိအမြင်နိုးကြားမှု သုတေသနစာတမ်း မိတ်ဆက်ခြင်းအခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ပညာအလင်းပွင့် မြန်မာသုတေသန ဖောင်ဒေးရှင်း (EMReF) ၏ အသက်မွေးဝမ်းကျောင်းမှုနှင့် ကျား-မ ရေးရာစီမံကိန်းမှ ပြုလုပ်သည့် မြန်မာ့ရုပ်ရှင်လောက၏ ကျား-မ(Gender) ဆိုင်ရာ အသိအမြင်နိုးကြားမှု သုတေသနစာတမ်း မိတ်ဆက်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် (၅၀) ရွှေတောင်ကြားလမ်း ရုပ်ရှင်အနုပညာရပ်ဝန်းရှိ Film Development Center (FDC) ၌ ကျင်းပသည်။ **(ယာပုံ)**



သုတေသန စာတမ်းပြုစုသူ (EMReF) မှ အကြီးတန်းစီမံကိန်းမန်နေဂျာ ဒေါ်အေးလဲ့ထွန်းက "ဒီစာတမ်းကနေ ထွက်ပေါ်လာတဲ့ ရလဒ်တွေက ရုပ်ရှင်လောကကိုဝေဖန်ပြီးတော့ ထိုးနှက်ဖို့ မဟုတ်ပါဘူး။ ရုပ်ရှင်လောကနဲ့ ပတ်သက်ရင် အိမ်နီးချင်းနိုင်ငံတွေမှာလည်း ပြောင်းလဲမှုတွေရှိလာပြီ။ မြန်မာ့ရုပ်ရှင်လောကမှာဆိုရင်လည်း ဒီနှစ်ပိုင်းတွေ မှာ ထုတ်လုပ်မှုတွေများလာပြီး အရွေ့တစ်ခုကိုရောက်နေပြီ။ ဒါ့ကြောင့် ရုပ်ရှင်လောကသားတွေအတွက် ကျင့်ဝတ်ပိုင်းဆိုင်ရာမှာ ကိုယ့်ရဲ့ဖန်တီးမှုတွေက လူ့အခွင့်အရေးစံနှုန်းအရ တစ်ဖက်သားအပေါ်မှာ ထိခိုက်မှု မဖြစ်ပွားဖို့ မီးမောင်းထိုးပြလိုခြင်းဖြစ်ပါတယ်" ဟု ပြောသည်။

မြန်မာ့ရုပ်ရှင်လောက၏ ကျား-မ ဆိုင်ရာ အခွင့်အရေးနှင့် ပတ်သက်၍ နားလည်မှုကို သိရှိနိုင်ရန်၊ လိင်ပိုင်းဆိုင်ရာ လှောင်ပြောင်မှု ပြကွက်များအပေါ် အဖြေရှာနိုင်ရန် ၊ မြန်မာ့ရုပ်ရှင်လောကအတွက် အထောက်အပံ့တစ်ခုရရှိစေရန်နှင့် ရုပ်ရှင်လောကသားတို့၏ လက်ရှိရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို သိရှိနားလည်နိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် အဆိုပါစာတမ်းကို ပြုစုရခြင်းဖြစ်ကြောင်း သိရသည်။

စာတမ်းပြုစုရာတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ပေးသည့် စာအုပ် စာတမ်းများ ၊ ပြင်ပမှ စုဆောင်းရရှိသည့် အချက်အလက်များနှင့် စာအုပ် ၊ စာတမ်းများကိုလေ့လာခဲ့သည့်အပြင် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း ထုတ်လုပ်ခဲ့သော ရုပ်ရှင်နှင့်ဗီဒီယိုဇာတ်ကားများအနက် ဟာသ၊ အချစ်၊ ဒရာမာ၊ သရဲ၊ အက်ရှင်၊ စုံထောက် စသည့်ဇာတ်ကားများ အပါအဝင် ၈၃ ကားကို ရွေးချယ်ကြည့်ရှုမှုများပြုလုပ်ပြီး လေ့လာဆန်းစစ်မှုများ လုပ်ခဲ့သည်။

ထိုသို့ဆောင်ရွက်မှုကို ၂၀၁၈ ခုနှစ် မတ်လတွင် စတင်ခဲ့ပြီး လေ့လာတွေ့ရှိချက်များကို ပြန်လည်ဆန်းစစ်မှုများ ပြုလုပ်၍ ဇွန်လနောက်ပိုင်းတွင် အစီရင်ခံစာကို ရေးသားနိုင်ခဲ့ကာ အောက်တိုဘာလတွင် အပြီးသတ်နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာ့ရုပ်ရှင် ဆင်ဆာအဖွဲ့ဝင် အနုပညာရှင် ဒေါ်ဆွေဇင်ထိုက်က "ဒီလိုမျိုးစာတမ်းတွေ ဆိုတာ သုံးလ၊ ဒါမှမဟုတ် ခြောက်လလောက်တစ်ကြိမ် Up Date လုပ်ထားလိုက်ရင် ၂၀၂၀ ရုပ်ရှင် နှစ် ၁၀၀ ပြည့်ပွဲကျရင် ဖတ်ဖို့အတွက်စာတမ်းရလာမယ်။ ဒီလိုနည်းနဲ့လည်း စာတမ်းတွေကို စုသွားဖို့ စိတ်ကူးထားတယ်။ ဒီစာတမ်းမှာကြည့်လိုက်ရင်ကိုယ်တွေရဲ့ နည်းနည်းလွဲနေတဲ့ စံတွေ၊ တန်ဖိုးတွေကို ပြန်ပြီးတော့ သုံးသပ်လို့ ရမယ်လို့ ထင်ပါတယ်" ဟု ပြောသည်။

ဆက်လက်၍ ၎င်းက "၂၀၁၅ နောက်ပိုင်း ရုပ်ရှင်တွေထဲမှာ လိင်ပိုင်းဆိုင်ရာခြားနားတဲ့ သူတွေလည်း ပါလာတယ်။ ပါလာတဲ့ ဇာတ်ရုပ်ပိုင်းတွေမှာလည်း တစ်ဖက်စောင်းနင်းဖြစ်နေတာတွေလည်းရှိတယ်။ တချို့ဟာတွေဆိုရင် ဉာဏ်ရည်နိမ့်တဲ့သူမျိုး၊ ရိုင်းစိုင်းတဲ့လူမျိုး ၊ တဏှာရာဂ အားပေးတဲ့ ပုံစံမျိုးတွေ ဖြစ်နေတယ်။ ဒီကနေ့ရုပ်ရှင်ဟာ နောင်အနှစ်သုံးဆယ်ကျရင် မြန်မာလူမျိုးတွေရဲ့ သမိုင်းဖြစ်သွားမယ်။ သမိုင်းအဖြစ်နဲ့ ကိုယ်ကြည့်လိုက်ရတဲ့ ရုပ်ရှင်ဟာ ကိုယ့်လူမျိုးရဲ့ပုံရိပ်က ဆိုးဆိုးရွားရွားနိမ့်နိမ့်ကျကျနဲ့ ဉာဏ်ရည်နိမ့်တဲ့သူတွေ၊ ယဉ်ကျေးမှုမရှိတဲ့သူတွေလို့တော့ အဖြစ်မခံစေချင်ပါဘူး။ ဒါကြောင့် အခုလို စာတမ်းဖတ်လိုက်ရင် ကိုယ်ဘယ်နေရာမှာရောက်နေသလဲဆိုတာ သိမယ်။ ကိုယ်ဘာပြင်ရမလဲဆိုတာတွေကို သိလာနိုင်မှာပါ" ဟု ပြောသည်။

လေ့လာတွေ့ရှိချက်များအရ မြန်မာ့ရုပ်ရှင်လောက၏ ငွေရတုခေတ်တွင် ရုပ်ရှင်၏ ဖော်ပြချက်များမှာ ရိုးစင်းမှုရှိကြောင်း၊ ရွှေရတုခေတ်တွင် အရောင်အသွေးနှင့် အမျိုးအစားစုံလင်လာမှုနှင့်အတူ အမျိုးသမီးတို့ကိုကဏ္ဍစုံမှ ရိုက်ပြလာကြောင်း ၊ စိန်ရတုခေတ်တွင် အရောင်အသွေး ပိုမိုစုံလင်အောင် ရိုက်ပြလာကြောင်း အဆိုပါ စာတမ်းပြုစုသူ ဒေါ်အေးလဲ့ထွန်းကဆိုသည်။

အခမ်းအနားတွင် စာတမ်းပြုစုသူအနေဖြင့် စာတမ်းပြုစုခဲ့မှုနှင့် ပတ်သက်သည့် အကြောင်းအရာများကိုရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူတို့၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားသည်။ **သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဝန်ထမ်းဟောင်းများအနက်မှ အမှန်တကယ်အထောက်အပံ့လိုအပ်သူလေးဦးအား တစ်ဦးလျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် လစဉ်ထောက်ပံ့သွားမည်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းဟောင်းများအနက်မှ အမှန်တကယ် အထောက်အပံ့လိုအပ်သူလေးဦးအား ရွေးချယ်၍ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ စတင်ကာ တစ်ဦးလျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် လစဉ်ထောက်ပံ့သွားမည်ဖြစ်ကြောင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ပြောကြားသည်။



မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းဟောင်းများအသင်းက ကြီးမှူးကျင်းပသည့် အသက် ၈၀ နှစ်နှင့် အထက် ဝန်ထမ်းဟောင်းများအား ဂါရဝ လက်ဆောင်ပေးအပ်ခြင်းနှင့် ဝန်ထမ်းဟောင်းများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားစတူဒီယို (အေ) ခန်းမ၌ ကျင်းပခဲ့ရာ ညွှန်ကြားရေးမှူးချုပ်က ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

အခမ်းအနားတွင် ဝန်ထမ်းဟောင်းများ အသင်းနာယက၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးမြင့်အောင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်၊ အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အသက် ၈၀ နှစ်နှင့်အထက် သက်ကြီးဝန်ထမ်းဟောင်း ၃၁ ဦးကို ဂါရဝ လက်ဆောင်နှင့် အလှူငွေများပေးအပ်ခဲ့သည်။ **(ဝဲပုံ)** ထို့ပြင် ၂၀၁၆ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန် ဆုချီးမြှင့်ပွဲတွင် ထာဝရအမေဇာတ်ကားဖြင့် အသံပိုင်းဆိုင်ရာ ထူးချွန်ဆုရရှိသူ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားစက်မှုဌာနခွဲမှ ဝန်ထမ်းဟောင်း ဦးသိန်းအောင် (အကယ်ဒမီသိန်းအောင်) အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ခဲ့သည်။

ဝန်ထမ်းဟောင်းများအချင်းချင်း ထိတွေ့ဆုံစည်းမှုရှိပြီး နာမကျန်းဖြစ်သည့် ဝန်ထမ်းဟောင်းများကို လူမှုရေး၊ ကျန်းမာရေးဆိုင်ရာ အကူအညီများ ပေးအပ်နိုင်ရန်၊ အခြားလူမှုရေး ပရဟိတဆိုင်ရာလုပ်ငန်းများစုပေါင်းဆောင်ရွက်နိုင်ရန်နှင့် မိခင်ဌာနနှင့် အဆက်မပြတ်စေဘဲ ဌာန၏ လှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်အတွက် ဝန်ထမ်းဟောင်းများအသင်းကို ၂၀၁၂ ခုနှစ် မတ်လတွင် စတင်ဖွဲ့စည်းထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အသံလွှင့်လုပ်ငန်းကို ၁၉၃၇ ခုနှစ်တွင် ရန်ကုန်မြို့ မင်္ဂလာဒုံ (ဝါယာလက်) တွင် စမ်းသပ်ထုတ်လွှင့်ခဲ့သည်။ ၁၉၄၅ ခုနှစ် မေလဆန်း၌ ရန်ကုန်မြို့ ရွှေတောင်ကြားရပ် အင်းလျားမြိုင်လမ်းတွင် ရန်ကုန်ရေဒီယိုဟုအမည်ပေး အသံလွှင့်ခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် ရန်ကုန်ရေဒီယိုမှ ဗမာအသံအမည်သို့ နာမည်ပြောင်းလဲ အသံလွှင့်ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် ဗမာအသံအမည်မှ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး ကိုယ်စားပြုရာ မြန်မာ့အသံအမည်သို့ ပြောင်းလဲအသံလွှင့်ခဲ့သည်။

၁၉၈၀ ပြည့်နှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် ရောင်စုံမြန်မာ့ရုပ်မြင်သံကြား အစီအစဉ်ကို စတင်ထုတ်လွှင့်ခဲ့ကြောင်း သိရသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**

**ဓာတ်ပုံ - လှမိုး**

# ခရစ်ယာန်ဘာသာဝင်လွှတ်တော်ကိုယ်စားလှယ်များ မိတ်သဟာယက ကြီးမှူးကျင်းပသည့် ခရစ္စမတ်အကြို ဝတ်ပြုခြင်းနှင့် ညစာစားပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ခရစ်ယာန်ဘာသာဝင် လွှတ်တော်ကိုယ်စားလှယ်များ မိတ်သဟာယက ကြီးမှူးကျင်းပသည့် ခရစ္စမတ်အကြို ဝတ်ပြုခြင်းနှင့် ညစာစားပွဲ အခမ်းအနားကို ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ သိက္ခာတော်ရ ဆရာတော်ကြီးများ၊ ခရစ်ယာန်ဘာသာဝင် လွှတ်တော်ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် သိက္ခာတော်ရ ဒေါက်တာချယ်ရတီထူးက ခရစ္စမတ်ပွဲတော်ဖြစ်ပေါ်လာပုံနှင့် ပွဲတော်ကျင်းပရခြင်းကို ရှင်းလင်းပြောကြားခြင်း၊ ဆရာတော် ဦးသိန်းထွန်းက အဖွင့်ဆုတောင်းပေးခြင်းနှင့် ဒေါက်တာ ဦးစောထွန်းအောင်မြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်းတို့ကို ဆောင်ရွက်ကြပြီး တေးသံရှင် Ro Bin က ဓမ္မသီချင်းဖြင့် ဘုရားရှင်၏ ဂုဏ်တော်ကို ချီးမွမ်းသည်။

ထို့နောက် သိက္ခာဂုဏ်ဆောင် ဆရာတော် ဒေါက်တာမိုးက သမ္မာကျမ်းစာကိုဖတ်ကြားပြီး ခရစ္စမတ်ဒေသနာတော်ကို ဟောကြားသည်။

ယင်းနောက် သိက္ခာတော်ရဆရာ ဒေါက်တာဦးဗန်ဘီက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်အကြီးအကဲများနှင့် နိုင်ငံသူ၊ နိုင်ငံသားများအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် တိုင်းပြည်အကျိုး၊ နိုင်ငံ့အကျိုးကို ယခုထက် ပိုမိုထမ်းဆောင်နိုင်ပါစေကြောင်းနှင့် ဘုရားရှင် ကောင်းချီးပေးပါစေကြောင်း အထူးဆုတောင်းပေးသည်။

ယင်းနောက် ဦးစိန်အောင်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် သိက္ခာတော်ရ ဒေါက်တာဒေးဗစ်ခိုဘားလ်က ဘုရားရှင်၏ ဂုဏ်တော်ကို ချီးမွမ်းပြီး ကောင်းချီးမင်္ဂလာဆုတောင်းပေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **သတင်းစဉ်**



# ၂၀၁၈ ခုနှစ် မြန်မာနိုင်ငံ ကျေးရွာသစ်လှုပ်ရှားမှုခေါင်းဆောင်များ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**သန်လျင် ဒီဇင်ဘာ ၁၆**

ကိုရီးယားနိုင်ငံ Korea Saemaul Undong Training Center (KSMU)နှင့် သမဝါယမတက္ကသိုလ် (သန်လျင်)တို့ ပူးပေါင်းဆောင်ရွက်သော ၂၀၁၈ ခုနှစ် မြန်မာနိုင်ငံ ကျေးရွာသစ်လှုပ်ရှားမှုခေါင်းဆောင်များ အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့က သမဝါယမတက္ကသိုလ် (သန်လျင်) ဥတ္တရဆောင်ခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် (သမဝါယမကဏ္ဍ) နှင့် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ငွေ တက်ရောက်၍ အမှာစကားပြောကြားသည်။ **(ယာပုံ)**





ဆက်လက်၍ သမဝါယမတက္ကသိုလ် (သန်လျင်) ပါမောက္ခချုပ် ဒေါက်တာရီရီဝင်းက ၂၀၁၈ ခုနှစ် မြန်မာနိုင်ငံ ကျေးရွာသစ်လှုပ်ရှားမှုခေါင်းဆောင်များ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းတင်ပြ**

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ကျေးရွာသစ် လှုပ်ရှားမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ကျေးရွာများဖြစ်သည့် ဘော့သပြေကန်ကျေးရွာ၊ ဆေးလုံးကြီးကျေးရွာ၊ ချောင်းစောက်ကျေးရွာ၊ ဘယက်ကျေးရွာနှင့် ငါးပြေမကျေးရွာတို့မှ မိမိတို့ကျေးရွာအလိုက် ကျေးရွာသစ်လှုပ်ရှားမှု လုပ်ငန်းများ ဆောင်ရွက်နေမှုကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။ ကျေးရွာငါးရွာ၏ ကျေးရွာသစ်လှုပ်ရှားမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြချက်များအပေါ် အကဲဖြတ်အမှတ်ပေး၍ ဆုများချီးမြှင့်နိုင်ရန်အတွက် အကဲဖြတ်အမှတ်ပေးဒိုင်များအဖြစ် ပါမောက္ခချုပ် ဒေါက်တာရီရီဝင်း၊ ဒုတိယ ပါမောက္ခချုပ်(စီမံ)ဦးဦးတင်သိန်း၊ Mr. Kim Jin Taek (SMU Coordinator)၊ သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်းနှင့် တွဲဖက်ပါမောက္ခ ဒေါ်လဲ့မွန်သိန်းတို့က ဆောင်ရွက်ခဲ့ကြသည်။

**အကဲဖြတ်အမှတ်ပေး**

အကဲဖြတ် အမှတ်ပေးဒိုင်များက ကျေးရွာများ၏ ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းများ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ အနီးအနားကျေးရွာများအပေါ် အပြုသဘောဆောင်သော လွှမ်းမိုးနိုင်မှု၊ ရေရှည်တည်တံ့အောင် စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်မှု၊ စီမံကိန်းတွင် ကျား/မ မရွေး ပါဝင်ဆောင်ရွက်နိုင်မှု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်စွမ်းရှိသော နည်းစနစ်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ကျေးရွာသစ် လှုပ်ရှားမှု (Saemaul) ၏ လက္ခဏာရပ်များအပေါ် မူတည်၍ အကဲဖြတ်အမှတ်ပေးပြီး ဆုများကိုရွေးချယ်ခဲ့ရာ ဆေးလုံးကြီးကျေးရွာ SMU အဖွဲ့က ပထမ၊ ချောင်းစောက်ကျေးရွာ SMU အဖွဲ့က ဒုတိယ၊ ဘယက်ကျေးရွာ SMU အဖွဲ့က တတိယ၊ ငါးပြေမကျေးရွာ SMU အဖွဲ့နှင့် ဘော့သပြေကန်ကျေးရွာ SMU အဖွဲ့က နှစ်သိမ့်ဆုများ ရရှိခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရာ ဆုရရှိသောကျေးရွာများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါအလုပ်ရုံ ဆွေးနွေးပွဲသို့ အမြဲတမ်းအတွင်းဝန် (သမဝါယမကဏ္ဍ) နှင့် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ကျေးရွာများမှ SMU အဖွဲ့ဝင်များ စုစုပေါင်း ၄၀၀ ခန့် တက်ရောက်ခဲ့ပြီး တက်ရောက်လာသူများကို ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လားရှိုးမြို့တွင်းလမ်းများ အဆင့်မြှင့်တင် နိုင်လွန်ကတ္တရာခင်း

**လားရှိုး ဒီဇင်ဘာ ၁၆**

ရှမ်းပြည်နယ်မြောက်ပိုင်း၏ မြို့တော် လားရှိုးမြို့ကို ပြည်နယ် မြို့တော်အင်္ဂါရပ်နှင့်ညီညွတ်စေရန်အတွက် မြို့တွင်းလမ်းများအား မူလလမ်း ကတ္တရာနှစ်လမ်းသွားမှ လေးလမ်းသွား နိုင်လွန်ကတ္တရာခင်းခြင်းကို ရှမ်းပြည်နယ်မြောက်ပိုင်း လမ်းဦးစီးဌာန၊ လားရှိုးခရိုင်နှင့် မြို့နယ်လမ်းဦးစီးဌာနတို့က ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစ၍ မူလကတ္တရာနှစ်လမ်းသွားကို လေးလမ်းသွား ချဲ့ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြို့တွင်းလမ်းများဖြစ်သော လားရှိုးဘူတာရုံလမ်း (မြို့တော်ခန်းမအဝိုင်းမှ ဘူတာဈေးအထိ) နှစ်မိုင် နှစ်ဖာလုံအား လေးလမ်းသွား နိုင်လွန်ကတ္တရာ (AC) ခင်းခြင်းလုပ်ငန်းကို ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ခရိုင်နှင့် မြို့နယ်လမ်းဦးစီးဌာနတို့က ဆောင်ရွက်ခဲ့ပြီး လားရှိုး-မန်စံလမ်း (နမ္မတူမီးပွိုင့်မှ ဂေါက်ကွင်းရှေ့အထိ) လမ်းပိုင်းအား လမ်းတည်ဆောက်ရေးအဖွဲ့(၁) နှင့် လမ်းအထူးအဖွဲ့(၆)တို့က ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



ကျန်ရှိနေသည့် မြို့တွင်းကတ္တရာနှစ်လမ်းသွားများကို လေးလမ်းသွား နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းအား ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်၌ ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေများဖြင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ခရမ်းစိုးမြင့်**

# လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

ထူးခြားသည့် ညအပူချိန်များမှာ ပူတာအိုမြို့တွင် ၈ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့နှင့် လွိုင်လင်မြို့တို့တွင် ၉ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၀ ဒသမ ၆၇ လက်မနှင့် ဗန်းမော်မြို့တွင် ၀ ဒသမ ၀၈ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# နေပြည်တော် ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီးတွင် စဉ်ဆက်မပြတ် ပညာရပ်ဆိုင်ရာဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန နေပြည်တော် ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီးတွင် စဉ်ဆက်မပြတ် ပညာရပ်ဆိုင်ရာ ဆွေးနွေးခြင်း Continuing Traditional Medicine Education (CTME) အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးကျော်စိုးက အမှာစကားပြောကြားပြီး ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီးမှ ဒုတိယတိုင်းရင်းဆေးမှူး ဦးညီညီအောင်က အကျိတ်နာ ခေါင်းစဉ်ဖြင့် ဆွေးနွေးသည်။ ယနေ့ပြုလုပ်သည့် စဉ်ဆက်မပြတ်ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲကို တိုင်းရင်းဆေးမှူး ဒေါ်အေးမြသီဂီ၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး အခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့် တိုင်းရင်းဆေးရုံကြီးမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ် (မန်းတက္ကသိုလ်)**



**အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်)တွင် (၁၃) ကြိမ်မြောက် ပန်းပွဲတော်အား ဒီဇင်ဘာ ၁၅ ရက်မှ စတင် ကျင်းပလျက်ရှိရာ ပွဲတော်ဒုတိယနေ့ဖြစ်သည့် ဒီဇင်ဘာ ၁၆ ရက်က ရာသီဥတုအုံ့ဆိုင်းပြီး မိုးနှင်းအနည်းငယ်ကျသော်လည်း မြန်မာပြည်အနယ်နယ်အရပ်ရပ်မှ ပွဲတော်လာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။** မောင်ယဉ်ကျေး

# ရခိုင်တိုင်းရင်းသားတို့ အစဉ်အလာမပျက် ကျင်းပလာသည့် ရခိုင်ရိုးရာ ကျင်အားကစား နှစ်စဉ်ကျင်းပ

**စစ်တွေ ဒီဇင်ဘာ ၁၆**

ကျားသည် သားကောင်ကို ဖမ်းသည့်အခါ လျင်မြန်သည့်အရှိန်အဟုန်ဖြင့် ဖမ်းသကဲ့သို့ ဖျတ်လတ် လျင်မြန်ရသည့်အတွက် "ကျားလျင်" ဟု ခေါ်ရာမှ ကျင်ဖြစ်လာပြီး ကျင်သန်နှစ်ဦး ဖမ်းလိုက်၊ ခံလိုက်၊ ပစ်ချလိုက်နှင့် မြေသို့ကျအောင် ကစားရသော အတတ်ပညာဖြစ်သည်။

"လူမျိုးတိုင်း လူမျိုးတိုင်းမှာ သူတို့နဲ့ သက်ဆိုင်တဲ့ နေ့ထူးနေ့မြတ်တွေ ရှိပါတယ်။ ရခိုင်ရိုးရာကျင်ကိုင်ပွဲကတော့ ရခိုင်တိုင်းရင်းသားတွေရဲ့ အစဉ်အလာကြီးမားတဲ့ နှလုံးသည်းပွတ် နေ့ထူးနေ့မြတ်တစ်ခုပင် ဖြစ်ပါတယ်" ဟု (၄၄)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသည့် ရခိုင်ရိုးရာကျင်ကိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်က ပြောသည်။

**အစဉ်အလာမပျက် ကျင်းပ**

ရခိုင်ရိုးရာကျင်ကိုင်ပွဲကို ရခိုင်တိုင်းရင်းသားတို့သည် ရှေးယခင်ကတည်းက အစဉ်အလာမပျက် ကျင်းပလာခဲ့ခြင်းဖြစ်ကြောင်း၊ ရခိုင်တိုင်းရင်းသားများ ရိုးရာအစဉ်အလာကို ထိန်းသိမ်းရန်၊ မြတ်နိုးရန်၊ မျိုးဆက်သစ်လူငယ်များ ရိုးရာအမွေအနှစ်များကို တန်ဖိုးထားတတ်လာစေရန် ရည်ရွယ်ချက်များဖြင့် နှစ်စဉ်နှစ်တိုင်း ကျင်းပသွားရန်လိုကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထို့ပြင် ပြည်နယ်ဝန်ကြီး ဦးကျော်လွင်က "ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ်အဖြစ် ကျင်းပတဲ့ ရခိုင်ရိုးရာကျင်ကိုင်ပွဲကို ရခိုင်ပြည်နယ်မှာရှိတဲ့ ပြည်သူ ပြည်သားတွေ အားလုံးစုပေါင်းပြီး ညီညီညာညာ၊ တက်ညီလက်ညီနဲ့ မြို့နယ်တိုင်းမှာ ကျင်းပပေးသင့်တဲ့ ပွဲတစ်ပွဲလည်းဖြစ်ပါတယ်။ ဒီလိုနေ့တွေမှာ ရခိုင်ပြည်နယ်မှာရှိတဲ့ လူငယ်တွေအားလုံးစုစည်းပြီးတော့ ပြည်နယ်ဖွံ့ဖြိုးမှုနဲ့ စည်းလုံးညီညွတ်မှုကို ပြသရမှာဖြစ်ပါတယ်။ အခုလိုပဲ ရိုးရာအစဉ်အလာပွဲတွေကို အားလုံး ညီညီညွတ်ညွတ်နဲ့ လုပ်မယ်ဆိုရင် ရခိုင်ပြည်နယ်နေ့ဟာ တစ်နှစ်ထက်တစ်နှစ် ပိုပြီးတော့ စည်ကားအသက်ဝင်လာမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

ရခိုင်ရိုးရာကျင်ကိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဝဏ်ပါကွင်း၌ ကျင်းပပြီး ရခိုင်ပြည်နယ် လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ ပြည်နယ်အားကစားမှူး ဦးအောင်စောမြ၊ ကျင်ကိုင်ပွဲဖြစ်မြောက်ရေးကော်မတီ အဖွဲ့ဝင်တစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**တစ်ခဲနက်အားပေး**

ဖွင့်ပွဲအခမ်းအနားတွင် ရှုမောဖွယ်ရာ ရခိုင်ရိုးရာ ကျင်ပညာကို ယိမ်းအကပုံစံဖြင့် မြင်းများခြံရံပြီး မင်္ဂလာစည်တော်များ၊ ရိုးရာအတီးအမှုတ်များဖြင့် ဖျော်ဖြေတင်ဆက်ရာ အခမ်းအနားသို့ တက်ရောက်လာသည့် ညှော့ပရိသတ်များက တစ်ခဲနက်အားပေးကြသည်။

"အရင်နှစ်တွေက ရခိုင်ရိုးရာကျင်ကိုင်ပွဲ ဖွင့်ပွဲအခမ်းအနားမှာ တေးသီချင်းတွေနဲ့ ဖျော်ဖြေတင်ဆက်တယ်။ ဒီနှစ် ဖွင့်ပွဲအခမ်းအနားမှာတော့ ကျင်ပညာပြကွက်တွေကို ယိမ်းအကအဖြစ် အစားထိုး တင်ဆက်ပြသတာ ဖြစ်ပါတယ်။ ကျင်ပညာပြကွက်က ၇၄ ကွက်ရှိတယ်။ ကျင်သန်သမားတွေအနေနဲ့ လိုက်နာရမယ့် စည်းကမ်းချက် ၄၄ ချက် ရှိတယ်" ဟု ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးပိုင်က ပြောသည်။

ရခိုင်ရိုးရာကျင်ကိုင်ပွဲတွင် ရွှေတံဆိပ်၊ ငွေတံဆိပ်ဆု စုစုပေါင်း ၁၀၀ ကျော်ခန့် ရရှိထားသည့် ပေါက်တောမြို့နယ် တောင်ညိုရွာမှ အသက် ၆၃ နှစ်ရှိ ဦးမောင်ထွန်းလတ်က "ကျွန်တော်က အသက် ၁၆ နှစ်ကစပြီး ဒုတိယတန်းစားဖြစ်တဲ့ ငွေမောင်းတန်းမှာ စတင် ဝင်ပြိုင်ခဲ့ပါတယ်။ စပြိုင်တဲ့ပွဲမှာပဲ ရွှေတံဆိပ်ဆု ရရှိခဲ့ပါတယ်။ အသက် ၁၉ နှစ်အရွယ်မှာ ပထမတန်းစားဖြစ်တဲ့ ရွှေမောင်းတန်းမှာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပါတယ်။ အသက် ၂၆ နှစ်မှာ ကျန်းမာရေးမကောင်းလို့ အနားယူလိုက်ရပါတယ်။ ယှဉ်ပြိုင်ခဲ့တဲ့ သက်တမ်းတစ်လျှောက် ရွှေတံဆိပ်၊ ငွေတံဆိပ်ပေါင်း ၁၀၀ ကျော် ရရှိခဲ့ပါတယ်။ ကျင်ရဲ့ လျို့ဝှက်ချက်ကတော့ ဗလကြီးတာ ငယ်တာနဲ့ မဆိုင်ပါဘူး။ လေ့ကျင့်ရည်ပြည့်ဝပြီး ပါးနပ်မှုနဲ့ ဆိုင်ပါတယ်"ဟု ပြောသည်။



ကျင်ကိုင်ပွဲတွင် အဓိကအားဖြင့် နှစ်မျိုးနှစ်စားရှိကြောင်း၊ ကျင်၏ အခြေခံအရာဖြစ်သည့် တိုက်ကွက် သို့မဟုတ် အဖမ်းသမား၊ ခုခံကွက် သို့မဟုတ် အခံသမား ဆိုပြီးရှိကြောင်း၊ ကျင်သန်သမားနှစ်ဦးက အတိုက်နှစ်ခါ၊ အခံနှစ်ခါ တစ်လှည့်စီ ယှဉ်ပြိုင်ရကြောင်း၊ တစ်ဖက်သူအား မြေပေါ်သို့ကျအောင် တိုက်ခိုက်နိုင်သည့်သူကို အနိုင်ပေးကြောင်း သိရသည်။

ရခိုင်ရိုးရာကျင်ကိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယတန်းစားဖြစ်သည့် ငွေမောင်းတန်းပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းမှ စတင်ကာ မျိုးဆက်သစ်ဝါသနာရှင် ၃၀၀ ကျော်ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ဒီဇင်ဘာ ၁၇ ရက်တွင် ကျင်းပမည့် ပထမတန်းစားဖြစ်သည့် ရွှေမောင်းတန်း ဖိတ်ခေါ်ပြိုင်ပွဲကို နိုင်ငံတစ်ဝန်းမှ ချန်ပီယံ ကျင်သန် ၄၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ ဆုပေးပွဲကို ဒီဇင်ဘာ ၁၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆုကြေးငွေများ ချီးမြှင့်သွားမည်**

(၄၄)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ရခိုင်ရိုးရာကျင်ကိုင်ပွဲကို စစ်တွေမြို့ ဝဏ်ပါကွင်း၌ ဒီဇင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ ကျင်းပသွားမည် ဖြစ်သည်။ အဆိုပါကျင်ကိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ ပူးတွဲတတိယဟူ၍ ဆုလေးဆု ထည့်သွင်းထားပြီး ရွှေမောင်းတန်းတွင် ပထမဆုအတွက် ငွေကျပ် ၃၂ သိန်း၊ ဒုတိယဆုအတွက် ငွေကျပ် ၂၄ သိန်းနှင့် ပူးတွဲတတိယဆုအတွက် ငွေကျပ် ၁၆ သိန်း ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး ငွေမောင်းတန်းတွင် ပထမဆုအတွက် ငွေကျပ် ၂၄ သိန်း၊ ဒုတိယဆုအတွက် ငွေကျပ် ၁၆ သိန်းနှင့် ပူးတွဲတတိယဆုအတွက် ငွေကျပ် ၁၂ သိန်း ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မော်စီ၊ ကိုမင်း**
**ဓာတ်ပုံ- တင်စိုး**

# စစ်တွေမြို့၌ မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအချက်အလက်ဆိုင်ရာ REDATAM Database အသုံးပြုမှုသင်တန်းပေး

**စစ်တွေ ဒီဇင်ဘာ ၁၆**

ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့နှင့် ပြည်သူ့အင်အားဦးစီးဌာနတို့ ပူးပေါင်း၍ စစ်တွေမြို့ Royal Sittwe ဟိုတယ်၌ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း အချက်အလက်ဆိုင်ရာ REDATAM Database အသုံးပြုမှုသင်တန်းကို ဒီဇင်ဘာ ၁၄ ရက်က ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



သင်တန်းတွင် Daniel Msonda (Census Programme Coordination)က ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ သန်းခေါင်စာရင်းအား မိတ်ဆက်ခြင်း၊ ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့ ပြန်ကြားရေးအရာရှိ ဦးသိန်းဇော်ဦးက ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့၏ မြန်မာနိုင်ငံတွင် ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့အင်အားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်စန္ဒာမြင့်က သန်းခေါင်စာရင်းမေးခွန်းလွှာများအပေါ် ခြုံငုံသုံးသပ်လေ့လာဆွေးနွေးပြီး Ms. Meriedita Tia က အညွှန်းကိန်းများနှင့်စပ်လျဉ်း၍ လေ့လာမှုကို ဆွေးနွေးပို့ချသည်။

ဆက်လက်၍ REDATAM Database Software အသုံးပြုပြီး လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအချက်အလက် ရှာဖွေခြင်းကို သင်တန်းသား သင်တန်းသူများအား လက်တွေ့သင်ကြားပို့ချပေးသည်။

"သင်တန်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ REDATAM Database Software ကို အသုံးပြုပြီးတော့ သန်းခေါင်စာရင်းကို လူတွေအားလုံး လွယ်ကူစွာ သိရှိနားလည်လာဖို့၊ သန်းခေါင်စာရင်းရဲ့ ရရှိလာတဲ့သတင်းအချက်အလက်တွေကို တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နဲ့ မြို့နယ်အဆင့်က လူတွေအားလုံး လျင်လျင်မြန်မြန် အသုံးပြုလာနိုင်ဖို့အတွက် ဖွင့်လှစ်သင်ကြားပေးခြင်း ဖြစ်ပါတယ်" ဟု ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့၏ လူဦးရေနှင့်ဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်းမန်နေဂျာ ဒေါ်ယုမြတ်မွန်က ပြောသည်။

သန်းခေါင်စာရင်းရှိ လူဦးရေနှင့် အိမ်အကြောင်းအရာများ၏ သတင်းအချက်အလက်များကို အခြေခံပြီး စီမံကိန်းများ ရေးဆွဲခြင်း၊ ဘတ်ဂျက်အသုံးစရိတ်ခွဲဝေခြင်း၊ လုပ်ငန်းများ၏ အောင်မြင်မှုကို ပြန်လည်သုံးသပ်ခြင်းနှင့် သတင်းမီဒီယာသမားများအနေဖြင့် မိမိတို့လိုချင်သည့် အချက်အလက်များ ရှာဖွေခြင်း စသည့် လုပ်ငန်းများကို လုပ်ဆောင်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါသင်တန်းသို့ ကုလသမဂ္ဂ အဖွဲ့အစည်းဝင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သတင်းမီဒီယာသမားများ တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့် သန်းခေါင်စာရင်းအချက်အလက် REDATAM Database အသုံးပြုမှုသင်တန်းကို ၂၀၁၈ ခုနှစ်က နေပြည်တော်၌ အစိုးရအဖွဲ့ဝင်များကို ပထမဆုံးအကြိမ် ဖွင့်လှစ် သင်ကြားပေးခဲ့ကြောင်းနှင့် ရန်ကုန်မြို့နှင့် မြစ်ကြီးနားမြို့များရှိ ကုလသမဂ္ဂအဖွဲ့အစည်းဝင်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ သုတေသနကုမ္ပဏီများနှင့် သတင်းမီဒီယာသမားများကို ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**သတင်း-မော်စီ၊ ကိုမင်း**
**ဓာတ်ပုံ-တင်စိုး**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့မှ ၉ ရက်နေ့အထိ တစ်ပတ်အတွင်းထွက်ရှိသော စာအုပ်စာရင်း

*(၁၅ - ၁၂ - ၂၀၁၈ မှ အဆက်)*

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၁၇။ | ကွန်ကရိလမ်းတည်ဆောက်နည်းများနှင့် အခြေခံဒီဇိုင်း သဘောတရား | ဦးစန်းနွယ် (P.E Construction) | ခုနစ်စင်ကြယ် | ၆၅၀၀ |
| ၁၈။ | သတိပြုဖွယ်မေ့စာစု | အရှင်ကေသရ | နှလုံးလှ | ၂၀၀၀ |
| ၁၉။ | မိုးသက်လေနှင် | မောင်ပေါ်ထွန်း | ဘဝတက္ကသိုလ် | ၅၀၀၀ |
| ၂၀။ | ကပ်ကျော်စီးပွားရေး | ခင်မောင်ညို (ဘောဂဗေဒ) | စိတ်ကူးချိုချို | ၂၅၀၀ |
| ၂၁။ | မြေသိမ်းလျော်ကြေးတွက်ချက်ခြင်းနှင့် မြေယာဥပဒေရေးရာ လက်တွေ့အသုံးချစာတမ်းများ | ဦးမောင်မောင်ညွှန့် | Wisdom House | ၂၃၀၀ |
| ၂၂။ | ကိန်းဂဏန်းတစ်လုံးနဲ့ ကမ္ဘာပျက်တော့မှာလားနှင့် သဘာဝပတ်ဝန်းကျင်ဆောင်းပါးများ | ဆရာဝန်လေးတင် | စိတ်ကူးချိုချို | ၂၃၀၀ |
| ၂၃။ | သမီးလေးဖတ်ဖို့ ကာတွန်းများ | အောင်ဆန်းကျော် | မျိုးဆက်သစ် | ၁၅၀၀ |
| ၂၄။ | အတွေးအမြင် အမှတ်(၃၁၆) ၂၀၁၈၊ ဒီဇင်ဘာ | ကလောင်စုံ | ဒေါင်းစာပေ | ၂၅၀၀ |

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၂၅။ | စာကြည့်တိုက်သမားစကားအထွေထွေ | အရှင်မနောဟရ | ယဉ်မျိုး | ၂၅၀၀ |
| ၂၆။ | ဖြည်းဖြည်းလာပါ ...... အို ..... ဇရာ | ဟိန်းလတ် | မဇ္ဈိမ | ၂၅၀၀ |
| ၂၇။ | စစ်မြေပြင်မှ ဖြစ်ရပ်ဆန်းကြယ်များ | ကလောင်စုံ | စိတ်ကူးသစ် | ၃၀၀၀ |
| ၂၈။ | ရေကြောင်းဆိုင်ရာနည်းပညာကွန်ချက်များ | သူရိန်မင်းမော် | Smart | ၈၀၀၀ |
| ၂၉။ | ဖောက်သည်ဆက်ဆံရေး စီမံခန့်ခွဲမှု CRM | မောင်မောင်မြင့်သိန်း | စိတ်ကူးချိုချို | ၂၀၀၀ |
| ၃၀။ | စွန့်စားအောင်မြင်ဂျပန်လုပ်ငန်းရှင်များ | ထွန်းသစ် | စိတ်ကူးချိုချို | ၄၅၀၀ |
| ၃၁။ | ကျွန်တော်လည်း နဂါးဖြစ်သွားပါတယ်နှင့် အွန်လိုင်းဆောင်းပါးများ | ဒေါက်တာခင်မောင်ညို | ဂလိုဘယ်လင်း | ၂၅၀၀ |
| ၃၂။ | မောင်လူအေးမဟုတ်သော မှတ်တမ်းဝင်ဇာတ်လမ်းစဉ်များ | သိပ္ပံမောင်ဝ | စာပေခရီးသွား | ၁၅၀၀ |
| ၃၃။ | စာဖတ်ကြရအောင် | မောင်သာနိုး | ကွမ်းခြံလမ်း | ၂၅၀၀ |

# လူမှုဖူလုံရေးစီမံကိန်းဟာ အများပြောသလို တစ်မျိုးသားလုံးအကျုံးဝင်တဲ့ စီမံကိန်းဖြစ်ရန်ဆိုတဲ့ မျှော်မှန်းချက်ရှိပါတယ်

ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အေး

## လူမှုဖူလုံရေးအကျိုးခံစားခွင့်များနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအတွက် စကားဝိုင်းဆွေးနွေးပွဲ ဒုတိယပိုင်းကျင်းပ

**လူမှုဖူလုံရေးအကျိုးခံစားခွင့်များနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအတွက် စကားဝိုင်းဆွေးနွေးပွဲ ဒုတိယပိုင်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ စကားဝိုင်းဆွေးနွေးပွဲတွင် လူမှုဖူလုံရေးအဖွဲ့ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အေး၊ ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းနု၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ အလုပ်သမားကိုယ်စားလှယ် ဒေါ်ဖြိုးစန္ဒာစိုးနှင့် ILO မှ အရာရှိ ဒေါက်တာ သိန်းသန်းဌေးတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။**



**“လူမှုဖူလုံရေးတစ်ခုတည်းနဲ့ မရဘူး။ အလုပ်ရှင်အဖွဲ့အစည်းရော၊ အလုပ်သမား အဖွဲ့အစည်းရော ကျွန်တော်တို့ကို ဝိုင်းကူပါ။ ကျွန်တော်တို့ လူမှုဖူလုံရေးသည် အရင်နဲ့မတူဘူး။ ဒီထက်ကောင်းအောင် အဖွဲ့ကောင်းဖို့တင်မဟုတ်ဘဲ အလုပ်ရှင်၊ အလုပ်သမားအကျိုးစီးပွားအတွက်ပါ ဥပဒေပါ အကျိုးခံစားခွင့်တွေ၊ ရသင့်ရထိုက်တာတွေ၊ အခွင့်အရေးရအောင် ကြိုးစားဆောင်ရွက်နေတယ်”**

**အစီအစဉ်မှူး။ ။လူမှုဖူလုံရေးအဖွဲ့ရဲ့ လက်ရှိဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တွေမှာ ဘယ်လိုအခက်အခဲတွေ ကြုံနေရပါသလဲ။ တွေ့ကြုံနေရတဲ့ အခက်အခဲတွေကိုလည်း ပြောပြပေးစေလိုပါတယ်။**

**ညွှန်ကြားရေးမှူးချုပ်။ ။**လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်တဲ့နေရာမှာ ၂၀၁၂ ခုနှစ် ဥပဒေကို အကောင်အထည်ဖော်နေရတဲ့ အဖွဲ့လည်း ဖြစ်ပါတယ်။ အဲဒီမှာ စိန်ခေါ်မှုတွေအများကြီးရှိပါတယ်။

**တစ်မျိုးသားလုံး အကျုံးဝင်တဲ့ စီမံကိန်း**

လူမှုဖူလုံရေးစီမံကိန်းဟာ အများပြောသလို တစ်မျိုးသားလုံး အကျုံးဝင်တဲ့စီမံကိန်းဖြစ်ရန်ဆိုတဲ့ မျှော်မှန်းချက်ရှိပါတယ်။ အကောင်အထည်ဖော်နေပါတယ်။ တစ်မျိုးသားလုံး အကျုံးဝင်ဖို့ဆိုရင် အများကြီး လုပ်ဆောင်ဖွယ်ရာ ရှိပါတယ်။ လက်ရှိဆေးရုံတွေ၊ ဆေးခန်းတွေ တိုးချဲ့ရမှာတွေရှိပါတယ်။ အလုပ်ဌာနတွေ၊ အလုပ်သမားတွေလည်း တိုးချဲ့ရပါတယ်။ အဲဒီမှာ Formal Sector ၈ သန်း၊ Informal Sector ၁၄ သန်းရှိပါတယ်။ Formal Sector ကို သွားတယ်ဆိုရင် ကျွန်တော်တို့ Extension Coverage သွားဖို့က လိုအပ်ချက်တွေရှိပါတယ်။ အခြေခံအဆောက်အအုံတွေ တောင့်တင်းခိုင်မာအောင် ကြိုးစားနေပါတယ်။ လက်ရှိသွားနေတဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေမှာတော့ စီမံကိန်းတိုးချဲ့ဖို့အတွက် ဆေးရုံ၊ ဆေးခန်းတွေဆောက်မယ်။ အဲဒီအတွက် မြေနေရာကန့်သတ်ချက်တွေရှိပါတယ်။ နိုင်ငံတော်ဘဏ္ဍာငွေသုံးစွဲရာမှာ အကန့်အသတ်တွေရှိပါတယ်။ နိုင်ငံတော်မှာ Line Under Budget နဲ့ သွားနေရတဲ့အတွက် လိုအပ်တဲ့ စီမံကိန်းတွေ ရေးဆွဲရာမှာ အကောင်အထည်ဖော်ဖို့ ဘတ်ဂျက်တင်တဲ့အခါ စည်ပင် ဘတ်ဂျက်ရှိတယ်။ အလုပ်သမားဝန်ကြီးဌာနသည် ဒီလောက်ပဲ သုံးရမယ်ဆိုတဲ့ ကန့်သတ်လိုက်တာရှိတဲ့အခါ အကောင်အထည်ဖော်ချင်နေတဲ့အရာ အချို့ကျန်သွားတယ်။ လူမှုဖူလုံရေးဟာ အလုပ်ရှင်၊ အလုပ်သမားထည့်ဝင်ကြေးနဲ့ သွားနေတာ။ ဘတ်ဂျက်က နှစ်မျိုးဖြစ်နေတယ်။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနဲ့ မိမိဘဏ္ဍာရန်ပုံငွေရှိတယ်။

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကနေ ကျွန်တော်တို့ဆီမှာရှိတဲ့ ဝန်ထမ်းတွေ၊ စီမံခန့်ခွဲမှုဆိုင်ရာဝန်ထမ်းတွေ၊ ဆေးဘက်ဆိုင်ရာဝန်ထမ်းတွေ လစာတွေ၊ စရိတ်တွေအားလုံးကို နိုင်ငံတော်က ထောက်ပံ့တယ်။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေက သုံးပါတယ်။ အလုပ်ရှင်၊ အလုပ်သမား ထည့်ဝင်ကြေးတွေကိုတော့ ငွေလုံးငွေရင်း အသုံးစရိတ်တွေ၊ သာမန်အသုံးစရိတ်တွေ၊ ဆေးကုသမှုတို့၊ အကျိုးခံစားခွင့်တို့ ပေးတဲ့နေရာတွေမှာ သုံးပါတယ်။ မကွေးတိုင်းဒေသကြီးနဲ့ ပဲခူးတိုင်းဒေသကြီးတွေမှာ ဆေးရုံဆောက်ပေးပါဆိုပြီး တောင်းဆိုတာတွေရှိပါတယ်။ ဒါတွေကို လုပ်ဖို့အတွက် အခက်အခဲက ကျွန်တော်တို့ အခြေခံအဆောက်အအုံတွေ ဆောက်လို့ရတယ်။ ငွေကတင်ပြပြီး ခွင့်ပြုတယ်။ နိုင်ငံတော်ကလည်း ခွင့်ပြုတယ်။ ဒါပေမယ့် ကျွန်တော်တို့ဆီမှာ လိုနေတဲ့ HR ပေါ့။ ကျန်းမာရေးဝန်ထမ်းတွေဟာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကနေ လူမှုဖူလုံရေးကို လွှဲပြောင်းပြီးဆောင်ရွက်ရတာပါ။ ကျွန်တော်တို့လိုအပ်တဲ့ ဝန်ထမ်းတွေကို သူတို့က မပေးနိုင်ဘူး။ ဒါကြောင့် Infrastructure ရှိသော်လည်း ကျန်းမာရေးဝန်ဆောင်မှုပေးမယ့် ကျွမ်းကျင်သူတွေမရှိတော့ လုပ်ရတာခက်တယ်။ တိုးချဲ့ချင်သော်လည်း အကန့်အသတ်တွေ ဖြစ်နေပါတယ်။

**အခက်အခဲနဲ့ စိန်ခေါ်မှု**

ဆေးရုံဆေးခန်းဖွင့်တဲ့နေရာတွေက ၉၆ ခန်းရှိတယ်။ ဆေးရုံ သုံးရုံရှိတယ်။ ဆေးရုံက ပြဿနာမရှိဘူး။ ဆေးခန်း ၉၆ ခန်းဟာ အာမခံအလုပ်သမားတွေနေတဲ့နေရာနဲ့ ဝေးတယ်။ အသုံးပြုဖို့ခက်ပြီး သွားလာရေးခက်ခဲတယ်။ ဒါလေးတွေကို ပြောင်းဖို့လိုအပ်ပါတယ်။ ဆေးခန်းဖွင့်တဲ့အချိန်ကလည်း နံနက် ၉ နာရီခွဲမှာ ဖွင့်တယ်၊ ညနေ ၄ နာရီခွဲမှာ ပိတ်တယ်ဆိုတော့ အလုပ်သမားတွေရဲ့ အလုပ်သွားချိန်နဲ့ တိုက်နေတဲ့အတွက် ဆေးခန်းပြဖို့ ခက်ခဲပါတယ်။ အာမခံအလုပ်သမားတွေဟာ အခုဆိုရင် အတော်လေးများလာတယ်။ ၁၂၅၀၀၀၀ ဖြစ်သွားပြီ။ နဂိုကတည်းကရှိတဲ့ ဆေးခန်းတွေဟာ ဒီအတိုင်းဖြစ်နေတယ်။ ဆေးရုံဆေးခန်းကို အသုံးပြုတဲ့သူက ပိုများလာတယ်။ သို့သော် ကျန်းမာရေးဝန်ထမ်းအခက်အခဲရှိတော့ ဆေးရုံလာစောင့်ရတဲ့အချိန်က ကြန့်ကြာတယ်။ အလုပ်သမားတစ်ယောက်သည် မကျန်းမာလို့ဖြစ်စေ၊ ဒဏ်ရာရလို့ဖြစ်စေ၊ ဆေးခန်းမှာစောင့်ရတာ အချိန်ကြာတယ်။ အချို့ဆို ၄ နာရီ၊ ၅ နာရီလောက် အချိန်ပေးရတယ်။ ဒါတွေကို ပြုပြင်ပြောင်းလဲဖို့ လိုတယ်။

နောက်တစ်ခုက နယ်မြေမှာရှိတဲ့ ဝန်ထမ်းတွေကြုံရတဲ့အခက်အခဲက လူမှုဖူလုံရေးအကြောင်း ဆွေးနွေးဖို့ လာကြတယ်။ ဒါပေမယ့် အလုပ်ဌာနတွေက အလုပ်လုပ်ချိန်မှာ လာဆွေးနွေးတာဖြစ်တဲ့အတွက် အလုပ်ချိန်ပျက်တဲ့အတွက် ခွင့်ပြုဖို့က နည်းနည်းခက်တယ်။ ဒါကြောင့် HR တွေကို စက်မှုဇုန်မှာစုတယ်။ ပြောပြတယ်။ ဒါပေမယ့် သူတို့က ပြန်ရောက်သွားတဲ့အခါ ပြန်ပြောချင်မှလည်းပြောကြတယ်။ ဒီလိုမျိုး လည်ပတ်နေတာတွေကလည်း အခက်အခဲနဲ့ စိန်ခေါ်မှုတွေပါပဲ။

ဒါကြောင့် ကျွန်တော်ပြောချင်တာက ကျွန်တော်တို့က အချိန်ပေးပါ။ ဆွေးနွေးပြောကြားပေးပါ။ ပြီးတော့ အလုပ်သမားမှတ်ပုံတင်တွေလုပ်တဲ့အခါ အလုပ်သမားတွေက စက်ရုံအမျိုးမျိုးမှာ လုပ်ပြီးတော့ မှတ်ပုံတင်အမျိုးမျိုးပြောင်းနေတဲ့အခါမှာ ကျွန်တော်တို့က လုပ်ထုံးလုပ်နည်းဟောင်းနဲ့ သွားနေတော့ အာမခံအလုပ်သမားတွေရဲ့ထည့်ဝင်ကြေးတွေ၊ အကျိုးခံစားခွင့်တွေရှာတဲ့အခါ အခက်အခဲတွေရှိတယ်။ အလုပ်သမားတွေကလည်း မှတ်ပုံတင်တစ်ခုတည်းနဲ့ နှစ်ယောက်၊ သုံးယောက်သုံးပြီးတော့ မှတ်ပုံတင်လုပ်တဲ့အတွက် ဒါလေးတွေလည်း အခက်အခဲဖြစ်ရတယ်။ နောက်ဆုံးတစ်ခုက အိုင်တီစနစ်ကို မဖြစ်မနေသွားဖို့လိုအပ်ပါတယ်။ ဒါမှ ကျွန်တော်တို့ လူမှုဖူလုံရေးက ရှေ့ရောက်မယ်။ Paper Base မလုပ်ဘဲ အိုင်တီစနစ်ကို မဖြစ်မနေသွားသင့်ပါတယ်။

ဒီလို မဖြစ်မနေသွားဖို့အတွက် ကျွန်တော်တို့ လူမှုဖူလုံရေးတစ်ခုတည်းနဲ့ မရဘူး။ အလုပ်ရှင်အဖွဲ့အစည်းရော၊ အလုပ်သမားအဖွဲ့အစည်းရော ကျွန်တော်တို့ကို ဝိုင်းကူပါ။ ကျွန်တော်တို့ လူမှုဖူလုံရေးသည် အရင်နဲ့မတူဘူး။ ဒီထက်ကောင်းအောင် အဖွဲ့ကောင်းဖို့တင်မဟုတ်ဘဲ အလုပ်ရှင်၊ အလုပ်သမားအကျိုးစီးပွားအတွက်ပါ ဥပဒေပါ အကျိုးခံစားခွင့်တွေ၊ ရသင့်ရထိုက်တာတွေ၊ အခွင့်အရေးရအောင် ကြိုးစားဆောင်ရွက်နေတယ်။ ကျွန်တော်တို့ကို ဝိုင်းကူလုပ်ပေးပါလို့ အမြဲတမ်းဆွေးနွေးဆောင်ရွက်နေပါတယ်။

**အစီအစဉ်မှူး။ ။ဆက်လက်ပြီးတော့ အလုပ်ရှင်၊ အလုပ်သမားတွေအနေနဲ့က လူမှုဖူလုံရေးနဲ့ ဆက်ဆံတဲ့အခါမှာ၊ အဖွဲ့ရဲ့ဝန်ဆောင်မှုကို ရယူတဲ့အခါမှာ ဘယ်လိုအခက်အခဲတွေ ရှိနေသလဲဆိုတာကို အလုပ်ရှင်ကိုယ်စားလှယ်ကြီးက အရင်ဆုံး ရှင်းလင်းပြောကြားပေးပါဦး။**

**အလုပ်ရှင်။ ။**ကျွန်တော်ကိုယ်စားပြု ရပ်တည်ပြီးလာတာကတော့ မြန်မာနိုင်ငံစက်မှုလက်မှု ကုန်ထုတ်လုပ်သူများအသင်း အလုပ်ရှင်အဖွဲ့အစည်းပါ။ နောက်တစ်ခုက ကျွန်တော်က တောင်ဒဂုံစက်မှုဇုန်ရဲ့စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌလည်း ဖြစ်ပါတယ်။ ဒါက အလုပ်ရှင်အဖွဲ့အစည်း ဖြစ်ပါတယ်။ အလုပ်ရှင်အဖွဲ့အစည်းတွေက ထွက်တဲ့အသံကို ကျွန်တော်တို့ တာဝန်ရှိသူတွေနဲ့ ပြောခွင့်ကြုံတဲ့အခါ ကြားစေချင်ပါတယ်။

ဒီလူမှုဖူလုံရေးအဖွဲ့ကြီးဟာ စေတနာလည်း အပြည့်အဝရှိပြီး ခိုင်လည်း ခိုင်မာတယ်။ ကြိုးလည်း ကြိုးစားတယ်။ ဒါပေမယ့် ကျွန်တော်တို့ အလုပ်ရှင်တွေရဲ့ အမြင်ကတော့ လူမှုဖူလုံရေးအဖွဲ့ကြီးဟာ လူမှုဖူလုံအောင်လုပ်ရင်းနဲ့ သူကိုယ်တိုင်မဖူလုံဘူး။ သူ့မှာ အကန့်အသတ်တွေ အများကြီးရှိတယ်။ ဒါကလည်း ကျွန်တော်ကိုယ်တိုင် တွေ့မြင်ရတာပါ။ ဒီဆေးရုံ၊ ဆေးခန်းတွေ၊ အထူးသဖြင့် ထိခိုက်ဒဏ်ရာရနိုင်တဲ့ လုပ်ငန်းခွင်နဲ့ဆေးခန်းဟာ တွဲနေရပါမယ်။ ဒါပေမယ့် ဆေးခန်းအချိန်လွဲနေတယ်။ အာမခံအလုပ်သမားတွေနဲ့ နေရာအလှမ်းဝေးတယ်။ ဖြစ်စေချင်တဲ့အနေအထားကတော့ စက်မှုဇုန်တိုင်းမှာ ဆေးခန်းရှိစေချင်တယ်။ တာဝန်ရှိသူတွေ ကြိုးစားတာကိုလည်း သိပါတယ်။ ကြိုးစားနေတဲ့ အနေအထားမှာ ကျွန်တော်တို့ ပြင်ပအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ဆေးခန်းလေးခုရှိပါတယ်။

လှိုင်သာယာ၊ ရွှေပြည်သာ၊ ရွှေလင်ဗန်းစသည်ဖြင့် ပြင်ပအဖွဲ့အစည်းနဲ့ ပေါင်းထားတဲ့ ဆေးခန်းဆိုတော့ အခက်အခဲလည်း နည်းတယ်။ ကျန်းမာရေးဆိုင်ရာဝန်ထမ်းတွေရဲ့ ကျွမ်းကျင်မှုကလည်း သူ့ဘာသာသူလာတာ။ ကျွန်တော်တို့ အလုပ်ရှင်ကတော့ ငွေကြေးထည့်ဝင်ပြီးရင် တာဝန်ကျေပြီလို့ သတ်မှတ်ကြတယ်။ ဒီဟာကလည်း နိုင်ငံမှာ ထူးခြားတဲ့အချက်ပါ။ ဘာကြောင့်လဲဆိုရင် Triple Type အနေအထားကို အလုပ်သမားရေးရာတွေ ဆွေးနွေးရင်ဖြစ်ဖြစ်၊ အခုလို အဖွဲ့အစည်းနဲ့ ဖြစ်ဖြစ် တစ်ဖွဲ့တစ်စည်းတည်းလုပ်တဲ့ နိုင်ငံရှားပါတယ်။ ဒီအလုပ်ရှင်တွေထည့်ဝင်ထားတဲ့ ထည့်ဝင်ငွေပမာဏကလည်း အများကြီးပါ။ Awarness နည်းတယ်ဆိုတာက အလုပ်ရှင်ထည့်ထားတဲ့ငွေ၊ အလုပ်သမားထည့်ထားတဲ့ငွေပမာဏက နှစ်ပေါင်းကြာလာတော့ အများကြီးပဲ။

ဒါပေမယ့် အပြင်ဘက်ပုဂ္ဂိုလ်တွေက ဘာမြင်သလဲဆိုရင် လူမှုဖူလုံရေးအဖွဲ့ဆိုတာ ဆေးကုတာပဲ မြင်တယ်။ ဆေးကုသစရိတ်တွေလောက်နဲ့ ဘယ်လောက်ကုန်မှာမို့လို့လဲ။ သူတို့ လက်ထဲမှာ ငွေတွေဟာ အလုံးလိုက် အခဲလိုက် ရှိနေတယ်ဆိုတဲ့ အနေအထားကို မြင်လာတယ်။ အဲဒီအနေအထားဆိုရင် ကျွန်တော်တို့က ဒီဟာကိုမသုံးရင် ဘယ်လိုဟာတွေ သုံးလိုက်မယ်ဆိုပြီး အတွေးပေါ်လာကြတယ်။ အမှန်က အဲဒီလိုမဟုတ်ပါဘူး။ ဒီလူမှုဖူလုံရေးအဖွဲ့ဆိုတာ အာမခံစနစ်မှာလည်း သူသည်အလုပ်မလုပ်နိုင်တော့တဲ့ အချိန်၊ သူသည် ထိခိုက်ဒဏ်ရာရရှိသည့်အချိန်၊ သူသည် အနားယူတော့မယ်ဆိုတဲ့ အချိန်အထိကို လူမှုဆိုင်ရာအာမခံစနစ်တွေပေးနေရမယ်ဆိုတဲ့အချက်ကို မေ့နေကြလို့ပါ။ ဖြည်းဖြည်းချင်းသွားတဲ့ ကုန်ကျမယ့်ငွေတွေက အများကြီးရှိပါတယ်။ လူတစ်ဦးချင်းအတွက် အလုပ်ခွင်တစ်သက်တာပေါ့။ ဥပမာပြောရရင် အသက် ၁၈ နှစ်ကနေ ၅၉ နှစ်အတွက်သာ မဟုတ်ဘူး။ ဟိုဘက်လွန်တဲ့အထိကို လူမှုဖူလုံရေးအဖွဲ့က စဉ်းစားပြီး လက်တွေ့ဆောင်ရွက်နေပါတယ်။

**လူနာတင်ယာဉ်တွေ ထားပေးစေချင်**

မီးဖွားတယ်ဆိုရင်တောင်မှ အကျုံးဝင်ထားသူ အာမခံထားတဲ့ အမျိုးသမီးတင် မကဘူး။ အကျုံးဝင်လုပ်သားဖြစ်နေလို့ အကျုံးဝင်လုပ်သားမဟုတ်တဲ့ အမျိုးသမီးကိုလည်း ခံစားခွင့်ပေးထားတယ်။ ဒါဟာ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ထူးခြားတဲ့အနေအထားဖြစ်ပါတယ်။ အခက်အခဲဆိုတာကတော့ ကျွန်တော်တို့ စက်မှုဇုန်တွေမှာတောင် ဆေးခန်းဖွင့်မယ့်မြေနေရာကို ပေးဖို့ခက်တယ်။ ဒါကလည်း လက်တွေ့ကြုံတွေ့နေရပါတယ်။

တောင်ဒဂုံစက်မှုဇုန်မှာ အခုဆေးခန်းဖွင့်ဖို့ လုပ်နေကြပြီ။ နိုင်ငံတော်အစိုးရဆီကနေ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လက်ခံရရှိထားပြီး ဖြစ်ပါတယ်။ အဲဒီကနေပြီးတော့ လူမှုဖူလုံရေးကို လွှဲပေးဖို့အနေအထားကိုရောက်အောင် တော်တော်လေးခက်ခဲပါတယ်။ ဒါကိုလည်း အောင်မြင်အောင် ကြိုးစားနေပါတယ်။ အလားတူပါပဲ ခရိုင်အလိုက် ဥပမာ- ကျွန်တော်တို့ဆေးရုံ ဘယ်မှာရှိသလဲဆိုရင် ဉာဏဗလကုန်းမြေမှာ ရှိပါတယ်။ ထန်းတပင်မှာ ရှိပါတယ်။ ကျွန်တော်တို့ အရှေ့ပိုင်းခရိုင်၊ မြောက်ပိုင်းခရိုင်မှာရှိတဲ့ လုပ်သားတွေ တစ်ခုခုဖြစ်လို့ ဆေးရုံကိုအားကိုးရမယ်ဆိုရင် တော်တော်လေးကို အခက်အခဲရှိပါတယ်။

အဲဒီအတွက် အရှေ့ပိုင်းခရိုင်မှာ ဆောင်ရွက်နေတာတွေရှိပါတယ်။ ဒီလိုနေရာတွေမှာ Mini Hospital တွေဆောက်ဖို့က မြေနေရာ၊ ကျွမ်းကျင်ဆရာဝန်၊ သူနာပြု စတာတွေက ခက်ခဲနေဆဲပါ။ ဒါကြောင့် ကျွန်တော်တို့က ပုဂ္ဂလိကဆေးရုံတွေဖြစ်ဖြစ်၊ ဆေးခန်းတွေဖြစ်ဖြစ် တစ်ခုခုနဲ့များ တွဲပေးပြီး အချိန်ပြည့် ဆေးခန်းထိုင်ပေးနိုင်မယ့် အနေအထားဆိုရင် တော်တော်လေးအဆင်ပြေမှာမို့ Care ware ဆိုတဲ့ ဆေးခန်းမျိုးတွေ လုပ်ပေးတာပါ။ ကျွမ်းကျင်တဲ့ ပညာရှင်သက်သက်လာပြီး လူမှုဖူလုံရေးအဖွဲ့က ကျသင့်ကျထိုက်တာကို ကုန်ကျသလောက် ငွေရှင်းပေးမယ်။ ဒါကလည်း ကုစားနည်း တစ်မျိုးဖြစ်ပါတယ်။

ခုနကစကားကို ပြန်ကောက်ရရင် လူမှုဖူလုံရေးအဖွဲ့ကြီးကိုယ်တိုင်က လူနာတင်ယာဉ်တွေ ထားပေးစေချင်တယ်။ ဆေးခန်းတွေ တိုးပြီးတော့ ဖွင့်လှစ်ပေးစေချင်တယ်။ ဒါပေမယ့် ဘတ်ဂျက်ဆိုတဲ့ အကြောင်းအရာပေါ်မှာ တာဝန်ရှိသူတွေ၊ လုပ်ငန်းဖော်ဆောင်သူတွေကလည်း တန့်နေပါတယ်။ အဲဒါကိုလည်း ကျွန်တော်တို့ အလုပ်ရှင်တွေ၊ အလုပ်သမားတွေဝိုင်းဝန်းပြီး ဖြေရှင်းလို့ရတဲ့ အနေအထားမှာ အိုင်အယ်လ်အိုတို့လို ဥပဒေရေးရာ ကျွမ်းကျင်ပညာရှင်တွေရဲ့ ထင်မြင်ချက်တွေလည်း ပါဝင်စေချင်တယ်လို့ အလုပ်ရှင်တစ်ဦးအနေနဲ့ ပြောကြားလိုပါတယ်။

**ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး**

**(ဆက်လက်ဖော်ပြပါမည်။)**

(၁၉) ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ
အားကစားပြိုင်ပွဲ - ၂၀၁၈
ဒီဇင်ဘာ ၁၀-၁၉
ဆုတံဆိပ်ရရှိမှု

ရက်စွဲ - ၁၆-၁၂-၂၀၁၈

| အဆင့် | နိုင်ငံအမည် | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ထိုင်း | ၅၀ | ၄၆ | ၃၂ | ၁၂၈ |
| ၂။ | အင်ဒိုနီးရှား | ၄၀ | ၂၆ | ၂၄ | ၉၀ |
| ၃။ | မလေးရှား | ၂၇ | ၄၁ | ၄၀ | ၁၀၈ |
| ၄။ | မြန်မာ | ၁၉ | ၁၉ | ၂၀ | ၅၈ |
| ၅။ | ဗီယက်နမ် | ၁၃ | ၅ | ၅ | ၂၃ |
| ၆။ | စင်ကာပူ | ၅ | ၁၀ | ၁၆ | ၃၁ |
| ၇။ | လာအို | ၄ | ၇ | ၈ | ၁၉ |
| ၈။ | ကမ္ဘောဒီးယား | ၂ | ၄ | ၄ | ၁၀ |
| ၉။ | တီမောလက်စ်တေ | ၂ | | | ၂ |
| ၁၀။ | ဖိလစ်ပိုင် | ၁ | | | ၁ |
| ၁၁။ | ဘရူနိုင်း | | | | |
| | စုစုပေါင်း | ၁၆၃ | ၁၅၈ | ၁၄၉ | ၄၇၀ |

## အမျိုးသမီး Compound မြားပစ်ပြိုင်ပွဲတွင် မြန်မာမြားပစ်အားကစားမယ် စုစုလှိုင် ရွှေတံဆိပ်ဆွတ်ခူး

**နေပြည်တော် ဒီဇင်ဘာ ၁၆**

(၁၉) ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ် အားကစားပြိုင်ပွဲ၏ မြားပစ်ပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းမှစ၍ ဝဏ္ဏသိဒ္ဓိမြားပစ်ကွင်း၌ ကျင်းပရာ မြန်မာမြားပစ်အားကစားမယ် စုစုလှိုင် ရွှေတံဆိပ်ဆုရခဲ့သည်။

ပြိုင်ပွဲဒုတိယနေ့တွင် Compound တစ်ဦးချင်း အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲကျင်းပခဲ့ပြီး စုစုလှိုင်က ရွှေဆုရယူနိုင်ခဲ့ခြင်းဖြစ်သည်။ စုစုလှိုင်သည် ဘိုင်ရသောကြောင့် ကွာတားဖိုင်နယ်အဆင့်မှ စတင်ကစားရပြီး လုလုစံ (မြန်မာ) နှင့် တွေ့ဆုံရာ ၁၃၈-၁၃၇ မှတ်ဖြင့် အနိုင်ရခဲ့သည်။

ဆီမီးဖိုင်နယ်တွင် အီမန် (မလေးရှား) ကို ၁၃၆-၁၃၃ မှတ်ဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲတွင် ထိုင်းကစားသမား ကင်ရာဗီနှင့် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ရသည်။ အမှတ်များ အပြန်အလှန်ယူပြီး စုစုလှိုင်က ၁၃၈ - ၁၃၇ မှတ်ဖြင့် တစ်မှတ်အသာရကာ ရွှေတံဆိပ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ အမျိုးသားပြိုင်ပွဲ ဗိုလ်လုပွဲတွင် မိုဟာမက် (မလေးရှား) က ရှာဝမ် (စင်ကာပူ) ကို အနိုင်ရကာ ရွှေတံဆိပ်ရခဲ့သည်။ ယင်းပြိုင်ပွဲတွင် မြန်မာကစားသမားများ ရလဒ်မကောင်းခဲ့ဘဲ ရှုံးထွက်အဆင့်မှ ထွက်ခဲ့ရသည်။ ယမန်နေ့က ကျင်းပသည့် Recurve အမျိုးသားပြိုင်ပွဲတွင် အင်ဒိုနီးရှားနှင့် အမျိုးသမီးပြိုင်ပွဲတွင် မလေးရှားကစားသမားတို့ ဗိုလ်စွဲခဲ့သည်။

မြားပစ်ပြိုင်ပွဲနောက်ဆုံးနေ့ကို ဒီဇင်ဘာ ၁၇ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး အသင်းလိုက်ပြိုင်ပွဲနှင့် Mix-Team ပြိုင်ပွဲ ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**
**ဓာတ်ပုံ-ကိုကိုစိုးညွန့်**



မြန်မာမြားပစ်အားကစားမယ် စုစုလှိုင် Compound အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ယှဉ်ပြိုင်နေစဉ်။

## (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲများဆက်လက်ကျင်းပ၊ ကရာတေးပြိုင်ပွဲမှ မြန်မာရွှေတံဆိပ်များ ဆွတ်ခူး

**နေပြည်တော် ဒီဇင်ဘာ ၁၆**

မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ သက်ဆိုင်ရာ အားကစားကွင်းနှင့် အားကစားရုံများ၌ ဆက်လက်ကျင်းပသည်။

ယနေ့အားကစားပြိုင်ပွဲများအဖြစ် အသင်းလိုက် ခတနှင့် အမျိုးသမီးအသင်းလိုက် ခတ ပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုများ ဆွတ်ခူးပေးနိုင်ခဲ့သည်။ ကရာတေး အားကစားနည်းဖြင့် ရွှေတံဆိပ်ဆုများ ဆွတ်ခူးပေးနိုင်ခြင်းနှင့် ပတ်သက်၍ ကရာတေးနည်းပြ ဒေါ်နန်းဆိုင်မိန်းက "ကျွန်မတို့ အမျိုးသမီးကရာတေးမှာ ရွှေတံဆိပ်နှစ်ခု ဆွတ်ခူးနိုင်ခဲ့တဲ့အတွက် အများကြီးဝမ်းသာပါတယ်။ အခုအနိုင်ရလို့ ပျော်ရွှင်သလို ဆုပေးပွဲမှာ နိုင်ငံတော်ပြိုင်ပွဲတွေကျင်းပပြီး လူရွေးတယ်။ ပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်တယ်။ ဖေဖော်ဝါရီလကစပြီး စခန်းသွင်းလေ့ကျင့်တယ်။ ကရာတေးအဖွဲ့ချုပ် ဥက္ကဋ္ဌကလည်း ဒီအတောအတွင်းမှာ နိုင်ငံတကာအတွေ့အကြုံရဖို့နဲ့ ကြိုတင်ပြင်ဆင်မှုအနေနဲ့ တက္ကသိုလ်ကျောင်းသား အားကစားသမားတွေကိုပဲခေါ်ပြီး ထိုင်းနိုင်ငံမှာ ကျင်းပတဲ့ပြိုင်ပွဲတစ်ခုကို သွားရောက်ယှဉ်ပြိုင်ခဲ့တယ်။ ထိုင်းနိုင်ငံမှာ ယှဉ်ပြိုင်တယ်။ အင်ဒိုနီးရှားကစားသမားဆိုရင် လက်ရွေးစင်ကစားသမားတစ်ယောက်ပါ။ တကယ့် လက်ရွေးစင်တွေနဲ့ ယှဉ်ပြိုင်ခဲ့ရပြီး ခက်ခက်ခဲခဲရရှိခဲ့တာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အင်ဒိုနီးရှားကိုဆီမီးဖိုင်နယ်မှာ အနိုင်ယူပြီး မလေးရှားကို ဖိုင်နယ်မှာ အနိုင်ယူခဲ့တာပါ" ဟု ပြိုင်ပွဲအတွေ့အကြုံများကိုလည်း ပြန်လည်ပြောကြားသည်။



မြန်မာကရာတေးဒိုအသင်း အမျိုးသမီး အသင်းလိုက် ခတ ပြိုင်ပွဲ ယှဉ်ပြိုင်နေစဉ်။
ဓာတ်ပုံ-စိုးညွန့်



မောင်မင်းဟိန်းခန့်



ဦးအောင်ကျော်စိုး



မသဇင်အေး



ဒေါ်နန်းဆိုင်မိန်း

နံနက် ၉ နာရီမှ စတင်၍ ဂေါက်သီး၊ ပိုက်ကျော်ခြင်း၊ မြားပစ်၊ ပီတန်း၊ ပြေးခုန်ပစ်၊ ဘတ်စကက်ဘော၊ ကရာတေး၊ လှေလှော်၊ စားပွဲတင်တင်းနစ်၊ ဗိုဗီနမ်၊ စစ်တုရင်နှင့် ဘောလုံးပြိုင်ပွဲများကို ကျင်းပခဲ့ပြီး တက္ကသိုလ်ကရာတေးအားကစားပြိုင်ပွဲတွင် မြန်မာအသင်းအနေဖြင့် ရွှေတံဆိပ်လေးခုကို ဆွတ်ခူးပေးနိုင်ခဲ့သည်။

မြန်မာအသင်းအနေဖြင့် ကရာတေးပြိုင်ပွဲ၏ အမျိုးသားတစ်ဦးချင်း ခတ၊ အမျိုးသမီး တစ်ဦးချင်း ခတ၊ အမျိုးသား အလံတင်တဲ့အခါလည်း ပိုပျော်မိမှာပါ။ ကိုယ့်နိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပတာဖြစ်တော့ ကျွန်မတို့ ကရာတေးအသင်းအနေနဲ့ တာဝန်မကျေမှာလည်း စိုးရိမ်ခဲ့တယ်။ ဒါပေမယ့် အားလုံးကြိုးစားခဲ့တဲ့အတွက် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွေမှာ ရွှေတံဆိပ်လေးခုကို ဆွတ်ခူးနိုင်ခဲ့တယ်" ဟုပြောသည်။

ဆက်လက်၍ ၎င်းက "ကြိုတင်ပြင်ဆင်မှုတွေအနေနဲ့ အစောကြီးကတည်းက လက်ဦးမှုယူပြီး လေ့ကျင့်ခဲ့ပါတယ်။ တက္ကသိုလ်ပေါင်းစုံ ကရာတေး ခဲ့တဲ့အတွေ့အကြုံတွေကပဲ အခုပြိုင်ပွဲမှာ ရွှေတံဆိပ်ရအောင် အများကြီး ပံ့ပိုးပေးနိုင်ခဲ့တာဖြစ်ပါတယ်။ အဖွဲ့ချုပ်အနေနဲ့လည်း အားကစားသမားတွေအပေါ်မှာ ယုံကြည်မှုရှိရှိနဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ခဲ့တဲ့အတွက်လည်း အခုလိုအောင်မြင်မှုအသီးအပွင့်တွေ ခံစားနိုင်ခဲ့တာပါ။ သူတို့ကိုလည်း တစ်နှစ်လုံးမှာ ကိုယ်လေ့ကျင့်ခဲ့တာတွေဟာ ဒီနေ့အတွက် ဖြစ်တယ်။ ဒါကြောင့် အားသွန်ခွန်စိုက်နဲ့ ကြိုးစားကြဖို့ အမြဲပြောပါတယ်" ဟု ပြောသည်။

အသင်းလိုက်နှင့် တစ်ဦးချင်းပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုများ သိမ်းပိုက်နိုင်ခဲ့သည့် ကရာတေး အားကစားသမား မောင်မင်းဟိန်းခန့်က "ဒီရွှေဆုကို မျှော်လင့်နေတာ ကြာခဲ့ပါပြီ။ မြန်မာနိုင်ငံမှာ ကျင်းပခဲ့တဲ့ ဆီးဂိမ်းပြိုင်ပွဲမှာတုန်းက ဒီရုံ၊ ဒီနေရာမှာ ငွေတံဆိပ်တွေကိုသာ ရရှိခဲ့တာပါ။ ဒီနေ့မှာတော့ နိုင်ငံအတွက် ဆီးဂိမ်းမှာ မရယူပေးနိုင်ခဲ့တဲ့ ရွှေဆုတွေနဲ့ ပြန်လာနိုင်ခဲ့ပါပြီ" ဟု ရွှေတံဆိပ်ဆုကို ကိုင်၍ ဂုဏ်ယူစွာဖြင့် ပြောသည်။

ထို့ပြင် "အခက်ခဲ ပြိုင်ဘက်တွေကတော့ အင်ဒိုနီးရှားနဲ့ မလေးရှားဖြစ်ပါတယ်။ အင်ဒိုနီးရှားကစားသမားဆိုရင် လက်ရွေးစင်ကစားသမားတစ်ယောက်ပါ။ တကယ့် လက်ရွေးစင်တွေနဲ့ ယှဉ်ပြိုင်ခဲ့ရပြီး ခက်ခက်ခဲခဲရရှိခဲ့တာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အင်ဒိုနီးရှားကိုဆီမီး ဖိုင်နယ်မှာ အနိုင်ယူပြီး မလေးရှားကို ဖိုင်နယ်မှာ အနိုင်ယူခဲ့တာပါ" ဟု ပြိုင်ပွဲအတွေ့အကြုံများကိုလည်း ပြန်လည်ပြောကြားသည်။

ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့သည့် တက္ကသိုလ်အားကစားသမားများဖြစ်လာစေရန် ထိန်းကျောင်းသင်ပြခဲ့သည့် ကရာတေးနည်းပြ ဦးအောင်ကျော်စိုးက "ရွှေတံဆိပ်တွေ ရယူနိုင်ခဲ့တဲ့အတွက် အများကြီးဝမ်းသာပါတယ်။ နိုင်ငံအတွက် ရွှေတံဆိပ်ဆုတွေ ရယူပေးခဲ့တဲ့ အားကစားသမားတွေအတွက်လည်း ဂုဏ်ယူမိပါတယ်။ တစ်နှစ်နီးပါး အချိန်ယူလေ့ကျင့်ခဲ့ပါတယ်။ အတွေ့အကြုံရဖို့ ပြည်တွင်းအားကစားပြိုင်ပွဲတွေမှာလည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့တယ်။ သူတို့ကို လေ့ကျင့်ချိန်တွေမှာ ဆူလိုက် မာန်လိုက်ရှိတယ်။ သူတို့ မျက်နှာငယ်သွားတာမျိုးရှိတယ်။ ဒါပေမယ့်လည်း အောင်မြင်မှုကို ရရှိစေချင်တော့ သူတို့ကောင်းဖို့အတွက် လုပ်ရတာတွေရှိတယ်။ အမြဲတမ်း အားပေးစကားတွေပြောတယ်" ဟု နည်းပြနှင့်ကစားသမားအကြား လေ့ကျင့်သင်ကြားမှုများကို ပြောကြားသည်။

နိုင်ငံအတွက် ရွှေတံဆိပ်များရယူပေးနိုင်ခဲ့သည့် ကရာတေးအားကစားမယ် မသဇင်အေးက "ဒီကရာတေးပြိုင်ပွဲမှာ အမျိုးသမီးတစ်ဦးချင်း ခတ ပြိုင်ပွဲနဲ့ အမျိုးသမီးအသင်းလိုက် ခတ ပြိုင်ပွဲတွေမှာ ရွှေတံဆိပ်ဆုတွေရရှိခဲ့တာပါ။ ကိုယ့်နိုင်ငံက အိမ်ရှင်အဖြစ်နဲ့ ကိုယ့်မြေ၊ ကိုယ့်ပရိသတ်ရှေ့မှာ ယှဉ်ပြိုင်ရတော့ ရွှေတံဆိပ်ဆုလိုချင်မိတယ်။ ရွှေတံဆိပ်ဆု ရယူနိုင်ခဲ့လို့လည်း ပျော်ရွှင်မိပါတယ်။ ကိုယ့်နိုင်ငံအတွက် ရွှေတံဆိပ်ဆုရယူပြီး ကိုယ့်နိုင်ငံအလံကို အားလုံးက အလေးပြုကြတာကိုလည်း ဂုဏ်ယူတယ်" ဟု ၎င်း၏ ပျော်ရွှင်ခံစားရမှုများကို ပြောသည်။

မြန်မာနိုင်ငံ တက္ကသိုလ်ကရာတေးအသင်းအနေဖြင့် ၅၀ ကီလိုအောက် အတိုက်ပြိုင်ပွဲနှင့် အသင်းလိုက် အတိုက်ပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးသူဟိန်း**
**ဓာတ်ပုံ-ကျော်ဇင်ထိုက်**

## အရှေ့တောင်အာရှတက္ကသိုလ်များ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာဂေါက်သီးရိုက်အဖွဲ့ ရွှေတစ်ခုရရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

နေပြည်တော်ရှိ မြို့တော်ဂေါက်ကွင်း၌ ကျင်းပသည့် (၁၉) ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးနေ့ကို ယနေ့နံနက်ပိုင်းက ပြုလုပ်ရာ မြန်မာဂေါက်သီးအဖွဲ့က ရွှေတစ်ခု၊ ငွေတစ်ခုရရှိခဲ့သည်။

မြန်မာဂေါက်သီးအဖွဲ့သည် တစ်ဦးချင်းပြိုင်ပွဲတွင် ဆုတံဆိပ်ရယူနိုင်ခြင်းဖြစ်ပြီး အသင်းလိုက်ပြိုင်ပွဲတွင် ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် လှိုင်မင်းထက်က သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျှော့ရိုက်ကာ ဗိုလ်စွဲခဲ့ပြီး နိုပိုရတ် (ထိုင်း)က သတ်မှတ်ရိုက်ချက်အတိုင်း ရိုက်ကာ ငွေတံဆိပ်၊ အီဇာရတ် (ထိုင်း)က ငါးချက်ပိုရိုက်ကာ ကြေး တံဆိပ်ရခဲ့သည်။

အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာမှ ကေရီဝင်းထွန်းက သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်ပိုကာ ငွေတံဆိပ်ရခဲ့ပြီး ဂျီတာဆာရီ (ထိုင်း) က သတ်မှတ်ရိုက်ချက်ထက် ငါးချက်ပိုရိုက်ကာ ရွှေတံဆိပ်၊ ရာဇစ် (မလေးရှား) က သတ်မှတ် ရိုက်ချက် ၁၄ ချက်ပိုရိုက်ကာ ကြေးတံဆိပ်ရခဲ့သည်။

အသင်းလိုက် အမျိုးသားပြိုင်ပွဲတွင် ထိုင်းအသင်းက ရွှေတံဆိပ်၊ မလေးရှားအသင်းက ငွေတံဆိပ်၊ အမျိုးသမီးပြိုင်ပွဲတွင် မလေးရှားအသင်းက ရွှေတံဆိပ်၊ ထိုင်းအသင်းက ငွေတံဆိပ်ရခဲ့သည်။

**ညီမြတ်သော်တာ**

❒ *ကျော်ဖုံးမှ*

မြန်မာနှင့် ထိုင်းအသင်းသည် ဗိုလ်လုပွဲတွင် ထပ်မံတွေ့ဆုံမည်ဖြစ်သည်။ မြန်မာအသင်းသည် မလေးရှားနှင့် ဂိုးမရှိသရေကျခဲ့သည့် ပွဲမှ ပွဲထွက်လူစာရင်းကို အပြောင်းအလဲလုပ်ခဲ့ပြီး ထိုင်းအသင်းကို ရင်ဆိုင်ခဲ့သည်။

မြန်မာအသင်းသည် မဖြစ်မနေအနိုင်ရရန် လိုအပ်နေသဖြင့် တိုက်စစ်ဖွင့်ကစားသော်လည်း တိုက်စစ်တွင် လိုအပ်ချက်များနေသောကြောင့် ထိုင်းနောက်တန်းကို ထင်သလောက်မထိရောက်ခဲ့ပေ။ ထိုင်းအသင်း၏ ထိုးဖောက်မှုများကိုလည်း မြန်မာနောက်တန်းဖျက်ထုတ်နိုင်ခဲ့သည်။ ၃၉ မိနစ်တွင် မြန်မာအသင်း အနိုင်ဂိုးရခဲ့ပြီး တိုက်စစ်မှူး ညီညီအောင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ထိုင်းအသင်းက ချေပဂိုးရရန် ကြိုးပမ်းသလို မြန်မာအသင်းကလည်းအနိုင်ရလဒ်ကိုထိန်းရန် ကြိုးပမ်းခဲ့သည်။ ၅၅ မိနစ်တွင် မြန်မာအသင်းမှ ရဲမင်းဦး နှစ်ဝါ၊ တစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရ၍ မြန်မာအသင်း တစ်ယောက်လျော့ဖြင့် ကစားရသော်လည်း ပွဲအပြီးထိ အနိုင်ရလဒ်ကို ထိန်းကစားခဲ့သည်။

အုပ်စုပွဲများအပြီးတွင် ထိုင်းအသင်းက ကိုးမှတ်ဖြင့် အုပ်စုပထမ၊ မြန်မာအသင်းက ရှစ်မှတ်ဖြင့် အုပ်စုဒုတိယရကာ ဗိုလ်လုပွဲတက်ရောက်ခဲ့ပြီး လာအိုနှင့် မလေးရှားအသင်းမှာ တတိယလုပွဲ ကစားရမည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပသည့်ပုံစံအရ ပတ်လည်စနစ်ဖြင့် ကစားပြီး အမှတ်အများဆုံးနှစ်သင်းမှာ ဗိုလ်လုပွဲ၊ အဆင့် ၃/၄ နေရာရအသင်းမှာ တတိယလုပွဲကစားရမည် ဖြစ်သည်။ ဗိုလ်လုပွဲနှင့် တတိယလုပွဲကို ဒီဇင်ဘာ ၁၈ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ဒုတိယအကြိမ် POCARI SWEAT RUN မာရသွန်အပြေးပြိုင်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ ကူညီမှုဖြင့် ဒုတိယအကြိမ်မြောက် POCARI SWEAT RUN 2018 မာရသွန်ပြိုင်ပွဲကို ယနေ့နံနက် ၅နာရီခွဲက ရန်ကုန်မြို့ကျိုက္ကဆံကွင်း အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ပြေးခုန်ပစ်လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ ကျင်းပခဲ့ရာ အားကစားသမား ၄၅၀၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ၂၁ကီလိုမီတာမာရသွန်ကို လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ၁၀ ကီလိုမီတာ မာရသွန်ကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန လူထုအားကစားနှင့် ပညာပေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးဌေးအောင်က ၆ ကီလိုမီတာ မီနီမာရသွန်အပြေးပြိုင်ပွဲကို လည်းကောင်း အသီးသီးတာလွှတ်ပေးခဲ့ကြသည်။

ပြိုင်ပွဲများအပြီး ၂၁ ကီလိုမီတာ



LOCALS အမျိုးသား အမျိုးသမီး မာရသွန်ပြိုင်ပွဲ၌ ပထမအမေရိကန်ဒေါ်လာတစ်ထောင့်ငါးရာ၊ ဒုတိယအမေရိကန်ဒေါ်လာတစ်ထောင်၊ တတိယအမေရိကန် ဒေါ်လာငါးရာနှင့် ၂၁ ကီလိုမီတာ International အမျိုးသား/အမျိုးသမီး ပြိုင်ပွဲတွင် ပထမအမေရိကန်ဒေါ်လာခြောက်ရာ၊ ဒုတိယအမေရိကန်ဒေါ်လာငါးရာ၊ တတိယအမေရိကန်ဒေါ်လာလေးရာတို့အားလည်းကောင်း၊ ၁၀ ကီလိုမီတာ LOCALS အမျိုးသား အမျိုးသမီး မာရသွန်ပြိုင်ပွဲ၌ ပထမအမေရိကန်ဒေါ်လာတစ်ထောင်၊ ဒုတိယအမေရိကန်ဒေါ်လာငါးရာ၊ တတိယ အမေရိကန်ဒေါ်လာနှစ်ရာ့ငါးဆယ်တို့အား လည်းကောင်း၊ ၁၀ ကီလိုမီတာ International အမျိုးသား အမျိုးသမီးပြိုင်ပွဲတွင် ပထမ အမေရိကန်ဒေါ်လာ သုံးရာ၊ ဒုတိယ အမေရိကန်ဒေါ်လာ နှစ်ရာ့ငါးဆယ်၊ တတိယ အမေရိကန်ဒေါ်လာ နှစ်ရာတို့အား လည်းကောင်း၊ ၆ ကီလိုမီတာမီနီမာရသွန် အမျိုးသားအမျိုးသမီးပြိုင်ပွဲတွင် ပထမအမေရိကန်ဒေါ်လာ နှစ်ရာ၊ ဒုတိယ အမေရိကန်ဒေါ်လာ တစ်ရာ၊ တတိယ အမေရိကန်ဒေါ်လာ ငါးဆယ်တို့အားလည်းကောင်း ဆုရရှိကြသည့် အားကစားသမားများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**အာကာစိုး**

○ ကျော်ဖုံးမှ

ထိန်းကစားသွားခဲ့သည်။ ပွဲစဉ်တစ်လျှောက် တစ်ဦးနှင့်တစ်ဦးသူ တစ်ပြန်ကိုယ်တစ်ပြန် ကစားခဲ့သော်လည်း နောက်ဆုံးငါးချီပြည့်သည်အထိ အရှုံးအနိုင်မပေါ်ဘဲ သရေဖြင့်သာ အဆုံးသတ်ခဲ့သည်။

အလားတူအမျိုးသမီး မြန်မာ့ရိုးရာလက်ဝှေ့ချန်ပီယံခါးပတ်လုပွဲတွင်လည်းဘရော်နီကာ(မြန်မာ)နှင့် ဟုန်ထောင်း(ထိုင်း) တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ပွဲစသည်နှင့် ဘရော်နီကာဖွင့်ကစားခဲ့သော်လည်း ဟုန်ထောင်းအနိုင်မခံအရှုံးမပေးစိတ်ဓာတ်ဖြင့် သူတစ်ပြန်ကိုယ်တစ်ပြန် ကြိုးစားယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။

ယင်းပွဲတွင် လေးချီပြည့်သည်အထိ အချီတိုင်း ဘရော်နီကာ ဘယ်ညာလက်သီးတွဲလုံးများဖြင့် ဟုန်ထောင်းကို လိုက်လံထိုးသတ်ခဲ့သော်လည်း အနိုင်၊ အရှုံးမပေါ်ခဲ့ဘဲ သရေဖြင့်သာ ပြီးဆုံးခဲ့သည်။ သူတို့နှစ်ဦး တွေ့ဆုံမှုသည် ယခုဒုတိယအကြိမ်တွေ့ဆုံမှုဖြစ်ပြီး ပထမအကြိမ်တွေ့ဆုံမှုတွင် ဘရော်နီကာအနိုင်ရခဲ့သည်။

ယနေ့ မြန်မာ့ရိုးရာ လက်ဝှေ့ချန်ပီယံလုပွဲတွင် အခြားပွဲစဉ်များ၌ အောက်ချင်းလေးနှင့် အင်းသားတို့မှာလည်းအရှုံး၊ အနိုင်မပေါ်ဘဲသရေကျခဲ့ပြီး ဗျူဟာ(မြန်မာ)နှင့် ဝီထရာ (ထိုင်း)တို့ပွဲတွင်လည်း တစ်ဦးနှင့် တစ်ဦး ရေကုန်ရေခန်းယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်းသရေကျခဲ့သည်။ တစ်ဖန်စောဒါဝိတ်(မြန်မာ)နှင့် မာမွတ် (အီရန်) တို့ပွဲတွင် ဒုတိယအချီမှာပင် မာမွတ်က စောဒါဝိတ်ကို ဆက်လက်ယှဉ်ပြိုင်နိုင်စွမ်းမရှိဘဲ အရှုံးပေးခဲ့ပြီး တိုခဲရို (ဂျပန်)နှင့် ထွန်းမင်းလတ်(မြန်မာ)ပွဲတွင် ပထမအချီ၌ သူတစ်ပြန်ကိုယ်တစ်ပြန် ယှဉ်ပြိုင်ကစားခဲ့သော်လည်း ပွဲချိန်ကြာလာသည်နှင့်အမျှ ထွန်းမင်းလတ် အထိနာခဲ့ပြီး တတိယအချီ ၁ မိနစ် ၃၀ စက္ကန့်တွင် တိုခဲရိုကို ထွန်းမင်းလတ်အလဲထိုးဖြင့် အရှုံးပေးလိုက်ရသည်။

ယနေ့ကျင်းပသော မြန်မာပြည်ချန်ပီယံလုပွဲတွင် သိမ်ဖြူ ရိုးရာလက်ဝှေ့ရုံတစ်ခုလုံး ရုံပြည့်ရုံလျှံလာရောက်ကြည့်ရှုသူများခဲ့ပြီး ပြည်ပနိုင်ငံခြားသားအများစုလည်း လာရောက်ကြည့်ရှုမှုများခဲ့သည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- မန်ယူအသင်းသည် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ပြင်သစ်ကွင်းလယ်ကစားသမား ပေါလ်ပေါ့ဂ်ဘာ (၂၅နှစ်) အား ရောင်းထုတ်သွားဖွယ်ရှိကြောင်း မေရာ၏ ဖော်ပြချက်အရ သိရသည်။
- စပိန်ဘက်ကလာသည့် သတင်းတစ်ခုတွင် ဘာစီလိုနာအသင်းသည် ချယ်လ်ဆီးအသင်းမှ အသက် ၂၂ နှစ်အရွယ် ဒိန်းမတ်ဗဟိုခံစစ်ကစားသမား ခရစ္စတန်ဆန်အား ကမ်းလှမ်းမှုတစ်ရပ်ပြုလုပ်လိုက်ကြောင်း ဖော်ပြထားသော်လည်း ဂိုးဒေါ့ကွန်းတွင်မူ နည်းပြဇယ်လ်ဗာဒီအနေဖြင့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင်ဗဟိုခံစစ်ကစားသမားသစ်အား ခေါ်ယူသွားဖွယ်မရှိကြောင်း ဖော်ပြထားသည်။
- မန်ယူနောက်ခံကစားသမား စမောလင်း(၂၉ နှစ်)သည် အိုးထရက်ဖို့ဒ်၌ နောက်ထပ် တစ်နှစ်သက်တမ်းတိုးခွင့်နှင့်အတူ ၂၀၂၂ ခုနှစ် ဇွန်လအထိရှိမည်ဖြစ်သော စာချုပ်သစ်တစ်ရပ်ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ စမောလင်းသည် ၂၀၁၀ ပြည့်နှစ်တွင် ဖူလ်ဟမ်အသင်းမှ မန်ယူအသင်းသို့ ရောက်ရှိလာသူဖြစ်ပြီး အသင်းအတွက် ပွဲပေါင်း ၃၀၇ ပွဲ ပါဝင်ကစားထားကြောင်း သိရသည်။

**အောင်ဇော်**

## အာဆင်နယ်တို့ ဆောက်သမ်တန်ကို ရှုံးသည့် ပရီမီယာလိဂ် ပွဲစဉ် ၁၇

ယခုအပတ်ပရီမီယာလိဂ်ပွဲစဉ် ၁၇ တနင်္ဂနွေပွဲစဉ်အဖြစ် ဆောက်သမ်တန်နှင့် အာဆင်နယ်တို့ပွဲတွင် ဆောက်သမ်တန်တို့ အာဆင်နယ်ကို အကြိတ်အနယ်ယှဉ်ပြိုင်ကစားပြီး သုံးဂိုး- နှစ်ဂိုးဖြင့် အနိုင်ယူခဲ့သည်။

ဆောက်သမ်တန်တို့ အနိုင်ရရှိရေးအတွက် အိမ်ကွင်း၌ တိုက်စစ်ဖွင့်ကစားခဲ့ပြီး မိနစ် ၂၀ တွင် အင့်က အဖွင့်ဂိုးသွင်းယူခဲ့သည်။ အာဆင်နယ်တို့ကလည်း ချေပဂိုးရရှိရေး ကြိုးစားခဲ့ရာ မစ်ခီတာရန်က ၂၈ မိနစ်တွင် ချေပဂိုးသွင်းယူခဲ့သည်။ ပထမပိုင်းပြီးခါနီး ၄၄ မိနစ်တွင် အင့်ကပင် ဆောက်သမ်တန်အတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။

ဒုတိယပိုင်း ၅၃ မိနစ်တွင် မစ်ခီတာရန်က အာဆင်နယ်အတွက် ဒုတိယချေပဂိုးသွင်းယူပေးခဲ့သည်။ နှစ်သင်းစလုံး အနိုင်ရရှိရေး ကြိုးစားရင်း ၈၅ မိနစ်တွင် ဆောက်သမ်တန်မှ အော်စတင်က အနိုင်ဂိုးသွင်းယူပေးပြီး ပွဲအပြီး သုံးဂိုး- နှစ်ဂိုးဖြင့် ထိုက်ထိုက်တန်တန်အနိုင်ရရှိခဲ့သည်။ ဘရိုက်တန်နှင့် ချယ်လ်ဆီးတို့ပွဲတွင် ချယ်လ်ဆီးက နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဒီဇင်ဘာ ၁၅ ရက်(စနေနေ့) ပွဲစဉ်များတွင် မန်စီးတီးက အဲဗာတန်ကို သုံးဂိုး- တစ်ဂိုး၊ ပဲလေ့စ်က လက်စတာကို တစ်ဂိုး- ဂိုးမရှိ၊ စပါးက ဘန်လေကို တစ်ဂိုး- ဂိုးမရှိ၊ ဝက်ဖို့ဒ်က ကာဒစ်ကို သုံးဂိုး- နှစ်ဂိုး၊ ဝုဖ်က ဘုန်းမောက်ကို နှစ်ဂိုး- ဂိုးမရှိ၊ နယူးကာဆယ်က ဟက်ဒါဖီးကို တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

**သီဟ**




## မြန်မာ့ရုပ်မြင်သံကြား

၁၇-၁၂-၂၀၁၈ (တနင်္လာနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - ပညာရေးစကားဝိုင်း "တက္ကသိုလ်များတွင် ကျောင်းသား ကျောင်းသူများ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ပညာသင်ကြားရေး"
၉း၁၀ - BBC Click

**ညပိုင်း**

၁၆း၂၅ - အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - တတိယနှစ် (သတ္တဗေဒအထူးပြု ) (သတ္တဗေဒ)
၁၈း၃၅ - ဥပဒေရေးရာအဖြာဖြာ "ကမ္ဘာမှာထင်ရှားသော မြန်မာအချို့နှင့် ဥပဒေလောကမှာထင်ရှားသော မြန်မာများ"(စတုတ္ထပိုင်း)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - ဥပဒေစကားဝိုင်း "စာချုပ်စာတမ်းတော် အမိန့်အကြောင်းသိကောင်းစရာ"
- **"(၁၉) ကြိမ်မြောက် အရှေ့တောင် အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲ အစီအစဉ်"**

# ဟိုပုံးမြို့နယ်၌ ဘိန်းဖြူမှုန့် ၂၆၄၀ ဂရမ်ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့မှ သတင်းအရ ဒီဇင်ဘာ ၁၅ ရက် ညနေ ၃ နာရီခန့်တွင် ဟိုပုံးမြို့နယ် လွိုင်လင်-တောင်ကြီးသွား ကားလမ်း မိုင်တိုင် အမှတ်(၁၄၄/၃) လွယ်ဝိုးတုတ်ကျေးရွာအနီး၌ မိုင်းရှူးမြို့မှ တောင်ကြီးမြို့ဘက်သို့ ယာဉ်မောင်း ဇော်လင်းထိုက် မောင်းနှင်သည့် FF/---- ပရိုဘောက်ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရာယာဉ်ပေါ်ပါ ခရီးသည် မပန်းဝါ၊ ဝမ်လွိုင် ကျေးရွာ မိုင်းရှူးမြို့နေသူ၏ ခရီးဆောင်အိတ် နှစ်အိတ်အတွင်းမှ ဆပ်ပြာခွက် ၂၂၀ ဖြင့် ထည့်ထားသည့် ဘိန်းဖြူမှုန့် ၂၆၄၀ ဂရမ် ဒေသတန်ဖိုးငွေကျပ် ၃၉၆၀၀၀၀ အား ဖမ်းဆီးရမိခဲ့သဖြင့် ဟိုပုံးမြို့မရဲစခန်းမှ အမှုဖွင့်စစ်ဆေးလျက်ရှိပြီး ကွင်းဆက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ဒီဇင်ဘာ ၁၅ ရက် ည ၈ နာရီက မူးယစ်တပ်ဖွဲ့စု(၄၂)ရန်ကုန်(အနောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၄၂)ရပ်ကွက် ပီမိုးနင်းလမ်း အမှတ် ၇၉၅ နေ မျိုးမြင့်နှင့် ဇနီးဖြစ်သူ မမေသကြာန်တို့ ငှားရမ်းနေထိုင်သည့် နေအိမ်ကိုရှာဖွေရာ ၎င်းတို့နှစ်ဦးအား မတွေ့ရှိဘဲ အိပ်ခန်းအတွင်းရှိ စက္ကူပုံးနှင့် အိမ်ရှေ့ဘုရားစင်ရှိ ဗီရိုအောက်ခန်းအတွင်းတို့မှ ဘိန်းဖြူ ၀ ဒသမ ၀၂၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၈၀၁၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော် လယ်ဝေးမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀ ခန့် သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်တွင် ဒီဇင်ဘာ ၁၅ ရက်က စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀ ခန့် သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၅ ရက် ညနေ ၃ နာရီခွဲက နေပြည်တော် ရဲတပ်ဖွဲ့၊ မူးယစ်အထူးအဖွဲ့ငယ်မှ ရဲအုပ်နေလင်းကိုကိုသည် ရဲအုပ်သန်းကျော်ဌေး၊ ဒုရဲအုပ်တင်အောင်ထွန်း၊ အေလာနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ကျော်ကျော်ဦးတို့ပါဝင်သော ပူးပေါင်းအဖွဲ့နှင့်အတူ လမ်းထိပ်နှင့် ပျဉ်းမနားမြို့ရှောင်လမ်းထောင့်တွင် ဦးမြင့် (ခ) ဦးမြင့်နိုင်၊ ဦးသန့်ဇင်အောင်၊ ဦးဘိုဘိုဟန် (ခ) ဦးဖိုးကြူနှင့် မနီနီဝင်း (ခ) မနီလာတို့အား MDY 3N / ---- တိုယိုတာလင်ခရူဆာယာဉ်တစ်စီး၊ ဆိုင်ကယ်တစ်စီးတို့နှင့် အတူတွေ့ရှိသဖြင့် စစ်ဆေးခဲ့ရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။



အလားတူ ယင်းနေ့ မွန်းလွဲ ၁၂ နာရီခွဲက ပူးပေါင်းအဖွဲ့များသည် အေလာ၊ တိဏ္ဍာဘုရားရင်ပြင်တွင် ခင်မောင်စိုး (ခ) ကိုစိုး(၃၈ နှစ်)၊ အင်းသာကျေးရွာ လယ်ဝေးမြို့နေသူထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၈ ပြားနှင့် ဆိုင်ကယ်တစ်စီးတို့အား သိမ်းဆည်းခဲ့ပြီး အေလာနယ်မြေရဲစခန်းမှ အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**



# ရေပူစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့ ကျောက်စိမ်းဖြတ်စများသယ်ဆောင်လာသည့်ယာဉ်ကို ဖမ်းမိ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၁၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၇၈၀၊ သွင်းကုန် ၅၅၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၉ စီး၊ သွင်းကုန် အစီး ၁၄၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင် ဘာ ၁၅ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် သန်း ၂၄ ဒသမ ၀၆၀၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၄၆၅ သန်း စုစုပေါင်းတားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈ ဒသမ ၅၂၅ သန်းအား ဖမ်းဆီးရမိခဲ့ရကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဒီဇင်ဘာ ၁၅ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် Nissan AD Van ယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်၏အောက်ကြမ်းခင်းနှင့် ရှေ့နောက်ဘန်တာကြားတွင်အံဝှက်ပြုလုပ်၍ သိုဝှက်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး၊ အပိုင်းအစ၊ ဖြတ်စဆိုဒ်စုံ ၂၀၀ ကီလိုဂရမ်နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂ သန်းကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


VICTORIA UNIVERSITY COLLEGE
ENJOY LEARNING ● ENJOY SUCCESS

ISO 9001: 2015 CERTIFIED

အကောင်းဆုံးကို ရွေးချယ် အပ်နှံတတ်သော မိဘများကြောင့် ကျောင်းသား အင်အားအများဆုံး၊ သင်ကြားမှုအကောင်းဆုံးနှင့် နိုင်ငံတကာ စံချိန်စံညွှန်း ISO 9001:2015 အသိအမှတ်ပြု လက်မှတ်ရ VICTORIA UNIVERSITY COLLEGE မှ ၂၀၁၉ ကျောင်းသား၊ကျောင်းသူသစ် များကို ကြိုဆိုပါသည်။



အခြေခံပညာ အထက်တန်း အောင်မြင်ပြီးသူများအတွက်
(၃)နှစ်အတွင်း BTEC HND နှင့် အင်္ဂလန်အစိုးရပိုင် တက္ကသိုလ်မှ

- BA (Hons) Business Management
- BE (Hons) Electronics & Communications Engineering
- BE (Hons) Mechatronics
- BE (Hons) Civil Engineering
- BSc (Hons) Computer Science
- BSc (Hons) Public Health

ဒီဂရီဘွဲ့ ရရှိမည့် အခွင့်အရေး

ရန်ကုန် နှင့် မန္တလေးမြို့များတွင် ဖွင့်လှစ်မည့် ၂၀၁၉ခုနှစ် ဇန်နဝါရီ တန်းခွဲသစ်အတွက် သင်တန်းသားများ စတင်လက်ခံပြီ။

ကျောင်းသားရေးရာဌာန - ရန်ကုန် – အမှတ် (၁၆၆)၊ MMB Tower၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း ၀၁–၃၈၃၁၃၂၊ ၃၈၃၁၃၃
မန္တလေး – အမှတ် (၁၅၁)၊ ၂၈လမ်း၊ ၇၆ နှင့် ၇၇ လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ ဖုန်း ၀၂၄၀ – ၃၁၁၅၄၊ ၃၉၆၃၃

# အနောက်ဂျေရုဆလင်ကို အစ္စရေးမြို့တော်အဖြစ် အသိအမှတ်ပြုကြောင်း ဩစတြေးလျကြေညာ



ဆစ်ဒနီ၌ ဩစတြေးလျဝန်ကြီးချုပ် စကော့မော်ရစ်ဆင် မိန့်ခွန်းပြောကြားစဉ်။

**ဂျေရုဆလင် ဒီဇင်ဘာ ၁၆**

ဩစတြေးလျနိုင်ငံသည် အနောက်ဂျေရုဆလင်ကို အစ္စရေးနိုင်ငံ၏ မြို့တော်အဖြစ် အသိအမှတ်ပြုကြောင်း ဩစတြေးလျဝန်ကြီးချုပ် စကော့မော်ရစ်ဆင်က ဒီဇင်ဘာ ၁၅ ရက်တွင် ပြောကြားခဲ့ကြောင်း သိရသည်။ သို့သော် ပြေလည်မှုမရရှိသေးသရွေ့ ဩစတြေးလျသံရုံးကို ဂျေရုဆလင်သို့ ရွှေ့ပြောင်းရန်မရှိသေးကြောင်း ၎င်းကပြောသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ပြီးလျှင် ဩစတြေးလျအစိုးရသည် ဂျေရုဆလင်ကို အစ္စရေးနိုင်ငံ၏ မြို့တော်အဖြစ် အသိအမှတ်ပြုလိုက်သည့် အစိုးရတစ်ရပ်ဖြစ်လာခဲ့သည်။ သို့သော် ဝန်ကြီးချုပ်မော်ရစ်ဆင်သည် အရှေ့ဂျေရုဆလင်မြို့ကို ပါလက်စတိုင်း၏မြို့တော်အဖြစ် အသိအမှတ်ပြုကြောင်းကိုလည်း ထုတ်ဖော်ပြောကြားခဲ့သည်။ အစ္စရေးနှင့်ပါလက်စတိုင်း နှစ်နိုင်ငံလုံးက ဂျေရုဆလင်ကို ၎င်းတို့၏မြို့တော်ဖြစ်ကြောင်း အငြင်းပွားလျက်ရှိသည်။

နှစ်နိုင်ငံအကြားဖြစ်ပွားနေသည့် ဂျေရုဆလင်အရေးသည် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် အနှောင့်အယှက်ဖြစ်လာနိုင်သည့်အတွက် ပြည်ပနိုင်ငံအများစုက ၎င်းတို့၏ သံရုံးများကို ရွှေ့ပြောင်းခြင်း မရှိခဲ့ပေ။ သို့သော် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် တယ်လ်အဗစ်ရှိ အမေရိကန်သံရုံးကို ဂျေရုဆလင်သို့ ရွှေ့ပြောင်းလိုက်သည်။

ပြည်တွင်းနှင့် ပြည်ပ မဟာမိတ်နိုင်ငံများမှ နိုင်ငံရေးသမားများနှင့် ဩစတြေးလျတို့ ဆွေးနွေးပွဲများပြုလုပ်ပြီးနောက် မော်ရစ်ဆင်၏ အဆိုပါကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။ ယခုလက်ရှိ ကျင့်သုံးနေသည့် မော်ရစ်ဆင်၏နိုင်ငံခြားရေးမူဝါဒကို အောက်တိုဘာလမှ စတင်ပြောင်းလဲခဲ့ခြင်းဖြစ်ပြီး ယင်းမူဝါဒကို အစ္စလာမ်ဘာသာဝင်အများဆုံးနေထိုင်သည့် ဩစတြေးလျ၏အိမ်နီးချင်း အင်ဒိုနီးရှားနိုင်ငံက မနှစ်မြို့သည့်အတွက် နှစ်ကာလရှည်ကြာစွာ ဆွေးနွေးခဲ့သည့် နှစ်နိုင်ငံ ကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးမှုများ ရပ်ဆိုင်းသွားခဲ့သည်။

ဩစတြေးလျအစိုးရက အင်ဒိုနီးရှားနိုင်ငံသို့သွားရောက်ကြမည့် ဩစတြေးလျပြည်သူများအနေဖြင့် သတိရှိစွာသွားလာကြရန် ဒီဇင်ဘာ ၁၄ ရက်က သတိပေးခဲ့ကြောင်း သိရသည်။ ယခင်ဩစတြေးလျဝန်ကြီးချုပ် မယ်လ်ကွန်တန်ဘူလ်သည် ဩစတြေးလျ သံရုံးကို ဂျေရုဆလင်သို့ ပြောင်းရွှေ့မည့်အရေးကို ကန့်ကွက်ခဲ့သူဖြစ်သည်။ ဩစတြေးလျနိုင်ငံသာမက ဂွါတီမာလာနှင့် ပါရာဂွေးနိုင်ငံတို့သည်လည်း ဂျေရုဆလင်နှင့် ပတ်သက်သည့် မူဝါဒအသစ်ကို ကြေညာခဲ့ကြသည်။ **အေအက်ဖ်ပီ**

# အီဂျစ်၌ နှစ်ပေါင်း ၄၄၀၀ သက်တမ်းရှိ ဖာရိုဘုရင်၏ဂူသင်္ချိုင်းကို တူးဖော်တွေ့ရှိ

**ကိုင်ရို ဒီဇင်ဘာ ၁၆**

အီဂျစ်နိုင်ငံတွင် ဂီဇာ ပိရမစ်ဂူသင်္ချိုင်းအနီးရှိ ဆက်ကွာရာ နက်ခရိုပိုလစ်၌ ပဉ္စမမြောက် ဖာရိုမင်းဆက်၏ မပျက်မစီးရှိနေသော ဂူသင်္ချိုင်းကို တူးဖော်တွေ့ရှိခဲ့ကြောင်း အီဂျစ် ရှေးဟောင်းယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ခါလက် အယ်လ်အနာနီက စနေနေ့က ကြေညာခဲ့ကြောင်း သိရသည်။

အဆိုပါဂူသင်္ချိုင်းဟောင်းကို မူလအခြေအနေ မပျက်ယွင်းသေးသည့် အနေအထားဖြင့် တွေ့ရှိရပြီး နံရံများတွင် ဂူသင်္ချိုင်းပိုင်ရှင်နှင့်အတူ ၎င်း၏ မိခင်၊ ဇနီးနှင့် မိသားစုဝင်တို့၏ ရုပ်ပုံများကို အရောင်များဖြင့် ရေးခြယ်ထားသည်ကိုတွေ့ရကြောင်း ဝန်ကြီးခါလက် အယ်လ်အနာနီက ဆင်ဟွာသို့ ပြောကြားခဲ့သည်။

အဆိုပါမင်းဆက်သည် ဘီစီ ၂၆၈၆နှင့် ၂၁၈၁ အတွင်း ထောင်စုနှစ်သုံးခုအတွင်းကာလက တည်ရှိခဲ့သည့် မင်းဆက်ဖြစ်ပြီး အဆိုပါခေတ်ကို ပိရမစ်ခေတ်ဟု လူသိများခဲ့ကြကြောင်း သိရသည်။ ဂူသင်္ချိုင်းကို အီဂျစ် ရှေးဟောင်းသုတေသနမစ်ရှင်အဖွဲ့က တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ဂူသင်္ချိုင်းကို ဘုရင်နီဖာအီကာရီ အုပ်စိုးစဉ်ကာလက ဝါသရီ (Wahtye) အမည်ရှိ တော်ဝင်ခရစ်ယာန်ဘုန်းတော်ကြီးတစ်ဦးက ပိုင်ဆိုင်ခဲ့ခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ်က ထုတ်ဖော်ပြောကြားခဲ့သည်။

**ဆင်ဟွာ**


ဆက်ကွာရာနက်ခရို ပိုလစ်ရှိ ဂူသင်္ချိုင်းအနီး သတင်းစာရှင်းလင်းပွဲပြုလုပ်သည့်နေရာကို တွေ့ရစဉ်။


သီရိလင်္ကာဝန်ကြီးချုပ် မဟင်ဒါ ရာဂျာပတ်ခ်ဆာ

# သီရိလင်္ကာဝန်ကြီးချုပ် ရာထူးမှနုတ်ထွက်

**ကိုလံဘို ဒီဇင်ဘာ ၁၆**

သီရိလင်္ကာ၌ နှစ်လနီးပါးကြာအောင်ဖြစ်ပွားခဲ့သည့် နိုင်ငံရေးအရှုပ်အထွေးများ အဆုံးသတ်စေရန် ကြိုးပမ်းသည့်အနေဖြင့် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်တော့မည်ဖြစ်ကြောင်း သီရိလင်္ကာသမ္မတဟောင်း မဟင်ဒါ ရာဂျာပတ်ခ်ဆာက ကြေညာခဲ့သည်။

အောက်တိုဘာလအတွင်းက သမ္မတ မိုက်သရီပါလာဆရီဆီနာသည် အိန္ဒိယကို ထောက်ခံသည့် ဝန်ကြီးချုပ် ရာနီဝစ်ကရီမီဆင်းကို ရုတ်တရက် ရာထူးမှဖယ်ရှားလိုက်ပြီး ယင်းနေရာတွင် တရုတ်နှင့်နီးကပ်သည့် သမ္မတဟောင်းတစ်ဦးဖြစ်သူ ရာဂျာပတ်ခ်ဆာကို ခန့်အပ်ခဲ့သည်။

ဝစ်ကရီမီဆင်းက ၎င်းကိုထုတ်ပယ်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်ဟုဆိုကာ ရာထူးမှဆင်းပေးရန် ငြင်းဆန်ခဲ့သည်။ ရာဂျာပတ်ခ်ဆာက ၎င်းသည် ဝန်ကြီးချုပ်ရာထူးမှနုတ်ထွက်ကာ အစိုးရသစ်တစ်ရပ်ဖွဲ့စည်းမည့် သမ္မတအတွက် လမ်းကြောင်းရှင်းပေးမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ သမ္မတအနေဖြင့် တရားဝင်ကြေညာချက်ထုတ်ပြန်ရခြင်းမရှိသေးပေ။ သို့သော် ၎င်းသည် ဝစ်ကရီမီဆင်းကို ဝန်ကြီးချုပ်နေရာတွင် ပြန်လည်ခန့်အပ်ဖွယ်ရှိသည်ဟု ဒေသမီဒီယာများကဖော်ပြခဲ့ကြသည်။

သို့သော်လည်း သမ္မတနှင့် ဝစ်ကရီမီဆင်းတို့သည် နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ မူဝါဒများတွင် အမြင်ချင်းလုံးဝကွဲပြားခြားနားနေကြောင်းသိရသည်။ **အင်န်အိတ်ခ်ျကေ**

# အမေရိကန်-ဖိလစ်ပိုင် စစ်ပွဲအတွင်း ယူဆောင်သွားသော ခေါင်းလောင်းများ ဖိလစ်ပိုင်သို့ ပြန်ရောက်လာ

**ဝါရှင်တန် ဒီဇင်ဘာ ၁၆**

ဖိလစ်ပိုင်နှင့် အမေရိကန်စစ်ပွဲကာလအတွင်းက အမေရိကန်တပ်ဖွဲ့ဝင်များက ဖိလစ်ပိုင်မှ ယူဆောင်သွားခဲ့ကြသည့် ကြေးခေါင်းလောင်းသုံးလုံး ဖိလစ်ပိုင်ရှိ ခရစ်ယာန်ဘုရားကျောင်းသို့ပြန်လည်ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။ ဘလန်ဂီဂါဟု ခေါ်ကြသည့် ခေါင်းလောင်းသုံးလုံးသည် စနေနေ့တွင် ဆမာအလယ်ပိုင်းကျွန်းပေါ်ရှိ ဘုရားကျောင်းသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

ယင်းခေါင်းလောင်းများကို ၁၉၀၁ ခုနှစ်က အမေရိကန်တပ်ဖွဲ့ဝင်များက အောင်ပွဲရအထိမ်းအမှတ်အနေဖြင့် ယူဆောင်သွားခဲ့ကြသည်။ ခေါင်းလောင်းများပြန်လည်ရောက်ရှိလာသည့် အထိမ်းအမှတ်အခမ်းအနားတွင် ဖိလစ်ပိုင်သမ္မတ ဒူတာတေးသည် ယင်းခေါင်းလောင်းများကိုတီးခဲ့ပြီး ဘုရားကျောင်းရှေ့တွင်စုဝေးရောက်ရှိနေကြသည့် ဒေသခံ ၁၀၀၀ ကျော်တို့က ကျယ်လောင်စွာဂုဏ်ပြုခဲ့ကြကြောင်း သိရသည်။

သမ္မတဒူတာတေးသည် ခေါင်းလောင်းများပြန်လည်ရရှိခဲ့သည့်အတွက် အမေရိကန်ပြည်ထောင်စုကို ကျေးဇူးတင်စကားပြောကြားခဲ့ပြီး ခေါင်းလောင်းများပြန်ရောက်လာမှုသည် နှစ်နိုင်ငံဆက်ဆံရေးတွင် ပိုမိုထင်ရှားတောက်ပသည့် အခန်းသစ်တစ်ခုကို စတင်ဖွင့်လှစ်လိုက်ခြင်းပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ခ်ျကေ**



သမ္မတ ဒူတာတေး ဖိလစ်ပိုင်သို့ ပြန်ရောက်လာသည့် ခေါင်းလောင်းနှင့်အတူ တွေ့ရစဉ်။

## ကနေဒါ ခရီးသွားလုပ်ငန်းဝန်ကြီး တရုတ်ခရီးစဉ်ရွှေ့ဆိုင်း

**အော့တဝါ ဒီဇင်ဘာ ၁၆**

ဟွာဝေးနည်းပညာလုပ်ငန်းစု အကြီးအကဲ မန်ဝမ်ကျိုကို ကနေဒါနိုင်ငံက ဖမ်းဆီးခဲ့မှုကြောင့် တရုတ်နိုင်ငံနှင့်ကနေဒါတို့ ဆက်ဆံရေးအခြေအနေ တင်းမာခဲ့ချိန်တွင် ကနေဒါခရီးသွားဝန်ကြီးသည် တရုတ်နိုင်ငံသို့ သွားရောက်မည့်ခရီးစဉ်ကို ရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။

ခရီးသွားလုပ်ငန်းဝန်ကြီး မယ်လနီဂျိုလီသည် မူလက တရုတ်နိုင်ငံသို့ လာမည့်ရက်သတ္တပတ်အတွင်း ခရီးသွားရောက်ရန် စီစဉ်ထားခဲ့ပြီး ယခုအခါ ယင်းခရီးစဉ်ကို ရွှေ့ဆိုင်းလိုက်ကြောင်း ကနေဒါအစိုးရက ကြေညာခဲ့သည်။

နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းမြှင့်တင်မှု တစ်နှစ်ပြီးမြောက်ခဲ့သည့် အထိမ်းအမှတ်အနေဖြင့် တရုတ်နိုင်ငံတွင် ကျင်းပသည့်အခမ်းအနားကို တက်ရောက်ရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ခရီးစဉ်ရွှေ့ဆိုင်းရခြင်း အကြောင်းရင်းကို ဖော်ပြခဲ့ခြင်းမရှိပေ။ ဟွာဝေးအမှုဆောင်အရာရှိ မန်ဝမ်ကျိုကို ကနေဒါနိုင်ငံက ဒီဇင်ဘာ ၁ ရက်တွင် ဖမ်းဆီးခဲ့ပြီးနောက်တွင် ကနေဒါနိုင်ငံသားနှစ်ဦးကို တရုတ်နိုင်ငံက ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## အကြမ်းဖက်တိုက်ဖျက်ရေးနှင့် အာဖဂန်ငြိမ်းချမ်းရေးဆိုင်ရာတို့တွင် တရုတ်၊အာဖဂန်နှင့် ပါကစ္စတန်တို့ ဘုံသဘောတူညီမှုရရှိ

**ကဘူးလ် ဒီဇင်ဘာ ၁၆**

တရုတ်နိုင်ငံ၊ အာဖဂန်နစ္စတန်နှင့် ပါကစ္စတန် တို့သည် သုံးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများစကားဝိုင်းအတွင်း သုံးနိုင်ငံဆိုင်ရာ ဘုံသဘောတူညီမှုရရှိခဲ့ကြကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ပြောကြားခဲ့သည်။

ဝမ်သည် ကဘူးလ်မြို့၌ကျင်းပသည့် ဒုတိယအကြိမ် တရုတ်-အာဖဂန်နစ္စတန်-ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးများ စကားဝိုင်းသို့ တက်ရောက်ခဲ့ပြီးနောက်တွင် သုံးနိုင်ငံ ဘုံသဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

သုံးနိုင်ငံတို့သည် အာဖဂန်ပြန်လည်သွေးစည်းညီညွတ်ရေးဖြစ်စဉ်၌ အရေးကြီးသည့် အခွင့်အလမ်းဖြစ်သည့် အာဖဂန်ငြိမ်းချမ်းရေးဆွေးနွေးပွဲ စားပွဲသို့ တာလီဘန်တို့ စောစောပြန်ရောက်လာစေရန် အကောင်အထည်ဖော်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားဖြည့်ဆောင်ရွက်သွားရန် ဆန္ဒရှိနေကြကြောင်း ကိုလည်း ဝမ်ကပြောကြားခဲ့သည်။

တရုတ်နှင့် ပါကစ္စတန်တို့သည် အာဖဂန်ဦးဆောင်သော ပြန်လည်စည်းလုံးညီညွတ်ရေးဖြစ်စဉ်ကို အခိုင်အမာ အားပေးခဲ့ကြသည်။

**ဆင်ဟွာ**

# ဥရောပကို အခိုင်အမာဦးဆောင်နိုင်မယ့် ခေါင်းဆောင်ဟာ ဘယ်သူဖြစ်လာမလဲ

**ဖြိုးစန္ဒီမွှေး**



လန်ဒန်မြို့ရှိ ပါလီမန်အဆောက်အအုံအပြင်ဘက်တွင် ဥရောပသမဂ္ဂကို လိုလားသောထောက်ခံသူများကို တွေ့ရစဉ်။

ဥရောပသမဂ္ဂအဖွဲ့ကြီးဟာ ယခုနှစ်အတွင်း အဖွဲ့ကြီးအတွင်းမှာ အရာအားလုံးကိုအစီအစဉ်တကျဖြစ်စေဖို့ လုပ်ဆောင်သွားမယ်လို့ ရည်ရွယ်ခဲ့ပါတယ်။

**ခေါင်းဆောင်ကင်းမဲ့နေ**

ဗြိတိန်အနေနဲ့ ဥရောပသမဂ္ဂအဖွဲ့ကြီးကနေ တရားဝင် နုတ်ထွက်ဖို့အတွက် အပြီးသတ်အတည်ပြုချက်တွေပြုလုပ်ဖို့ ကြိုးစားနေပါတယ်။ ဥရောပတိုက်ကြီးကို ပြန်လည်နိုးကြားလာစေမယ်ဆိုတဲ့ ရည်ရွယ်ချက်ကြီးကြီးထားတဲ့ ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်ဟာလည်း ဥရောပသမဂ္ဂအဖွဲ့ကြီးမှာ ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်ရဲ့နေရာကို အစားဝင်ယူဖို့ ပြင်ဆင်နေပါတယ်။ ဟန်ဂေရီနဲ့ ပိုလန်တို့ကလည်း ကြားထဲကနေ ထိန်းချုပ်ဟန့်တားမယ့် သဘောမှာရှိပြီး အဲဒီအုပ်စုထဲမှာ ပေါ်ပြူလစ်ဇင်တွေလည်းပါလာနိုင်ပါတယ်။ အခုဆိုရင် ၂၀၁၈ နှစ်ကုန်ပိုင်းကိုလည်း ရောက်ရှိလာပါပြီ။ ပြီးခဲ့တဲ့နှစ်တွေနဲ့ မတူညီတာကတော့ ဥရောပသမဂ္ဂအဖွဲ့ကြီးအတွင်းမှ ခေါင်းဆောင်မှု ခိုင်ခိုင်မာမာပြုနိုင်မယ့် ခေါင်းဆောင်ကင်းမဲ့နေတာပါပဲ။

**ကသောင်းကနင်းအခြေအနေများ**

ယခင်တုန်းက အိန်ဂျလာမာကယ်ဟာ အဖွဲ့ကြီးအတွင်းမှာ ဦးစီးဦးဆောင်ပြုခဲ့ပေမယ့် အခုအခါမှာတော့ သူ့ရဲ့အသံဟာ တိတ်ဆိတ်လို့ နေပါတယ်။ အဖွဲ့ကြီးအတွင်းမှာ အိန်ဂျလာမာကယ်နေရာယူပြီး ပြောင်းလဲမှုတွေပြုလုပ်မယ်လို့ ကြွေးကြော်ခဲ့တဲ့ ပြင်သစ်သမ္မတ မက်ခရွန်ဟာလည်း ပြည်တွင်းမှာ ဆန့်ကျင်ဆန္ဒပြမှုတွေနဲ့ ရင်ဆိုင်နေရပြီး ပြည်တွင်းပဋိပက္ခတွေကလည်း ပျံ့နှံ့လို့နေပါတယ်။ အဲဒီလိုအခြေအနေတွေကြောင့် သူ့ရဲ့သမ္မတသက်တမ်းကိုတောင် အန္တရာယ်ရှိနေတဲ့အခြေအနေမျိုးနဲ့ ရင်ဆိုင်နေရပါတယ်။

နိုင်ငံရေးအရ ကသောင်းကနင်းနိုင်တဲ့ အခြေအနေတွေကလည်း ပိုပိုပြီး ထင်ရှားလာပါတယ်။ ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေကလည်း ဥရောပနိုင်ငံတွေက မြို့ကြီးတွေဆီကို လေယာဉ်နဲ့ ခေါက်တုံ့ခေါက်ပြန်လာနေရတယ်။

အကြောင်းကတော့ ဗြိတိန် ဥရောပသမဂ္ဂကနေ အပြီးသတ်နုတ်ထွက်ရေးအတွက် အရေးပေါ် အစည်းအဝေးတွေ ပြုလုပ်ဖို့ပါ။

**ပိုပိုပြီး ခက်ခဲလာ**

ထရီဆာမေရဲ့ ဘရီးဇစ်စာချုပ်ကို ဗြိတိန်ပါလီမန်က ကန့်ကွက်နေတဲ့အချိန် ဥရောပခေါင်းဆောင်တွေဆီက လက်ခံပေးမှုကို ရရှိဖို့အတွက် ဥရောပမြို့ကြီးတွေဆီ အခေါက်ခေါက်အခါခါလာရောက်ပြီး တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ တစ်နှစ်ခန့်က မြင်တွေ့နေရတဲ့ အခြေအနေထက် အခုမြင်တွေ့နေရတဲ့ အရာတွေဟာ ပိုပိုပြီးခက်ခဲလာတာကို တွေ့ရပါတယ်လို့ ပြင်သစ် သမ္မတဟောင်းနဲ့ ဥရောပနိုင်ငံခြားရေးရာဌာနမှ ညွှန်ကြားရေးမှူးဟောင်းဖြစ်သူ ပီယာရာဗီနော့က ပြောပါတယ်။

အခုလက်ရှိဥရောပသမဂ္ဂမှာ ကြုံတွေ့နေရတဲ့ နိုင်ငံရေးကသောင်းကနင်းနိုင်မှုတွေဟာ နိုင်ငံရေးအရ မတည်မငြိမ်ဖြစ်မှုတွေကြောင့် ဖြစ်ပေါ်လာရတာဖြစ်တယ်လို့ အချို့က ယူဆကြသလို ၂၀၀၈ ခုနှစ် ဘဏ္ဍာရေးအကျပ်အတည်းကြောင့်လည်း မတည်ငြိမ်မှုတွေ ပိုပြီးဖြစ်လာတယ်။

အဲဒီနောက် ၂၀၁၅ ခုနှစ် ရွှေ့ပြောင်းနေထိုင်သူတွေကို လက်ခံပေးဖို့ ခွဲတမ်းချမှတ်ခဲ့တဲ့ ကာလမှာတော့ မကျေမနပ်ဖြစ်မှုတွေဟာ ပိုမိုအားကောင်းလာပြီး ဖရိုဖရဲဖြစ်လာခဲ့ပါတယ်။

**ဥက္ကဋ္ဌအသစ် ရွေးချယ်ပွဲအတွက် ဆွေးနွေးမည်**

ယခုသီတင်းပတ်နှောင်းပိုင်းမှာတော့ ဥရောပခေါင်းဆောင်တွေဟာ ဘရပ်ဆဲလ်မှာ စုဝေးကြပြီး နှစ်ကုန်ပိုင်းထိပ်သီးအစည်းအဝေးကို ပြုလုပ်မှာပဲဖြစ်ပါတယ်။ အဲဒီမှာ ဗြိတိန်ဥရောပသမဂ္ဂကနေ နုတ်ထွက်ရေးအတွက် အခွင့်အရေးကမ်းလှမ်းမှုတွေလည်း ပြုလုပ်သွားဖို့ရှိပါတယ်။

နောက်ပြီးတော့ လာမယ့်နွေဦးကာလမှာ ဥရောပပါလီမန်ဥက္ကဋ္ဌအသစ် ရွေးချယ်ပွဲအတွက်လည်း ဆွေးနွေးသွားကြမှာ ဖြစ်ပါတယ်။ အဖွဲ့ကြီးအတွင်း နိုင်ငံပေါင်း ၂၈ နိုင်ငံကနေ မဲပေးရွေးချယ်မှုတွေ ပြုလုပ်သွားမှာဖြစ်ပြီး ရလဒ်ဟာ အခုအချိန်မှာတော့ အရေးအကြီးဆုံး အခြေအနေတစ်ခုဖြစ်နေပါပြီ။

အဖွဲ့ကြီးအတွင်းက လက်ယာစွန်းရောက်အဖွဲ့တွေဟာ ဥရောပသမဂ္ဂအဖွဲ့ကြီးအတွင်းမှာ သူတို့ရဲ့အာဏာပိုပြီးတိုးလာအောင် လုပ်ဆောင်နေတဲ့အချိန်လည်း ဖြစ်ပါတယ် ။

**ဘယ်သူက ဆက်လက်ဦးဆောင်သွားမလဲ**

အခုအခါမှာ အားလုံးသိချင်နေကြတဲ့ မေးခွန်းကတော့ ရှေ့ဆက်လက်ပြီး ဥရောပကို ဦးဆောင်မယ့်သူ၊ စုစည်းမယ့် သူဟာ ဘယ်သူပါလဲ။ နိုင်ငံရေးမျိုးဆက်သစ်တွေထဲက ဘယ်သူဖြစ်လာမလဲ။ ဒါဟာစိတ်ဝင်စားစရာ အကောင်းဆုံးမေးခွန်းတစ်ခုပါပဲလို့ ဂျာမနီကောင်စီမှ နိုင်ငံတကာဆက်ဆံရေးညွှန်ကြားရေးမှူး ဆွက်ဇာဒင်နီရယ်လာက ပြောပါတယ်။

လက်ရှိဥရောပကော်မရှင်နဲ့ ပါလီမန်ရဲ့လုပ်ပိုင်ခွင့်အာဏာဟာ ပြီးဆုံးတော့မယ့်ကာလကို ရောက်လာပါပြီ။ ဒီလိုအချိန်မှာ ဂျာမနီဝန်ကြီးချုပ်ဖြစ်တဲ့ အိန်ဂျလာမာကယ်ရော၊ ပြင်သစ်သမ္မတ မက်ခရွန်ပါ အင်အားချည့်နဲ့နေတဲ့အချိန်နဲ့ တိုက်ဆိုင်နေတယ်။

**ဖရိုဖရဲတွေဖြစ်လာ**

ဥရောပကို ဖမ်းစားနိုင်တဲ့ ခေါင်းဆောင်ရှားပါးနေတဲ့ အချိန်လည်းဖြစ်တယ်။ အိန်ဂျလာမာကယ်ဟာ ဥရောပကို တစ်ကမ္ဘာလုံးက စိတ်ဝင်စားမှုမြင့်တက်အောင် လုပ်နိုင်ခဲ့တဲ့သူဖြစ်သလို အဖွဲ့ဝင်နိုင်ငံတွေအတွင်းက အမျိုးသားရေးဝါဒီခေါင်းဆောင်တွေ တိုးပွားလာတာကို လွှမ်းမိုးနိုင်စွမ်းရှိသူလည်းဖြစ်ပါတယ်။

ဒါပေမယ့် ဂျာမနီမှာ သူ့နေရာအတွက် ရွေးချယ်ထားခဲ့တဲ့ မစ္စအင်နီဂရက်ကတော့ ဥရောပကို လိုလားထောက်ခံသူဖြစ်ပေမယ့် နိုင်ငံခြားရေးမူဝါဒနဲ့ပတ်သက်လို့ကတော့ အတွေ့အကြုံအနည်းငယ်သာရှိပါတယ်။ နောက်ပြီးတော့ ပြင်သစ်သမ္မတမက်ခရွန် လက်ရှိပြည်တွင်းမှာ ကြုံတွေ့နေရတဲ့ နိုင်ငံရေးပြဿနာတွေဟာဥရောပရဲ့အဓိက မူဝါဒချမှတ်သူဖြစ်တဲ့ ပြင်သစ်-ဂျာမနီဆက်ဆံရေးမှာ ဖရိုဖရဲတွေဖြစ်လာပြီဆိုတာကို ပြသနေပါတယ်။

**လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများ**

ဘရီးဇစ်လို့ခေါ်တဲ့ ဥရောပသမဂ္ဂကနေ ဗြိတိန်နုတ်ထွက်ရေးကိစ္စတွေ ဆောင်ရွက်တဲ့အခါမှာတော့ အဖွဲ့ဝင်နိုင်ငံတွေ အစိုးရတွေကြားမှာ တင်းမာမှုတွေ ပိုပြီးဖြစ်လာတယ်။ ဘရပ်ဆဲလ်ရဲ့ အုပ်ချုပ်မှုယန္တရားမှာလည်း အားနည်းမှုတွေပေါ်လာတယ်။

အခုအချိန်မှာ နိုင်ငံတွေရဲ့အုပ်စုငယ်လေးတွေကို ဦးစီးဦးဆောင်မှုပြုနိုင်မယ့်သူ၊ တက်တက်ကြွကြွနဲ့ ခေါင်းဆောင်နိုင်မယ့် ခေါင်းဆောင်ကောင်းတွေ လိုအပ်နေတာကတော့ အမှန်ပါပဲလို့ ဂျာမနီကောင်စီမှနိုင်ငံတကာဆက်ဆံရေးညွှန်ကြားရေးမှူး ဆွက်ဇာဒင်နီရယ်လာက ပြောပါတယ်။

အခုဆိုရင် အဖွဲ့ကြီးအတွင်းမှာ ပြဿနာတွေ တန်းစီပြီးတော့ရှိနေတာ သံသယဖြစ်စရာမရှိပါဘူး။ ပေါ်ပြူလစ်ဇင်တွေ ကြီးစိုးလာမှု၊ ဟန်ဂေရီနဲ့ ပိုလန်ရဲ့ပြဿနာ၊ ယူရိုငွေကြေးအသုံးပြုတဲ့ အသိုက်အဝန်းကြားမှာ ပေါ်ပေါက်လာတဲ့ ခြိမ်းခြောက်မှု၊ အီတလီရဲ့အသုံးစရိတ်ပြဿနာ၊ အမေရိကန်သမ္မတထရမ့်ရဲ့မထီမဲ့မြင်ပြုလုပ်တာတွေ ဒါတွေအားလုံးဟာ လက်ရှိမှာအဖွဲ့ကြီးအတွင်း ကြုံတွေ့နေရတဲ့ အခက်အခဲတွေပါပဲ။

**မျှော်လင့်ချက် ဝေဝါးသွား**

သမ္မတမက်ခရွန်ရဲ့ ပြုပြင်ပြောင်းလဲရေး အစီအစဉ်တွေဟာ ဥရောပရဲ့ လိုအပ်နေတဲ့ခေါင်းဆောင်ပိုင်းအတွက် အထောက်အကူဖြစ်လိမ့်မယ်လို့ အများက မျှော်လင့်ခဲ့ကြပေမယ့် ပြင်သစ်နိုင်ငံရဲ့ ပြည်တွင်းရေး မတည်မငြိမ်ဖြစ်မှုတွေကြောင့် ဒီမျှော်လင့်ချက်ဟာလည်း ဝေဝါးသွားပြန်ပါတယ်။

ပြီးခဲ့တဲ့ တနင်္လာနေ့ကပဲ ပြင်သစ်သမ္မတဟာ တစ်နိုင်ငံလုံးကို မိန့်ခွန်းပြောခဲ့ပြီး ပြည်တွင်းမှာ ဖြစ်ပေါ်နေတဲ့ဆန္ဒပြမှုတွေကို ချုပ်ငြိမ်းအောင်လုပ်ဖို့ ကြိုးပမ်းခဲ့ပါတယ်။ အဲဒီလိုပြဿနာတွေကြောင့်လည်း ဥရောပသမဂ္ဂအဖွဲ့ကြီးအတွင်းမှာ မက်ခရွန်ရဲ့ ပြုပြင်ပြောင်းလဲရေးအစီအစဉ်ကို လက်ခံယုံကြည်ပေးကြသူတွေရဲ့ မျှော်လင့်ချက်ကို ပျက်ပြားသွားစေခဲ့ပါတယ်။

**ပြဿနာကိုယ်စီရှိ**

အဖွဲ့ကြီးအတွင်းက ပြဿနာတွေဟာ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီတို့မှာတင်ရှိတာ မဟုတ်ပါဘူး။ အခုအချိန်အထိ အစိုးရအဖွဲ့မဖွဲ့နိုင်သေးတဲ့ ဆွစ်ဇာလန်၊ လူဝင်မှုကြီးကြပ်ရေးပြဿနာတွေကြောင့် လက်ယာစွန်းရောက်ပါတီအစိုးရကနေ နုတ်ထွက်သွားတဲ့ ဘယ်လ်ဂျီယံတို့မှာလည်း ပြဿနာကိုယ်စီနဲ့ပါ။ အလားတူပါပဲ။

စပိန်၊ နယ်သာလန်၊ ဒိန်းမတ်တို့မှာလည်း ရွှေ့ပြောင်းအခြေချနေထိုင်သူအရေးကြောင့် မကျေနပ်မှုတွေ မြင့်တက်နေပါတယ်။ မေလအတွင်းမှာ ပြုလုပ်မယ့် ဥရောပပါလီမန်ကတော့ နောက်ထပ်စမ်းသပ်မှုတစ်ရပ်ဖြစ်လာမှာပါ။ ဥရောပမှာရှိတဲ့ လက်ယာစွန်းရောက်ပါတီတွေကတော့ စုစည်းပြီး ဥရောပပါလီမန်မှာနေရာများများရဖို့ မျှော်လင့်ထားကြပါတယ်။ ဥရောပကိုစုစည်းနိုင်မယ့် ခေါင်းဆောင်ကောင်း ပေါ် လာမလာကတော့ အခုအချိန်အထိ အဖြေမထွက်သေးပါဘူး။

**ကိုးကား -နယူးယောက်တိုင်းမ်**

“ဒါပေမယ့် ဂျာမနီမှာ သူ့နေရာအတွက် ရွေးချယ်ထားခဲ့တဲ့ မစ္စအင်နီဂရက်ကတော့ ဥရောပကို လိုလားထောက်ခံသူဖြစ်ပေမယ့် နိုင်ငံခြားရေးမူဝါဒနဲ့ ပတ်သက်လို့ကတော့ အတွေ့အကြုံအနည်းငယ်သာရှိပါတယ်။ နောက်ပြီးတော့ ပြင်သစ်သမ္မတမက်ခရွန် လက်ရှိပြည်တွင်းမှာ ကြုံတွေ့နေရတဲ့ နိုင်ငံရေး ပြဿနာတွေဟာ ဥရောပရဲ့အဓိက မူဝါဒချမှတ်သူဖြစ်တဲ့ ပြင်သစ်-ဂျာမနီ ဆက်ဆံရေးမှာ ဖရိုဖရဲတွေ ဖြစ်လာပြီဆိုတာကို ပြသနေ”

# ပထမအကြိမ် ဓနုအမျိုးသားနေ့ ရှာငံ၌ ကျင်းပ

တောင်ကြီး ဒီဇင်ဘာ ၁၆

**ဓနုတိုင်းရင်းသားတို့၏ ထူးခြားသော နေ့ထူးနေ့မြတ်ကြီးဖြစ်သည့် ပထမဆုံးအကြိမ် ကျင်းပသော ဓနုအမျိုးသားနေ့ကို ဒီဇင်ဘာ ၁၅ ရက်က ရှာငံမြို့ ရွှေပွင့်လင်းကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။**

ဓနုတိုင်းရင်းသားတို့၏ ရိုးရာပြောဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ဓနုအမျိုးသားအလံအား အလေးပြုခြင်းကို တက်ရောက်လာသော ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ဆောင်ရွက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံမှ ပေးပို့သော ဓနုအမျိုးသားနေ့ သဝဏ်လွှာအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမင်းက ဖတ်ကြားကြောင်း သိရသည်။

ရှာငံမြို့သည် ဓနုတိုင်းရင်းသားတို့၏ ဘူမိနက်သန်အောင်မြေဖြစ်ပြီး မွန်ဂိုကုန်းမြေမြင့်မှ လမ်းကြောင်းကြီး သုံးသွယ်ဖြင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသည့် တိဗက်-မြန်မာ အုပ်စုဝင်ဖြစ်သည့် ဓနုတိုင်းရင်းသားတို့သည် ရှာငံဒေသတွင် ပထမဆုံးအခြေချနေထိုင်ခဲ့သော လူမျိုးစုဖြစ်ကြောင်း၊ ဓနုတစ်မျိုးသားလုံး တစ်စုတစ်စည်းတည်းတွေ့ဆုံပြီး ဓနုအမျိုးသားညီလာခံကို ကျင်းပနိုင်သည့် ၁၃၇၉ ခု၊ နတ်တော်လဆန်း ၈ ရက်နေ့တွင် ဓနုအမျိုးသားအလံ၊ ဓနုအမျိုးသားသီချင်း၊ ဓနုတိုင်းရင်းသားဝတ်စုံကို တစ်ပြေးညီသတ်မှတ်နိုင်သည့်နေ့ကို ဓနုအမျိုးသားနေ့ဟု သတ်မှတ်နိုင်ခဲ့ပြီး အမျိုးသားနေ့မှ ဓနုတစ်မျိုးသားလုံးကို ဦးဆောင်ဦးရွက်ပြုမည့် ဓနုတိုင်းရင်းသားရေးရာအဖွဲ့ချုပ် ပေါ်ပေါက်လာကာ အဖွဲ့ချုပ်ကဦးစီး၍ ယခုကဲ့သို့ ပထမအကြိမ် ဓနုအမျိုးသားနေ့ကို ရှာငံမြို့နယ်တွင် ကျင်းပနိုင်ခဲ့ကြောင်း ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ပြောကြားသည်။



ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဓနုအမျိုးသားနေ့ဖြစ်မြောက်ရေးအတွက် အလှူငွေကျပ်သိန်း ၂၀ ကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ ပွဲဖြစ်မြောက်ရေး ကော်မတီ တာဝန်ရှိသူတစ်ဦးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ဓနုအမျိုးသားနေ့တွင် ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

# ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ် မင်းတပ်မြို့ မြို့မဈေးသစ်ဖွင့်ပွဲ အခမ်းအနားတက်ရောက်

**မင်းတပ် ဒီဇင်ဘာ ၁၆**

ချင်းပြည်နယ် မင်းတပ်မြို့၌ အသစ်တည်ဆောက်ပြီးစီးသွားသော မြို့မဈေးသစ် အဆောက်အအုံဖွင့်ပွဲကို ဒီဇင်ဘာ ၁၅ ရက်က စံပြရပ်ကွက်ရှိ အဆိုပါအဆောက်အအုံရှေ့၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ချင်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဝီကော၊ ခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်၊ မြို့မိမြို့ဖ ဦးနိုင်းကီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြသည်။

ဆက်လက်၍ မြို့မဈေးသစ် အဆောက်အအုံ ဖွင့်ပွဲအထိမ်းအမှတ် အလံများကို တာဝန်ရှိသူထံပေးအပ်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြို့မဈေးသစ်ရှိ ဖွင့်လှစ်ထားသည့် ဆိုင်များကို လှည့်လည်ကြည့်ရှုကြသည်။



အဆိုပါ မြို့မဈေးကြီးတည်ဆောက်ခြင်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုသီးသန့် ရန်ပုံငွေကျပ် ၃၁၅ ဒသမ ၈ သန်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ၁၈၄ ဒသမ ၂ သန်း၊ ဈေးသူဈေးသားများ၏ ထည့်ဝင်ငွေ ကျပ် သန်း ၃၀၀ စုစုပေါင်း ငွေကျပ်သန်း ၈၀၀ ဖြင့် အဆောက်အအုံအမျိုးအစား အာစီနှစ်ထပ်ခွဲ၊ သန့်စင်ခန်း၊ အမှိုက်ပုံးများနှင့် ရေမြောင်းများကိုပါ စနစ်တကျ ဆောင်ရွက်ထားပြီး ရေ၊ မီး ရရှိရေးကိုပါ ဆောင်ရွက်ထားကြောင်း သိရသည်။

မင်းတပ်မြို့၏ အချက်အချာကျသည့်နေရာတွင် အဆင့်မီဈေးသစ်ကြီး တည်ဆောက်ပေးသဖြင့် နိုင်ငံတော် အပေါ်များစွာ ကျေးဇူးတင်မိကြောင်း မြို့မိမြို့ဖတစ်ဦးက ပြောကြားသည်။

**ခရိုင် (ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် စာဖြေသံဃာတော်များအား အအေးများ ဆက်ကပ်လှူဒါန်း

**ပဲခူး ဒီဇင်ဘာ ၁၆**

ပဲခူးမြို့ ဝိနယတံခွန်ပရိယတ္တိပူဇာ နဂ္ဂဟအသင်းမှ ကြီးမှူး၍ ပဲခူးခရိုင် ရှစ်မြို့နယ်လုံးဆိုင်ရာ အကြိမ်(၈၀) မြောက် ဝိနယတံခွန်ပရိယတ္တိအခြေပြု စာမေးပွဲကို ဒီဇင်ဘာ ၁၄ ရက်က ပဲခူးမြို့ ဗုဒ္ဓအသံ ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပသည်။

**ဝင်ရောက်ဖြေဆို**

အဆိုပါ စာမေးပွဲကို ဒီဇင်ဘာ ၁၄ ရက်မှ ၁၅ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ ကျင်းပခဲ့ပြီး ဒီဇင်ဘာ ၁၄ ရက်တွင် သာမဏေရသီလသိက္ခာ (အငယ်/ အကြီး) တန်း၌ စာဖြေသံဃာ ၁၅၁၄ ပါးတို့က လည်းကောင်း၊ ဒီဇင်ဘာ ၁၅ ရက်က ပါတိမောက္ခသီလသိက္ခာတန်း၌ စာဖြေသံဃာ ၃၉၈ ပါးတို့က လည်းကောင်း ဝင်ရောက်ဖြေဆိုခဲ့ကြကြောင်း သိရသည်။

**ဆက်ကပ်လှူဒါန်း**

ဝင်ရောက်ဖြေဆိုကြသော သံဃာတော်အရှင်သူမြတ်များနှင့် နာယကဆရာတော်ကြီးများ၊ စာမေးပွဲကြီးကြပ်ဆရာတော်ကြီးများအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ဇနီး ဒေါ်စန်းစန်းမော်မိသားစုတို့က ဖျော်ရည်အအေးဒါန ဆက်ကပ် လှူဒါန်းပြီး နာယက ဆရာတော်ကြီးများနှင့် ကြီးကြပ် ဆရာတော်ကြီးများအတွက် နဝကမ္မဝတ္ထု အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ဟိန်းထက် (ပဲခူး)**

# မိုင်းဖြတ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေကျွံမှုဖြစ်ပွားခဲ့သော တံတားကို အသစ်ပြန်လည်တည်ဆောက်


**မိုင်းဖြတ် ဒီဇင်ဘာ ၁၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်၌ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုင်းဖြတ်မြို့ ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မိုင်တိုင်အမှတ် (၇၁၀/၇၁၁)ကြားရှိ သံကူကွန်ကရစ်တံတားတစ်စင်း မြေကျွံမှုဖြစ်ပွားခဲ့သည်။ တံတားမြေကျွံမှုကြောင့် ခရီးသွားယာဉ်များနှင့်ပြည်သူများ သွားလာမှု လွယ်ကူစေရေးအတွက် မြို့နယ်လမ်းဦးစီးဌာနနှင့် တာဝန်ရှိသူများက ယာယီဘေလီတံတား တစ်စင်းကို တည်ဆောက်ပေးခဲ့ပြီး အဆိုပါလမ်းကို B.O.T စနစ်ဖြင့် ဆောင်ရွက်ခဲ့သည့် သော်တာဝင်းကုမ္ပဏီမှ အသစ်ပြန်လည်တည်ဆောက်နေပြီဖြစ်ကြောင်း သိရသည်။


အဆိုပါလမ်းသည် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်းဖြစ်ပြီး ကျိုင်းတုံ-တာချီလိတ်လမ်းပိုင်းဖြစ်ရာ ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မိုင်တိုင်အမှတ် (၇၁၀၊ ၇၁၁)ကြားတွင်ဖြစ်ပြီး B.O.T စနစ်ဖြင့် ဆောင်ရွက်သော သော်တာဝင်းကုမ္ပဏီမှ ခန့်မှန်းကုန်ကျငွေကျပ်သန်း ၁၄၀ အကုန်ကျခံကာ တံတားအရှည်ပေ ၄၀၊ အကျယ်ပေ ၃၀ ရှိ သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး ၂၀၁၉ခုနှစ် မတ်လအကုန်တွင် ဆောင်ရွက်ပြီးစီးမည်ဖြစ်သည်။ ယခုအခါ ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ခရီးသွားပြည်သူများ အဆင်ပြေစွာဖြင့် သွားလာနိုင်ရေးအတွက် ချောင်းအောက်တွင် ကွန်ကရစ်တံတားငယ် တစ်စင်းကို ဆောင်ရွက်ပေးထားပြီး ယင်းတံတား ဆောက်လုပ်ပြီးစီးသွားပါက ခရီးသွားပြည်သူများအနေဖြင့် ယခင်ကလို ပုံမှန်အတိုင်း သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**






# ရခိုင်သမိုင်းမိတ်ဆက်




ဒေါက်တာအေးချမ်း (ရက္ခဝံသ ရက္ခိတ) ရေးသားသော ရခိုင်သမိုင်း မိတ်ဆက်စာအုပ် ထွက်ရှိလာသည်။ ရခိုင်သမိုင်းမိတ်ဆက်စာအုပ်သည် ရာဇဝင်အမျိုးအစားမဟုတ်ဘဲ သမိုင်း သုတေသနအမြင်ဖြင့် ပညာရပ်ရှုထောင့်မှ ရခိုင်သမိုင်းကို တင်ပြထားသောစာအုပ်တစ်အုပ် ဖြစ်သည်။

ရခိုင်ရာဇဝင်ကျမ်းများ၊ ရခိုင်သမိုင်းမိတ်ဆက်၊ ရခိုင် ရက်စဉ် သမိုင်း၊ အစရှိသည်ဖြင့် ခေါင်းစဉ်ခွဲကာ ဖော်ပြထားသည်။

မြန်မာစာပေနယ်ပယ်တွင် ရခိုင်သမိုင်းကို တွင်တွင်ကျယ်ကျယ် သိရှိလာစေနိုင်မည့် စာအုပ်လည်း ဖြစ်သည်။ သမိုင်းသုတေသနအမြင်ဖြင့် ရေးသားကာ အချက်အလက် ပြည့်ပြည့်စုံစုံဖြင့် ရှေးအစဉ်အဆက်က ရခိုင်မင်းဆက်များ၊ ရခိုင်ပိုင်နက်နှင့် သမိုင်းကြောင်းများကို သုတ၊ ရသစုံလင်စွာဖြင့် အကျယ်တဝင့် ဖော်ပြထားသော စာအုပ် တစ်အုပ်လည်း ဖြစ်သည်။ ပထမအကြိမ်ထုတ်ဝေခြင်းဖြစ်ကာ၊ ဉာဏ်အလင်းစာပေမှ ဖြန့်ချိထားသည်။

# စိတ်ချမ်းသာပျော်ရွှင်သော နိုင်ငံတော်

မျိုးမြတ်သူ၊ တက်စိုးတို့၏ Mandalay FM Talk မှ ဆွေးနွေးချက်များကို စိတ်ချမ်းသာပျော်ရွှင်သော နိုင်ငံတော်အမည်ဖြင့် စာအုပ်အဖြစ် ထုတ်ဝေထားသည်။ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် ယှဉ်ပြိုင်မှု ပြင်းထန်နေသော ခေတ်တွင် ကိုယ့်ယဉ်ကျေးမှုနှင့် ကိုက်ညီသည့် အတွေးအခေါ် ထွန်းကားစေရန် ရည်ရွယ်ထားသည်။ စီမံခန့်ခွဲမှုဆိုင်ရာကိစ္စများ၊ ယဉ်ကျေးမှုထိန်းသိမ်းခြင်းနှင့် မြှင့်တင်ခြင်း၊ အနာဂတ်လူငယ်တို့အတွက် ပညာရေးကဏ္ဍ၊ မိမိစိတ်ခံစားမှုများကို စီမံခန့်ခွဲခြင်း၊ ဘာသာစကား၊ ပြဇာတ်နှင့်ပြဇာတ်စာပေ၊ စာကြည့်တိုက်နှင့် စာပေဖွံ့ဖြိုးရေး အစရှိသည့် အကြောင်းအရာများမှအစ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုအထိ ကဏ္ဍများခွဲကာ ရှင်းလင်းစွာဖော်ပြထားသည်။




ပညာရေး၊ ကျန်းမာရေး၊ စာပေ အစရှိသည်တို့ကို ပြည့်စုံရှင်းလင်းစွာ ဖော်ပြထားခြင်း ဖြစ်သည်။ အုပ်ရေ ၅၀၀ ခန့် ထုတ်ဝေထားခြင်းဖြစ်ကာ တန်ဖိုးကျပ် ၁၅၀၀ ဖြင့် ဝယ်ယူဖတ်ရှုနိုင်သည်။ ဉာဏ်အလင်းစာပေမှ ဖြန့်ချိထားကြောင်း သိရသည်။

**မြန်မာ့အလင်း**

# စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဓာတ်အားပြည့်ဝစွာရရှိရေး ဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဒီဇင်ဘာ ၁၆**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာရရှိသုံးစွဲနိုင်ရေးအတွက် အတိုးမဲ့ (သို့မဟုတ်) အတိုးနှုန်း သက်သာသော နှစ်ရှည်ချေးငွေများရယူ၍ လည်းကောင်း၊ ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ ဘတ်ဂျက်များဖြင့် လည်းကောင်း ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ကာ နှစ်အလိုက် စီမံချက်များရေးဆွဲ၍ ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် Asia Development Bank (ADB) ချေးငွေဖြင့် ပြည်သူများ ဓာတ်အားပြည့်ဝစွာရရှိရေးအတွက် ဓာတ်အားခွဲရုံများ အသစ်တည်ဆောက်ခြင်း၊ အင်အားတိုးမြှင့်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း ဒီဇင်ဘာဒုတိယပတ်က ပြုလုပ်သည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန သတင်းထုတ်ပြန်ရေးအခမ်းအနားမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ADB ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသော ဓာတ်အားခွဲရုံ ၁၃ ရုံအနက် ၁၀ ရုံမှာ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ကျန်ဓာတ်အားခွဲရုံ သုံးရုံမှာ မကြာမီအချိန်အတွင်း ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်သည်။ အလားတူ မကွေးတိုင်းဒေသကြီးရှိ ADB ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသော ဓာတ်အားခွဲရုံ ခြောက်ရုံအနက် ဓာတ်အားခွဲရုံ သုံးရုံမှာလည်း ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ဓာတ်အားခွဲရုံ သုံးရုံမှာ မကြာမီအချိန်အတွင်း ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ရှိ ချောင်းဦး(အမြင့်) ဓာတ်အားခွဲရုံ၊ ကောလင်းမြို့ရှိ ရွှေတွင်း (မြို့ကုန်း) ဓာတ်အားခွဲရုံနှင့် စစ်ကိုင်းမြို့တွင် ပတ္တမြား(မင်းကွန်း) ဓာတ်အားခွဲရုံတို့မှာ ခွဲရုံများတည်ဆောက်ပြီးစီး၍ ၃၃ကေဗွီ ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဓာတ်အားခွဲရုံ ၁၃ ရုံ တည်ဆောက်ပြီးစီးပါက စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာပေါင်း ၃၃၁ ရွာကို ဓာတ်အားပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ ၃၃/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံများဖြစ်သည့် ဝက်လက်ဓာတ်အားခွဲရုံ၊ ခင်ဦးဓာတ်အားခွဲရုံနှင့် ကန့်ဘလူဓာတ်အားခွဲရုံတို့ကို ဩဂုတ်လတွင် လည်းကောင်း၊ မြင်းမူဓာတ်အားခွဲရုံနှင့် အရာတော်ဓာတ်အားခွဲရုံတို့ကို ဇူလိုင်လတွင်လည်းကောင်း၊ ရေဦးဓာတ်အားခွဲရုံနှင့် ဆားတောင်ဓာတ်အားခွဲရုံတို့ကို စက်တင်ဘာလတွင် လည်းကောင်း၊ တန့်ဆည်ဓာတ်အားခွဲရုံ၊ ကသာဓာတ်အားခွဲရုံနှင့် ပင်လည်ဘူးဓာတ်အားခွဲရုံတို့ကို အောက်တိုဘာလတွင်လည်းကောင်း အင်အားတိုးမြှင့်တည်ဆောက်ကာ ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးတွင် ၃၃/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံများဖြစ်သည့် စကုမြို့ထနောင်းတော ဓာတ်အားခွဲရုံကို အောက်တိုဘာလတွင် လည်းကောင်း၊ မင်းဘူးဓာတ်အားခွဲရုံနှင့် စလင်းဓာတ်အားခွဲရုံတို့ကို စက်တင်ဘာလတွင် လည်းကောင်း အင်အားတိုးမြှင့်တည်ဆောက်ကာ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ၆၆/၁၁ကေဗွီ၊ ၁၀အမ်ဗွီအေ ဓာတ်အားခွဲရုံများဖြစ်သည့် ဆိပ်ဖြူဓာတ်အားခွဲရုံ၊ ပခုက္ကူမြို့ရှိ အမှတ်(၂) ဓာတ်အားခွဲရုံနှင့် ရေစကြိုမြို့ရှိ ပခန်းကြီးဓာတ်အားခွဲရုံတို့ကို ဒီဇင်ဘာလတွင် လုပ်ငန်းများပြီးစီးရန် လျာထားဆောင်ရွက်လျက်ရှိရာ အဆိုပါ ဓာတ်အားခွဲရုံ ခြောက်ရုံ တည်ဆောက်ပြီးစီးပါက တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာပေါင်း ၂၀၀ ကို ဓာတ်အားပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

# ရွှေကျင်မြို့နယ်အတွင်း နည်းမျိုးစုံဖြင့် အမဲလိုက်နေကြ၍ တောရိုင်းတိရစ္ဆာန်များ မျိုးသုဉ်းလုနီးပါးဖြစ်

**သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-ဇော်လူ**

ဂေဟဗေဒအရ ကောင်းမွန်သည့်နေရင်းဒေသများတွင် ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း) ရွှေကျင်မြို့နယ်လည်း အပါအဝင်ဖြစ်ရာ ၂၀၀၅ ခုနှစ်ခန့်မှ အစပြု၍ တစ်နှစ်ထက်တစ်နှစ် အမဲလိုက်မှု များပြားလာခြင်းကြောင့် ယခုအခါ တောရိုင်းတိရစ္ဆာန်များ မျိုးသုဉ်းလုနီးပါ ဖြစ်နေကြောင်း မြို့နယ်နယ်နိမိတ်အတွင်း အရှေ့ရိုးမတောင်ပေါ်နေ ဒေသခံများက ပြောသည်။

“ဒီအရှေ့ရိုးမတောင်ပေါ်မှာ အရင်တုန်းက သဘာဝအတိုင်း နေထိုင်ကျက်စားတဲ့ ရှားပါးတောရိုင်းတိရစ္ဆာန်မျိုးစိတ်တွေ အများအပြားရှိခဲ့တာ။ လွန်ခဲ့တဲ့ ၁၃ နှစ်လောက်ကစပြီး တစ်နှစ်ထက်တစ်နှစ် အမဲလိုက်တာများလာတော့ အခုမရှိသလောက် ရှားပါးနေပြီ။ အရင်က ဒီတောထဲမှာ ကျားခြေရာဆို ခန့်မှန်းခြေ နှစ်ကောင်၊ သုံးကောင်လောက်ထိ တွေ့ခဲ့တာ။ ကြံ့ဆိုရင်လည်း ခန့်မှန်းခြေ ခုနစ်ကောင်လောက်အထိ ခြေရာတွေ တွေ့ခဲ့တယ်။ ပြီးခဲ့တဲ့လက တောတွင်းနေရာအချို့မှာ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးက ထောင်ချောက်ကင်မရာနဲ့ ရိုက်ကူးရရှိထားတဲ့ထဲမှာ ကျားတစ်ကောင်၊ ကျားသစ်လေးကောင်၊ ကြံ့တစ်ကောင်ကို မြင်တွေ့ရတယ်။ ကြံ့ရဲ့မျိုးစိတ်အမျိုးအစားနဲ့ အထီးအမကိုတော့ အတိအကျ ခွဲခြားမပြောနိုင်ဘူး။ နောက်ထပ်အဲ့ဒီကင်မရာထဲမှာပဲ မျောက်မျက်ကွင်းဖြူ၊ တောင်ဆိတ်၊ သင်းခွေချပ်၊ ဖျံ၊ တိရစ္ဆာန်အကောင်ရေကလည်း အရင်တုန်းက မြင်ခဲ့ရတာထက် နည်းပါးလာတာ မြင်ရတယ်။ အခုလို လုပ်နေရင်တော့ ကြာလာရင် မျိုးသုဉ်းပျောက်ကွယ်ကုန်လိမ့် မယ်။ ဒီလိုဖြစ်ရတဲ့အကြောင်းအရင်းကတော့ သူတို့ ကျင်လည်ကျက်စားရာနေရာရဲ့အခြေအနေနဲ့ ရှင်သန်ရပ်တည်မှုကို ခြိမ်းခြောက်မှုအန္တရာယ် အမျိုးမျိုးခံရတာရယ်ကြောင့် တဖြည်းဖြည်း ရှားလာတာပါ”ဟု ၎င်းက ဆက်လက်ပြောသည်။



ထို့အပြင် ယင်းတောတောင်ဒေသအတွင်း ချင်းလူမျိုးတို့၏ အထိမ်းအမှတ် ငှက်ဖြစ်သော အောင်လောင်နှင့်အောက်ချင်းငှက်မျိုးစိတ်တို့သည် ယခင်က အကောင်ရေ အများအပြားဖြင့် အုပ်စုဖွဲ့ နေထိုင်ကျက်စားမှုရှိသော်လည်း ယခုအခါ မရှိသလောက် ရှားပါးနေပြီဖြစ်ကြောင်း သိရသည်။ ထို့အတူ ကမ္ဘာပေါ်တွင် မျိုးသုဉ်းပျောက်ကွယ်တော့မည် အန္တရာယ်နှင့်ရင်ဆိုင်နေရပြီဖြစ်သော ဥဒေါင်းငှက်မျိုးစိတ်၏ အသားကို စားရန် အမွေးအတောင်ကို အလှဆင်ရန် နည်းမျိုးစုံဖြင့် ဖမ်းဆီးသတ်ဖြတ်နေကြကြောင်းလည်း သိရသည်။

မြန်မာနိုင်ငံသည် ဂေဟစနစ်များ၊ အပင်နှင့် သတ္တဝါမျိုးစိတ်များ ပျံ့နှံ့ကျက်စားနေထိုင်မှု၊ ပေါက်ရောက်ရှင်သန်မှုတို့အတွက် ကမ္ဘာလုံးဆိုင်ရာတွင် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ အချက်အချာနေရာ ၂၅ ခုအနက် တစ်ခုပါဝင်ကြောင်း သဘာဝပတ်ဝန်းကျင်လေ့လာနေသော ပညာရှင်အချို့၏ ရေးသားဖော်ပြထားချက်အရ သိရသည်။ ဇီဝသိပ္ပံဆိုင်ရာလေ့လာတွေ့ရှိမှု မှတ်တမ်းများအရလည်း မြန်မာနိုင်ငံအတွင်း ရှားပါးတိရစ္ဆာန်မျိုးစိတ်များ ရှင်သန်နေထိုင်ကျက်စားကြကြောင်း သိရသည်။

မြို့နယ်အတွင်း အရှေ့ရိုးမတောင်တန်းတွင် မျိုးသုဉ်းလုနီးပါးဖြစ်နေသည့် တောရိုင်းတိရစ္ဆာန်များမှာ ကျား၊ ကြံ့၊ ကျားသစ်၊ မျောက်မျက်ကွင်းဖြူ၊ သင်းခွေချပ်၊ တောင်ဆိတ်နှင့် ငှက်မျိုးစိတ်များအနေဖြင့် ဥဒေါင်း၊ အောက်ချင်း၊ အောင်လောင်ငှက်စသည့် တိရစ္ဆာန်များဖြစ်ပြီး လက်ရှိတွင် ပြောင်၊ တောကြောင်၊ ဆတ်၊ တောဝက်၊ မျောက်လွှဲကျော် စသည့်တိရစ္ဆာန်များသာ ကျန်ရှိတော့ကြောင်း သိရသည်။

တောရိုင်းတိရစ္ဆာန်များ အမဲလိုက်ခြင်းနှင့် မျိုးသုဉ်းမည့် အန္တရာယ်ရှိသော တိရစ္ဆာန်များကို ဥပဒေဖြင့် အကာအကွယ်ပေးထားသော်လည်း အရှေ့ရိုးမတောင်တန်းပေါ်၌ ဥပဒေမဲ့ အမဲလိုက်မှုများရှိနေကြောင်း သိရသည်။

ထို့ကြောင့် ပဲခူးတိုင်းဒေသကြီး ရွှေကျင်ဒေသရှိ တောရိုင်းတိရစ္ဆာန်များသည် တောပစ်မုဆိုးများ၏ အမဲလိုက်ခြင်းနှင့် နေထိုင်ကျက်စားရာနေရာများ ပျောက်ဆုံးခြင်းစသည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသည့်အတွက် ယင်းတောရိုင်း တိရစ္ဆာန်များ မြန်မာ့မြေပေါ်တွင်သာမက ကမ္ဘာမြေပေါ်မှာပါ ပပျောက်မသွားအောင် ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းကာကွယ်ပြီး တာဝန်ရှိသူများကလည်း ထိန်းသိမ်းစောင့်ရှောက်သင့်ကြောင်း တိရစ္ဆာန်ချစ်သူများက ပြောသည်။

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၆-၁၂-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၁၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၂၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၁၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၅၅/၉၇၀ | ကျပ် | ၉၈၀/၉၉၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၆၅/၉၈၀ | ကျပ် | ၉၉၅/၁၀၀၅ | ကျပ် |
| အောက်တိန်း ၉၂ | ၇၉၅/၈၁၀ | ကျပ် | ၈၅၀/၈၆၅ | ကျပ် |
| အောက်တိန်း ၉၅ | ၈၆၀/၈၇၅ | ကျပ် | ၉၂၀/၉၂၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၈၁ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၉၇ ・ ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၅၁ ・ ၉ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၉၅ ・ ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၉၄ ・ ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၄၀ ・ ၈ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၉ ・ ၉၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ ・ ၀၀၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၄၀ ・ ၃၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၈ ・ ၀၅ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ ・ ၃၀၄ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-**
**၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


**မြန်မာ့အလင်း**

| | |
|---|---|
| **စာတည်းမှူးချုပ်** | - အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - ဝင်းကျော် |
| **စာတည်းမှူး** | - မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# ကျွန်တော်နဲ့ အမုန်းခံခြင်း



## ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

### မှန်တာပြောရင် ကြိုက်တဲ့သူနည်း

ကျွန်တော်တတ်နိုင်သမျှ စိတ်ထဲရှိတာကို ပွင့်ပွင့်လင်းလင်း ပြောတတ်အောင် ကြိုးစားပါတယ်။ မှန်တဲ့အတွေး၊ မှန်တဲ့အပြော၊ မှန်တဲ့အလုပ် ဒီသုံးခုကို အမြဲဆင်ခြင်မိတယ်။ အတွေးမှန်မှ အပြောမှန်မှာဖြစ်သလို အပြောမှန်မှလည်း အလုပ်မှန်နိုင်မှာ။ အတွေးမှန်ဖို့ကတော့ အသိဉာဏ်ကို အားကိုးရမှာ။ မိမိရဲ့ ဆည်းပူးလေ့လာမှု စုံစမ်းမှုတွေအပေါ် မူတည်နေတာ။ ခက်တာက မှန်တာပြောရင် ကြိုက်တဲ့သူက နည်းတာ။ အမုန်းခံရမှာ။ အခုတလော ကျွန်တော်အမုန်းခံပြီး ပြောခဲ့ရတာ။ တစ်ခါလည်း မဟုတ်ဘဲ အကြိမ်ကြိမ်ပြောနေရတော့ စိတ်ပူလာမိတယ်။

ကျွန်တော်က အချိန်ကိုလေးစားတယ်။ လူတိုင်းမှာ ၂၄ နာရီပဲရှိတော့ ရှိတဲ့အချိန်ကို တန်ဖိုးရှိရှိ လုပ်စေချင်တယ်။ သတိထားစေချင်တယ်။ အစည်းအဝေးရှိရင် မစခင် အနည်းဆုံး ၁၅ မိနစ်စောပြီးရောက်အောင်သွားတယ်။ ကိုယ်ကသူများကို စောင့်ရတာ ကိစ္စမရှိဘူး။ ကိုယ်နောက်ကျလို့ သူများစောင့်နေရတာမျိုးမဖြစ်အောင် ဆင်ခြင်တယ်။ ကျွန်တော် အချိန်တိကျတာကို ကျွန်တော်နဲ့ ဆက်ဆံဖူးတဲ့ ပတ်သက်တဲ့သူတွေက သိနေကြတယ်။ စတဲ့အချိန်ကို တိကျသလို ပြီးတဲ့အချိန်ကိုလည်း သတိထားတယ်။ ခက်တာက ယဉ်ကျေးမှု။ အစည်းအဝေးတွေခေါ်တဲ့အခါမှာ ခေါ်တဲ့အချိန်တိုင်း မစနိုင်ကြဘူး။ လူမစုံလို့၊ နောက်ကျနေလို့၊ လူကြီးမလာသေးလို့ ဆိုတဲ့ အကြောင်းပြချက်မျိုးစုံနဲ့ အချိန်မီ မစဖြစ်ကြဘူး။ အစည်းအဝေးပြီးတဲ့အချိန်ကိုလည်း တိတိကျကျ သတ်မှတ်ထားတာ မရှိဘူး။ ပြီးချင်တဲ့အချိန်မှ ပြီးတာ။ အတော်လေး စိတ်ပျက်စရာ။ ဒါကို ထုံးစံလို့ သည်းခံနေကြတယ်။ ခွင့်လွှတ်နေကြတယ်။

### အချိန်လေးစားဖို့တောင်းပန်

အရင်တစ်ပတ်က ကျွန်တော်ပွဲတစ်ပွဲတက်ဖြစ်တယ်။ (Myanmar Commerce Fair 2018) စာရင်းကိုင်တွေ၊ စာရင်းစစ်တွေက ဦးစီးတဲ့ပွဲ။ အင်းလျားလိပ်ဟိုတယ်အရှေ့မှာရှိတဲ့ ခန်းမအသစ်မှာ ပွဲက နှစ်ရက်။ ကျွန်တော့်ကို ဒုတိယနေ့ စကားဝိုင်းတစ်ခုမှာ သဘာပတိလုပ်ပေးပါလို့ ဒေါက်တာတင်လတ်က အကူအညီတောင်းခဲ့တယ်။ ကျွန်တော်ကလည်း လိုလိုချင်ချင်နဲ့ သဘောတူခဲ့တယ်။ အစည်းအဝေးအစီအစဉ်ကိုကြည့်လိုက်တဲ့အခါ မွန်းလွဲ ၂ နာရီမှစပြီး ၄၅ မိနစ် အချိန်ပေးထားတာ။ စကားဝိုင်းမှာ ကျွန်တော်နဲ့အတူ ဆွေးနွေးကြမယ့်သူ လေးဦး။ မြန်မာနိုင်ငံစာရင်းစစ်ချုပ်ရုံးက ညွှန်ကြားရေးမှူးချုပ်၊ မြန်မာအဂတိတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင်နဲ့ တရားလွှတ်တော်ရှေ့နေ၊ မြန်မာစက်မှုလက်မှုနဲ့ ကုန်သည်ကြီးများအသင်းရဲ့ တွဲဖက်အထွေထွေအတွင်းရေးမှူး။

ကျွန်တော်တို့ငါးဦး ဆွေးနွေးရမယ့်အကြောင်းအရာ။ ခေါင်းစဉ်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးနဲ့ လာဘ်ပေးလာဘ်ယူတားဆီးရေး ။ အခုလို ပုဂ္ဂိုလ်လေးဦးစလုံးနဲ့ ပတ်သက်နေတဲ့ ခေါင်းစဉ်မို့ အဆင်ပြေလှတာ။ ကျွန်တော်ကလည်း အခုလို လုပ်ပေးရတာကို ကျေနပ်နေမိတယ်။ ဒါပေမယ့် ပေးထားတဲ့အချိန်က ၄၅ မိနစ်ဆိုတော့ စိတ်ပူမိတယ်။ ဒါနဲ့ ကျွန်တော်က ဒေါက်တာတင်လတ်ဆီ စကားဝိုင်းမှာ ပါဝင်သူလေးဦးရဲ့ အီးမေးလ်လိပ်စာတွေ တောင်းခဲ့တယ်။ လိပ်စာတွေရတော့ သဘာပတိလုပ်မယ့် ကျွန်တော့်ရဲ့သဘောထားကို မျှဝေပေးခဲ့တယ်။ စကားဝိုင်းမှာ သဘာပတိလုပ်မယ့်ကျွန်တော်က နိဒါန်းပျိုးပြီး ပါဝင်သူတွေ မိတ်ဆက်ပေးရမယ်။ သူတို့တင်ပြပြီးချိန်မှာ အမေးအဖြေကဏ္ဍကို ကြီးကြပ်ရမယ်။ နောက်ဆုံးစကားဝိုင်းကို နိဂုံးချုပ်ပေးရမယ်။ ဒါကြောင့် ပါဝင်မယ့်သူတွေကို အချိန်လေးစားဖို့ တောင်းပန်ခဲ့တယ်။ အများဆုံး ၇ မိနစ် ၊ ၈ မိနစ်အတွင်း ပြီးနိုင်အောင် ပြင်ဆင်ထားဖို့ ပန်ကြားခဲ့တယ်။ သူတို့ကလည်း ကျွန်တော့်အစီအစဉ်ကို လိုက်နာမယ်လို့ ပြန်ကြားခဲ့တယ်။

**- ကျွန်တော်ကတော့ အားမနာနိုင်ဘူး။ ကိုယ့်နေရာနဲ့ကိုယ်၊ သူ့နေရာနဲ့သူ ဖြစ်စေချင်တာ။**

**- အချိန်မလေးစားတဲ့ယဉ်ကျေးမှုကို ဘယ်လိုကုစားကြမလဲ။ ကုစားဖို့ဆိုပြန်တော့လည်း ဒါကိုပြဿနာတစ်ရပ်အနေနဲ့ မြင်မှဖြစ်မှာ။**

ပွဲလုပ်မယ့်နေ့မှာ ကျွန်တော်ချိန်းထားတဲ့ နေ့လယ်စာ စားဖို့သွားပြီး အင်းလျားလိတ်ဟိုတယ်ကို အချိန်မီရောက်အောင် သွားခဲ့တယ်။ ဝင်ပေါက်မသိလို့ ကသိကအောက်ဖြစ်သေးတယ်။ ကျွန်တော်ရောက်တော့ နေ့လယ် ၂ နာရီထိုးဖို့ ၅ မိနစ်။ အရှေ့က စကားဝိုင်းက လုပ်နေဆဲ။ အချိန်မီသေးတယ်ဆိုပြီး စိတ်သက်သာရာ ရခဲ့တယ်။ အခုလို ကိုယ့်အလှည့်စောင့်ရင်း အရှေ့ကအဖွဲ့က ပြောလို့ကောင်းတုန်း နိဂုံးချုပ်ဟန်လည်း မရဘူး။ သဘာပတိလုပ်သူကလည်း အရှိန်ရတုန်း မေးခွန်းတွေထပ်မေး။ စကားဝိုင်းထဲပါဝင်တဲ့သူတွေကို ဆက်လက်ဆွေးနွေးခိုင်းနဲ့ အချိန်က ၂ နာရီခွဲကျော်သွားခဲ့တယ်။ ကျွန်တော်က ဒေါက်တာတင်လတ်ကို အားနာနာနဲ့ပြောတော့ သူကလည်း မျက်နှာက ဆီးရွက်လောက်ပဲရှိတာ။ ကျွန်တော့်ကိုလည်း အားနာ။ စင်ပေါ်ရောက်နေသူတွေကိုလည်း ဆွဲချလို့မရ။ စကားဝိုင်းပြီးသွားပေမယ့် လက်ဆောင်တွေပေး။ ဓာတ်ပုံတွေရိုက်ရင်း ကျွန်တော်တို့အလှည့်ရောက်တော့ ၃ နာရီထိုးတော့မှာ။ ကျွန်တော်နိဒါန်းပျိုးတဲ့အခါ အချိန်မလေးစားမှုကို ထောက်ပြပေးခဲ့တယ်။ ကျွန်တော့်အရှေ့မှာ ထိုင်နေတဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ် ဆရာကြီးဦးမော်သန်းကိုတော့ အားနာပါတယ်။ ဒါပေမယ့် ဒီပွဲကြီးကို စီစဉ်ခဲ့ပုံကိုတော့ ဘဝင်မကျလှဘူး။ လူကြီးတွေဖြစ်တာမို့ ကိုယ်ပြောချင်တာတွေဟာ တန်ဖိုးရှိလှတယ်။ ဒါတွေကို မျှဝေတဲ့အခါ အချိန်ကို မကန့်သတ်သင့်ဘူး။ ဒီလိုစဉ်းစားကြမှာ။ ဒါကို ကျွန်တော် မငြင်းလိုပါဘူး။ ဒါပေမယ့် ဒီလိုလုပ်ချင်ရင် အချိန်ကန့်သတ်နဲ့ ကျင်းပတဲ့စကားဝိုင်းတွေမှာ မပါသင့်ဘူး။ အချိန်အကန့်အသတ်မရှိတဲ့ ဟောပြောပွဲကို လုပ်စေချင်တာ။ အခုလို စကားဝိုင်းတွေ တစ်ခုပြီးတစ်ခု တန်းစီထားရင် အရှေ့ကသူတွေ အချိန်မလေးစားရင် နောက်ကလူတွေမှာ ဒုက္ခရောက်တော့တာပဲ။ ပေးထားတဲ့အချိန်အတွင်း မပြောနိုင်တာဟာ ပရိသတ်ဖြစ်တဲ့သူတွေကို မလေးစားသလို အချင်းချင်းကိုလည်း မလေးစားရာရောက်တာ။ အခုတော့ ငါပြောတာ တန်ဖိုးရှိလွန်းလို့ ကြိုက်သလောက်အချိန်ယူပြီး ပြောမယ်လို့ ယူဆနေကြတာ။ ထုံးစံတစ်ခုဖြစ်နေတာကိုတော့ အမုန်းခံပြီးပြောရမှာ။ အခုတော့ အမုန်းခံတဲ့သူတွေ မရှိဘူး။ ကျွန်တော်ကတော့ မတတ်နိုင်ဘူး။ ပြောစရာရှိတာကို ပြောမှာပဲ။ မုန်းတယ်၊ ချစ်တယ်ဆိုတာက ကိုယ့်ကိစ္စမဟုတ်ဘူးလေ။

### အလုပ်တာဝန်ခွဲခြားသိဖို့လိုအပ်

ကျွန်တော် ကျွဲမြီးတိုတာသိတော့ တချို့တွေက လာပြောကြတယ်။ ပထမနေ့က ပိုဆိုးတယ်တဲ့။ သဘာပတိလုပ်သူနဲ့ စကားဝိုင်း ပါဝင်တဲ့သူတွေ ငြင်းကြခုံကြ။ အမှန်တော့ သဘာပတိရဲ့အလုပ်၊ စကားဝိုင်းပါဝင်ဆွေးနွေးမယ့်အလုပ်။ အလုပ်တာဝန်ခွဲခြားသိဖို့ လိုအပ်တာ။

ကျွန်တော့်ရဲ့စကားဝိုင်းမှာ ကြိုတင်ပြီး နားလည်မှုယူထားတာမို့ ပေးထားတဲ့အချိန်အတွင်း တင်ပြကြတယ်။ ဆွေးနွေးကြတယ်။ သပ်သပ်ရပ်ရပ်ပဲ ။ ဒါကြောင့်လည်း သူတို့ကို ကျေးဇူးတင်ရတယ်။ မေးခွန်းမေးချိန်ကြပြန်တော့ အမုန်းခံရပြန်ရော။ မေးတဲ့သူက မေးတာမဟုတ်ဘဲ သူပြောချင်တာတွေ ပြောနေတာမို့ မေးခွန်းကိုသာမေးဖို့ သတိပေးရပြန်တယ်။ ကြိုက်မှာတော့ မဟုတ်ဘူး။ ပြောချင်ကြသူတွေ သိချင်လို့ မေးတာမဟုတ်ဘဲ ကိုယ့်ရဲ့သဘောထားကို လူသိအောင် လုပ်ချင်ကြတာ။ ကျွန်တော်ကတော့ အားမနာနိုင်ဘူး။ ကိုယ့်နေရာနဲ့ကိုယ်၊ သူ့နေရာနဲ့သူ ဖြစ်စေချင်တာ။ မေးခွန်းမေးတာဟာ တင်ပြသူကိုလေးစားပြီး မေးခွန်းထုတ်ရမှာသာဖြစ်တယ်။ ကိုယ်ပြောဖို့ မဟုတ်ဘူး။ ပြောချင်ရင် တခြားနေရာမှာ ပြောဖို့လိုတာ။ ကျွန်တော်စိတ်ဆိုးသွားတဲ့အကြောင်း နောင်ကျင်းပတဲ့ အစည်းအဝေးတွေမှာ ပြောကြတယ်လို့ အမုန်တော့ စိတ်မဆိုးပါဘူး။ စိတ်ဆိုးဖို့လည်း မလိုပါဘူး။ ရင်လေးမိတာတော့အမှန်ပဲ။

အချိန်မလေးစားတဲ့ယဉ်ကျေးမှုကို ဘယ်လိုကုစားကြမလဲ။ ကုစားဖို့ဆိုပြန်တော့လည်း ဒါကိုပြဿနာတစ်ရပ်အနေနဲ့ မြင်မှဖြစ်မှာ။ ဒါမှမဟုတ်ဘဲ ဘာဖြစ်သလဲ အချိန်တွေ အများကြီးရှိတာ။ ပြောချင်သလောက်ပြောကြ။ ဒီလိုစိတ်တွေ ရှိသရွေ့ ပြောင်းလဲဖို့မလွယ်လှဘူး။ မနက်ကစတဲ့အစည်းအဝေး ညအထိလုပ်တဲ့အကျင့်ကို ဘယ်လိုပြင်ကြမလဲ။ အစည်းအဝေးလုပ်နေရတာကို ကျေနပ်နေတော့ခက်တာ။

### ကိုယ့်စေတနာနားလည်ဖို့မျှော်လင့်

မနေ့ကလည်း အဖွဲ့တစ်ဖွဲ့မှာ အမုန်းခံရပြန်တယ်။ ဒီတစ်ခါက်တော့ မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ကျင်းပတဲ့ပွဲ။ နေ့လယ်စာထမင်းစားပြီး စကားဝိုင်းတစ်ခုလုပ်ခဲ့ပါတယ်။ သဘာပတိက ကျွန်တော်။ ပါဝင်ကြတဲ့သူတွေက ခုနစ်ဦး။ ဥက္ကဋ္ဌ ဦးအောင်ကြည်က အချိန်ရတယ်။ ဆွေးနွေးကြပါဆိုပြီး ခွင့်ပေးခဲ့။ ပါဝင်အဖွဲ့ဝင် ဦးဇော်ဝင်းကလည်း ဆရာ ကြိုက်သလိုစီစဉ်ပါလို့ ပြောတယ်။ ဒါပေမယ့် အရင်တစ်ခါက်လို စကားဝိုင်းမှာ ပါဝင်မယ့်သူတွေနဲ့ ကြိုတင်ညှိနှိုင်းခဲ့တယ်။ ရတဲ့အချိန်အတွင်းမှာ ပါဝင်ဆွေးနွေးကြဖို့ ပြောထားသလို သူတို့အားလုံးကလည်း တာဝန်ကျေကြတယ်။ သတ်မှတ်ထားတဲ့အချိန်မှာ ပြောနိုင်ကြတယ်။ မေးခွန်းတွေ မေးတဲ့အခါ အခက်အခဲကြုံရပြန်ရော။ မေးခွန်းမမေးခင် ကိုယ့်ရဲ့အကြောင်း ပြောလာတယ်။ ပြောချင်ရှာမှာပဲလို့ ကိုယ်ချင်း စာပေမယ့် ကိုယ့်တာဝန်က သဘာပတိအနေနဲ့ အချိန်ကိုထိန်းရမှာ။ ဒါကြောင့် မေးခွန်းမေးဖို့ သတိပေးရပြန်တယ်။ ပြောချင်တာ မပြောရတော့ ကျွန်တော့်ကို မုန်းမှာပဲ။

မေးခွန်းမေးပါလို့ပြောတာက ပြောတဲ့အပေါ် မေးဖို့။ ကျွန်တော်အပါအဝင် စကားဝိုင်းမှာပါဝင်သူခုနစ်ဦးက အစိုးရဌာန၊ မီဒီယာ၊ စီးပွားရေးလုပ်ငန်း၊ အရပ်ဘက်လူ့အဖွဲ့အစည်း ကိုယ်စားပြုပြီး ဖိတ်ကြားထားတာ။ တင်ပြချက်တွေဟာလည်း စိတ်ဝင်စားစရာ။ ဒါပေမယ့် မေးခွန်းမေးကြတဲ့အခါ သူတို့နဲ့ လုံးဝမဆိုင်တဲ့၊ သူတို့မဖြေနိုင်တဲ့မေးခွန်းတွေ မေးကြတယ်။ ဖြေနိုင်တဲ့သူက ဥက္ကဋ္ဌ ဦးအောင်ကြည်ဖြစ်တာမို့ ဥက္ကဋ္ဌကို ဖြေပေးပါလို့တောင်းပန်ခဲ့ရတယ်။ အကြိမ်ပေါင်း မနည်းလှဘူး။

ဒါကြောင့်လည်း နိဂုံးချုပ်မှာ မေးခွန်းမေးတဲ့သူတွေကို သတိပေးမိတယ်။ တင်ပြချက်တွေကို အခြေခံပြီးမမေးဘဲ ခေါင်းစဉ်နဲ့ လုံးဝမဆိုင်တာတွေမမေးဖို့ ဒီလိုပြောတာကို ကြိုက်ကြမှာ မဟုတ်ဘူး။ အခွင့်အရေးရတုန်း မေးချင်တာ မေးလိုတဲ့သူတွေက ရှိနေပြန်တော့ ပြောရတာခက်တယ်။ မတတ်နိုင်ပါဘူး။ မုန်းရင်လည်းခံရမှာပါပဲ။ ကိုယ့်စေတနာကို နားလည်ကြလိမ့်မယ်လို့ မျှော်လင့်ရတာပါပဲ။ ။

---

## အင်းဝခေတ်ဗိသုကာလက်ရာများ လေ့လာနိုင်သော လေးထပ်ကြီးဘုရားသို့ ခရီးသွားများ လာရောက်လေ့လာမှုများပြားလျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အင်းဝမြို့ဟောင်း ဟံသာဝတီကျေးရွာ အနီးတွင် တည်ရှိသော လေးထပ်ကြီး ဘုရားသည် စတုတ္ထအင်းဝခေတ် ဗိသုကာ လက်ရာများကို လေ့လာနိုင်သောကြောင့် ပြည်တွင်းပြည်ပ ခရီးသွားများလာရောက် လေ့လာမှုများပြားလျက်ရှိကြောင်း သိရသည်။

"ပွင့်လင်းရာသီ ဖြစ်တဲ့အတွက် အင်းဝဒေသကို ပြည်တွင်း ပြည်ပခရီးသွားတွေ လာရောက် လေ့လာမှု များပြားလျက်ရှိပါတယ်။ လေးထပ်ကြီးဘုရားကို မနှစ်ကစပြီး ပြည်တွင်းခရီးသွား သိသိသာသာများ လာတာပါပဲ။ ပြည်ပခရီးသွားက လာရောက်လေ့လာတာနှစ်တိုင်းများပေမယ့် ပြည်တွင်း ခရီးသွားလာရောက်လေ့လာမှု ထူးထူးခြားခြား များပြားလာတာ မနှစ်ကရော ဒီနှစ်ရောပဲ၊ ဒီဘုရားကြီးရဲ့ ဂန္ဓကုဋိတိုက် ကြီးမားခံ့ညားမှုတွေ၊ ရှေးခေတ်မြန်မာဗိသုကာပညာရှင်တွေရဲ့ ဗိသုကာလက်ရာတွေကို ပြည်တွင်း ပြည်ပပညာရှင်တွေ၊ ပြည်တွင်း ပြည်ပ ခရီးသွားတွေ စိတ်ဝင်တစားလေ့လာကြတယ်"ဟု ဟံသာဝတီကျေးရွာမှ ဒေသခံတစ်ဦးက ပြောပြသည်။



အင်းဝမြို့ဟောင်းရှိ လေးထပ်ကြီးဘုရားကို ညောင်ရမ်းမင်းတရားက မြန်မာသက္ကရာဇ် ၉၆၃ ခုနှစ်တွင် စတင်၍ လေးထပ်ကျောင်းကြီးကို ကျောင်းရံ ၄၀ နှင့်တကွ တည်ဆောက်ခဲ့ပြီး သားတော်သာလွန်မင်းက ပြီးစီးအောင်ဆောင်ရွက်ခဲ့သည်။ သက္ကရာဇ် ၁၀၂၀ ခုနှစ်တွင် တရုတ်တို့နှင့် စစ်မက်ဖြစ်ပွားရာ၌ လေးထပ်ကျောင်းတော်ကြီးကို မီးတိုက်ခံရသည်။ သက္ကရာဇ် ၁၁၈၇ ခုနှစ်တွင် စတုတ္ထအင်းဝနန်းစံ ဘကြီးတော်မင်းသည် သကျသီဟရုပ်ပွားတော်ကြီးအား ကြေးနီ၊ သလွဲ၊ ရွှေ၊ ငွေ စုစုပေါင်း ပိဿာချိန် ၁၆၀၁၀ ဖြင့် သွန်းလောင်းခဲ့ပြီး လက်ရှိဂန္ဓကုဋိတိုက်အဖြစ် ဆောက်လုပ်လှူဒါန်းခဲ့သည်။

လက်ရှိ ကြွင်းကျန်ရစ်သော ဂန္ဓကုဋိတိုက်ကို ဘကြီးတော်မင်းကောင်းမှု မုခ်ပေါက် လေးပေါက်ပါ လေးဖက်ညီ အုတ်ဂန္ဓကုဋိတိုက်မှာ ပြာသာဒ်ဖြင့်တည်ဆောက်ခဲ့ပြီး မျက်နှာလေးဖက်တွင် မုခ်ခုံတပ်ထားသည်။ မုခ်တံကဲတွင် သိကြားရုပ်၊ မိကျောင်းရုပ်၊ ခြသေ့်ရုပ်တို့ကို အင်္ဂတေပန်းများဖြင့် ထုလုပ်ထားပြီး အုတ်ပြာသာဒ်ကို အစောင့်ဘီလူးရုပ်ပါ စိန်တောင်သုံးဆင့်ဖြင့် ကာရံထားရာ စတုတ္ထအင်းဝခေတ် ဗိသုကာလက်ရာများ လေ့လာနိုင်ကြောင်း မှတ်တမ်းများအရ သိရသည်။

အင်းဝဒေသရှိ လေးထပ်ကြီးဘုရားသို့ ပြည်တွင်း ပြည်ပ ခရီးသွားများ လာရောက်လေ့လာမှု များပြားလျက်ရှိရာ ယခုနှစ်ခရီးသွားရာသီတွင် ယခင်နှစ်များထက် ပြည်တွင်းခရီးသွား လာရောက်လေ့လာမှု ပိုမိုများပြားလျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း (ပြန်/ဆက်)**

# ငါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးရန် ရန်ကုန်တက္ကသိုလ်၌ ငါးလုပ်ငန်းဆိုင်ရာဘာသာရပ် သင်ကြားပေးလျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ငါးလုပ်ငန်းဆိုင်ရာဘာသာရပ်သည် မြန်မာနိုင်ငံတွင် ရန်ကုန်တက္ကသိုလ်တစ်ခုတည်း၌သာ ၂၀၁၈ ခုနှစ်မှစ၍ ဖွင့်လှစ်ထားရှိသော ဘာသာရပ်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ရေလုပ်ငန်းနှင့် ငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန် ဦးတည်သင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားလျက်ရှိသည်။ မြန်မာ့ရေလုပ်ငန်းကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ ဘွဲ့ကြိုသင်တန်းအဖြစ် ဖွင့်လှစ်ထားခြင်းဖြစ်ပြီး ငါးလုပ်ငန်းဆိုင်ရာဘာသာရပ် သင်ကြားမှုမှ ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်တက္ကသိုလ် အင်းလျားကန်အနီး၌ ရေနေသက်ရှိသုတေသနဌာနကို ထားရှိ၍ Ph.D နှင့် မာစတာရရှိပြီး အထူးလေ့ကျင့်ပေးထားသည့် ဆရာ ဆရာမ ၂၂ ဦးနှင့် ကျောင်းသား ကျောင်းသူ ၄၁ ဦးက ရေနေသတ္တဝါများဖြစ်သော ငါး၊ ပုစွန်၊ ကဏန်း၊ ကမာစသည့် ရေနေသတ္တဝါ စီးပွားဖြစ်ထုတ်ကုန်များကို သုတေသနပြုလုပ်လျက် ကျောင်းသား ကျောင်းသူများအား ဘွဲ့ကြိုအဖြစ် သင်ကြားပေးလျက်ရှိသည်။



"မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နဲ့ ငါးလုပ်ငန်းဦးစီးဌာနတို့က လက်တွေ့လုပ်ဆောင်နေသူတွေကိုယ်တိုင်လည်း အထူးသင်ကြားပေးပါတယ်။ ကျောင်းသားတွေဟာ အချိန်တိုအတွင်းမှာ ဘာသာရပ်တွေကို စာတွေ့လက်တွေ့ပေါင်းစည်းရရှိမှာဖြစ်တဲ့အတွက် မြန်မာနိုင်ငံ ရေလုပ်ငန်းတိုးတက်ဖို့ အရင်းအမြစ်တွေ ဖြစ်လာမှာပါ။ ဆရာ ဆရာမနဲ့ ကျောင်းသားတွေအနေနဲ့ မြန်မာ့ရေလုပ်ငန်းဖွံ့ဖြိုးဖို့အတွက် အတတ်နိုင်ဆုံး ကြိုးစားသွားမှာပါ" ဟု ရန်ကုန်တက္ကသိုလ် ငါးလုပ်ငန်းဆိုင်ရာဘာသာရပ် ပါမောက္ခ ဒေါက်တာကေလွင်ထွန်းက ပြောသည်။

ရေနေသက်ရှိသုတေသနဌာန၊ ငါးလုပ်ငန်းဆိုင်ရာဘာသာရပ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ပြုလုပ်ထားသော သုတေသနများမှ တစ်စိတ်တစ်ပိုင်းကိုလည်း ဒီဇင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ ရန်ကုန်တက္ကသိုလ် RC(2) ၌ ကျင်းပခဲ့သည့် သိပ္ပံပွဲခင်းတွင် ပြသခဲ့ပြီး ငါးနှင့်ပတ်သက်သည့် ရောဂါပိုင်းဆိုင်ရာ ပြကွက် ၁၁ ခုနှင့် ငါးကန်ပြကွက် ကိုးခုကို ပြသခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ငါးလုပ်ငန်းဦးစီးဌာနတို့အနေဖြင့် ရေနေသက်ရှိသုတေသနလုပ်ငန်းများကို ပြုလုပ်ခဲ့သည်မှာ ၁၀ နှစ်ကျော်ပြီဖြစ်သည်။ ယခု မြန်မာနိုင်ငံ၌ ပထမဆုံးဖွင့်လှစ်ထားသော ငါးလုပ်ငန်းဆိုင်ရာဘာသာရပ်တွင် ၅၀ ရာခိုင်နှုန်း စာသင်ကြားခြင်း၊ ၃၀ ရာခိုင်နှုန်း လက်တွေ့သင်ကြားခြင်း၊ ၁၀ ရာခိုင်နှုန်း နိုင်ငံခြားမှ ဆရာများဖြင့် သင်ကြားခြင်းနှင့် ၁၀ ရာခိုင်နှုန်း ကွင်းဆင်းဆောင်ရွက်ခြင်းတို့ကို သင်ရိုးညွှန်းတမ်း စတင်ရေးဆွဲစဉ်ကပင် အချိုးကျရေးဆွဲခဲ့ကာ မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ငါးလုပ်ငန်းဆိုင်ရာပညာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**

# ဆည်ရေအသုံးပြုသူများအဖွဲ့ ဖွဲ့စည်းတည်ထောင်ခြင်း လုပ်ငန်းစဉ်များဆိုင်ရာ အထောက်အကူပြု သင်တန်းဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) နှင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဆည်ရေသောက်ရေိယာများတွင် ဆည်ရေကို ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်စေရန်အတွက် ရေအသုံးပြုသူများအဖွဲ့ (WUG) နှင့် ရေအသုံးပြုသူများအသင်း (WUA) တို့ကို ဖွဲ့စည်းနိုင်ရေး ရည်ရွယ်ဆောင်ရွက်လျက်ရှိရာတွင် အထောက်အကူပြုနိုင်မည့် The Intensive Training (ToT) on Establishment of WUG/ WUA in Myanmar သင်တန်းကို နေပြည်တော်ရှိ ပတ်ခ်ရွိုင်ရယ်ဟိုတယ်၌ ဒီဇင်ဘာ ၁၃ ရက်မှ ၁၄ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့သည်။

**ဆွေးနွေးပို့ချသွားမည်**

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အင်ဂျင်နီယာ သင်တန်းသား သင်တန်းသူ ၃၈ ဦးတက်ရောက်ခဲ့ပြီး ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က အမှာစကားပြောကြားခဲ့သည်။ သင်တန်းတွင် ဆည်မြောင်းလုပ်ငန်းများ ရေရှည်တည်တံ့ပြီး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆည်ရေစီမံခန့်ခွဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များကို လည်းကောင်း၊ ဌာနနှင့် တောင်သူလယ်သမားပူးပေါင်းဆောင်ရွက်သည့် အလေ့အထများ ရှင်သန်ဖွံ့ဖြိုးလာစေရေးလုပ်ငန်းစဉ်များကိုလည်းကောင်း၊ WUG/ WUA ဖွဲ့စည်းတည်ဆောက်ပုံလုပ်ငန်းစဉ် အဆင့်ဆင့်ကိုလည်းကောင်း၊ ဆွေးနွေးပို့ချသွားခဲ့ကြောင်း သိရသည်။

**တင်မောင်လွင် (မြန်မာ့အလင်း)**



# ဆေးဖက်လည်းဝင် ခံတွင်းရှင်၊ ရသာပေါင်းစုံ ဂရိတ်ဖရု

**ပူတာအို ဒီဇင်ဘာ ၁၆**

ပူတာအိုမြေသို့ ခြေချလိုက်သည်နှင့် စတင်ထိတွေ့လိုက်ရသည်ကတော့ ဝင်းထိန်လှပစွာ သီးပွင့်နေကြသည့် ဂရိတ်ဖရုများပင် ဖြစ်လေသည်။

ပူတာအိုလွင်ပြင် တစ်လျှောက် လှည့်လည်သွားလာခဲ့ရာ ဂရိတ်ဖရုပင် မစိုက်ပျိုးထားသည့် နေအိမ်မရှိသလောက်ပင်။ ပူတာအိုနှင့် ဂရိတ်ဖရုက လှပစွာ ဒွန်တွဲလျက်ရှိနေပေသည်။ သုံးရက်တာနားနေတည်းခိုမည့် Hotel Putro ကို ရောက်တော့လည်း ဧည့်ကြိုလေးများက ဂရိတ်ဖရုဖျော်ရည်လေး ဖြင့် ကြိုဆိုလိုက်သောအခါ မမေ့နိုင်သော ရသက ထာဝရစွဲထင်စေခဲ့လေသည်။

"ကျွန်တော်တို့ ပူတာအိုဒေသမှာ ဂရိတ်ဖရုပင်ကတော့ နေအိမ်တိုင်းလိုလိုမှာ စိုက်ပျိုးထားလေ့ရှိကြပြီး နမ့်ခမ်းနဲ့ မလိခွမ်း ကျေးရွာတွေမှာတော့ စီးပွားဖြစ်စိုက်ပျိုးကြကာ မြန်မာတစ်နိုင်ငံလုံးကို တင်ပို့ရောင်းချကြပါတယ်" ဟု ဒေသခံဧည့်လမ်းညွှန်ဖြစ်သူ ရဝမ်တိုင်းရင်းသား ကိုဖီရမ်က ရှင်းပြသည်။

ရုက္ခဗေဒအမည်အားဖြင့် Citrus paradisi ဖြစ်ပြီး အင်္ဂလိပ်ဘာသာဖြင့် Grape Fruit ဟု ခေါ်တွင်သည့် ဆေးဖက်လည်းဝင် အရသာလည်း ပြည့်စုံသည့် သဘာဝလက်ဆောင် ဂရိတ်ဖရုပင်များကို ကချင်ပြည်နယ်တွင် အဓိကစိုက်ပျိုးလေ့ရှိကြပြီး ရှမ်းပြည်နယ်နှင့် မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင်လည်း စိုက်ပျိုးပေါက်ရောက်နိုင်လေသည်။ ၁၀ ပေ ၁၅ ပေခန့်အထိ အမြင့်ရှိကာ အမြဲစိမ်းလန်းသော ပင်လတ်မျိုး ဖြစ်လေသည်။ ဂရိတ်ဖရု၏ ထူးခြားချက်မှာ အင်ဆူလင်ရေချိန်ညှိခြင်း စွမ်းအင်ရှိကာ ဆီးချိုနှင့် အသည်းရောဂါဝေဒနာအတွက် သဘာဝကပေးသော ဆေးလက်ဆောင်ပင် ဖြစ်လေသည်။

ပျမ်းမျှအားဖြင့် ဂရိတ်ဖရု အရည် ၈အောင်စတွင် ကယ်လိုရီ ၁၀၀ ခန့် ပါဝင်သည့်အတွက် ခန္ဓာကိုယ်အား အဆီကျစေနိုင်သော စွမ်းအားရှိသဖြင့် အကျိုးရှိရှိ နည်းလမ်း မှန်မှန်ဖြင့် ချိန်ညှိသုံးစွဲနိုင်လေသည်။ သွေးတိုးရောဂါနှင့် နှလုံးရောဂါအတွက်လည်း အသုံးတည့်သော သစ်သီးဖြစ်ကာ ခန္ဓာကိုယ် ခုခံအားကောင်းစေရန်နှင့် အသားအရေစိုပြည်လှပစေရန်အတွက်လည်း သုံးစွဲလေ့ရှိကြသည်။ အရွက်ကို ဝက်ရူးပြန်ရောဂါ၊ အတက်ရောဂါနှင့် ချောင်းဆိုးရောဂါတို့တွင် အသုံးပြုလေ့ ရှိကြပြီး အစေ့ကိုလည်း Lunbago ခေါ် ခါးနာရောဂါတွင် ဆေးဝါးအဖြစ် ဖော်စပ်အသုံးပြုနိုင်လေသည်။ အသီးမှည့်ကို သန်၊ တုပ်ရောဂါ၊ သည်းခြေရောဂါ၊ အော့အန်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် မျက်စိနာခြင်းတို့ကို ကုသရာတွင် အသုံးပြုနိုင်ကြောင်းလည်း သိရသည်။

ဂရိတ်ဖရုသီးကို အာယုဗ္ဗေဒဆေးပညာတွင် အရေပြားရောဂါ၊ ပန်းနာ၊ ချောင်းဆိုး၊ ကြို့ထိုး၊ ဝက်ရူးပြန်ရောဂါနှင့် အတက်ရောဂါတို့ကို ကုသရာတွင်လည်း ဆေးဝါးအဖြစ် ဖော်စပ်အသုံးပြုကြသည်။

အေးချမ်းလှသည့် ဆောင်းကာလဖြစ်သည့် ဒီဇင်ဘာနောက်ဆုံးပတ်မှသည် ဖေဖော်ဝါရီလလယ်ခန့်အထိ ပူတာအိုလွင်ပြင်အား ဝန်းရံလျက်ရှိသော တောင်တန်းကြီးများသည် ရေခဲတောင်များအဖြစ် အလှဆင်နေပြီဖြစ်ရာ ကချင်ပြည်နယ်၏ အလှအပများကို ခံစားလေ့လာရင်း "ဆေးဖက်လည်းဝင် ခံတွင်းရှင် ရသာပေါင်းစုံ ဂရိတ်ဖရု" သီးလေးများအား လာရောက်သုံးဆောင်နိုင်ကြပါရန် ဖိတ်မန္တကပြုလိုက်ရပေတော့သည်။

**မောင်ယဉ်ကျေး**

# သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

# တောင်သူလယ်သမားများနှင့် ပြည်သူတို့အား အကျိုးပြုနေသည့် ရေဆင်းဆည်

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် ရေဆင်းကျေးရွာအနီး ရေဆင်းချောင်းပေါ်တွင်ရှိသော ရေဆင်းတမံသည် ၁၉၇၅ ခုနှစ်က တည်ဆောက်ခဲ့ရာ ယခုအခါ နှစ်ပေါင်း ၄၀ ကျော် ရှိလာပြီဖြစ်သည်။ ရေဆင်းတမံကို မိုးရာသီစိုက်ပျိုးသည့် သီးနှံများအတွက် ရေလိုအပ်သည့် အချိန်တွင် ဖြည့်ဆည်းပေးရန်နှင့် သီးထပ်စိုက်ပျိုးရန် ရည်ရွယ်၍ တည်ဆောက်ပေးထားခြင်း ဖြစ်သည်။ သို့ရာတွင် ယခုအခါ နေပြည်တော်ကောင်စီအဖြစ် မြို့သစ် တိုးချဲ့တည်ဆောက်ထားသဖြင့် စိုက်ပျိုးရေအပြင် မြို့သုံးရေအတွက် အသုံးပြုနေရသဖြင့် အလွန်အရေးပါသော ဆည်ကြီးတစ်ခု ဖြစ်လာသည်။

ရေဆင်းဆည်မှာ ရေဆင်းရေိယာ ၃၆ စတုရန်းမိုင်ရှိသည်။ နှစ်စဉ်မိုးရေချိန် လက်မ ၅၀ ခန့် ရွာသွန်းသည်။ တမံအမျိုးအစားမှာ မြေသားတမံဖြစ်သည်။ တမံ အမြင့်ပေ ၁၁၀၊ တမံအလျားပေ ၈၁၀၀၊ ကန်ရေပြည့် ရေလှောင်ပမာဏ ပေ ၇၃၀၀၀၊ ရေထုတ်ပြွန် အမျိုးအစားမှာ ၇ ပေ အချင်းရှိ သံကူကွန်ကရစ်ဖြစ်သည်။ ရေပိုလွှဲအမျိုးအစားမှာ သံကူအားဖြည့် ကွန်ကရစ်ဖြစ်ကာ အရွယ်အစားမှာ ၅ ပေ × ၅ ပေ နှစ်ပေါက်ဖြစ်သည်။ လက်ဝဲ တူးမြောင်းမှာ ပေ ၂၆၁၈၀ ရှိပြီး လက်ယာတူးမြောင်းမှာ ပေ ၃၆၀၀ ဖြစ်သည်။ ရေဆင်းဆည်ရေဖြင့် မိုးစပါး၊ နွေစပါးအပြင် အခြားသီးထပ်သီးညှပ်သီးနှံများကိုလည်း စိုက်ပျိုးနိုင်ခဲ့သည်။

၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ရေဆင်းဆည်၏ ပျမ်းမျှစီးဝင်ရေမှာ နည်းပါးလာသည့်အပြင် မြို့ပြသုံးရေအတွက်ပါ အသုံးပြုနေရခြင်းကြောင့် နွေစပါး၊ မိုးစပါးစိုက်ပျိုးရန် အခက်အခဲနှင့် ကြုံလာခဲ့သည်။ ထို့ကြောင့် ၂၀၁၅ ခုနှစ်က ကာကွယ်ရေးဌာနဝင်းအတွင်းရှိ ကျောက်သံပတ်ချောင်းပေါ်တွင် ရေလွှဲဆည်တစ်ခု တည်ဆောက်ပြီး ရေသွယ်မြောင်းဖောက်လုပ်ကာ ပုဇွန်ဆိတ်ချောင်းမှ တစ်ဆင့် ရေဆင်းဆည်သို့ ရေကူဖြည့်သွင်းရန် ဆောင်ရွက်ခဲ့ရာ နှစ်စဉ်ပျမ်းမျှ ဧကပေ ၈၀၀၀ ခန့် ရေကူပေးနိုင်ခဲ့သည်။ ထိုသို့ ရေကူဖြည့်သွင်းနိုင်ခဲ့ခြင်းကြောင့် ပျမ်းမျှမိုးရေချိန်ထက် မိုးပိုမိုရွာသွန်းလာခဲ့ခြင်းကြောင့် ၂၀၁၇ ခုနှစ်က နှစ်ပေါင်း ၄၀ ကျော်အတွင်း ပထမဆုံးအကြိမ် ကန်ရေပြည့်မှတ်သို့ ရောက်ရှိပြီး ရေပိုလွှဲမှ ရေကျော်ခဲ့သည်။

ယခုနှစ်မိုးစပါးရာသီတွင် ရေဆင်းဆည်ရေသောက်ရေိယာတစ်ခုလုံးအနေဖြင့် မိုးစပါးဧက ၈၈၀၀ ကို စိုက်ပျိုးရေပေးဝေခဲ့ပြီးနောက်တွင် နွေစပါးရာသီ၌ နွေစပါးဧက ၄၅၀၀ ကို စိုက်ပျိုးရေပေးဝေရန် ဆောင်ရွက်လျက်ရှိသည်။ မိုးရာသီအတွင်း မိုးရေစီးဆင်းတိုက်စားမှုကြောင့် မြောင်းပေါင်မြေသားများ နိမ့်လျှောကျမှုနှင့်အတူ ကျောက်ကွက်အချို့ နိမ့်ကျပျက်စီးခြင်း၊ မိုးရာသီကာလ ရေပေးရာသီတစ်လျှောက်တွင် ရေပေးမြောင်းအတွင်း မြက်ချုံများပေါက်ရောက်ခြင်းနှင့် သဲနုန်းပို့ချခြင်းစသည်တို့ ဖြစ်ပေါ်တတ်သည့် သဘာဝရှိသဖြင့် စိုက်ပျိုးရေပေးဝေမှုရပ်နားထားသည့် ကာလတွင်သာ ဌာနအနေဖြင့် ပြန်လည်ပြင်ဆင်ထိန်းသိမ်းမှုလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်ခဲ့သည်။

လက်ယာ(၁)မြောင်းမှာ လက်ယာမြောင်းမကြီးမှ ခွဲထွက်သည့် မြောင်းခွဲတစ်ခုဖြစ်ပြီး အလျား ၃၅၅၁ ပေ ရှည်လျားကာ စိစစ်ရေိယာ ၁၈၅၉ ဧကကို နှစ်စဉ် မိုးစပါးစိုက်ပျိုးရေ အပြည့်အဝ ပေးဝေလျက်ရှိသည်။ ယခု ၂၀၁၈-၂၀၁၉ ခုနှစ် နွေစပါးရာသီတွင် ဧက ၁၅၀၀ ကို စိုက်ပျိုးရေပေးဝေရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

လက်ယာ(၁)မြောင်းမှာ ယခင်ဆည် တည်ဆောက်စဉ်က မြေသားမြောင်းသာ ဖြစ်သည်။ သို့ရာတွင် စိုက်ပျိုးရေ အလေအလွင့် နည်းပါးစွာ ပေးဝေနိုင်ရန် ရည်ရွယ်၍ ၂၀၁၂ ခုနှစ်တွင် ကျောက်စီမြောင်းအဖြစ် အဆင့်မြှင့်တင်ပြုပြင်ခဲ့သည်။ ထိုသို့ အဆင့်မြှင့်တင်ပြုပြင်ရာတွင် မြေသားပုံစံကျပြုပြင်ခြင်း၊ ကျောက်ကြီးများ စီခင်းကာ ကျောက်ကြီးများအကြားရှိ လစ်ဟာနေသော နေရာများ၌ ဘိလပ်မြေ၊ သဲ၊ ကျောက်စရစ်ရောစပ်ထားသော ကွန်ကရစ်ကို ထည့်သွင်းလောင်း၍ ဆောင်ရွက်ခဲ့သည်။

လက်ယာ(၁)မြောင်း ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများအနေဖြင့် မြက်ချုံများ ရှင်းလင်းခြင်း၊ သဲနုန်းများ တူးဖော်ဖယ်ရှားခြင်း၊ မြောင်းပေါင်အားဖြည့်မြေဖို့ခြင်း၊ ကျောက်ကွက်နိမ့်ကျကျိုးပေါက်မှုများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စု သာမန်အသုံးစရိတ်မှ ရန်ပုံငွေကျပ် ၁၂ သန်း အကုန်အကျခံ၍ ပြုပြင်ဆောင်ရွက်နေသည်။

ထို့ကြောင့် ရေဆင်းဆည်သည် တောင်သူလယ်သမားများအတွက် မိုးစပါး၊ နွေစပါးနှင့် သီးထပ်သီးညှပ်နှင့် သီးနှံမျိုးစုံအတွက် ရေပေးဝေနေသော ဆည်ကြီးတစ်ခုဖြစ်သည့်အပြင် ၂၀၀၃ ခုနှစ်က တည်ဆောက်ခဲ့သော နေပြည်တော်မြို့သစ်တို့ကို ရေပေးဝေနေသည့် ပြည်သူလူထုအကျိုးပြု ဆည်ကြီးတစ်ခု ဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

**တင်လှိုင် (မိတ္ထီလာ)**



# ကွမ်းယာ ဘယ်လိုဖြတ်ကြမလဲ

ဒေါက်တာသိန်းထွန်း ( ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း)



“ကွမ်းယာ( ဆေးရွက်ကြီး ) စွဲလမ်းခြင်းကို အောင်မြင်စွာ ဖြတ်တောက်နိုင်ပြီဖြစ်သည်။ တစ်ကြိမ်တစ်ခါမျှပင် ကွမ်းယာကို ထပ်မံမစားမိစေရန် ကြိုးစားပါ။ ထပ်မံစားမိပါက ပြန်လည်စွဲလမ်းသွားပြီး ပုံမှန်စားသုံးသူ ဖြစ်သွားနိုင်ပါသည်။ ကွမ်းယာ( ဆေးရွက်ကြီး )စားသုံးမှုသည် ဖြတ်ရန် အလွန်ခက်ခဲပါသည်။ အများစုမှာ တစ်ကြိမ်တည်းနှင့်မဖြတ်နိုင်ပါ၊ တစ်ကြိမ်ပြန်လည်စားသုံးမိခြင်းသည် ကျရှုံးခြင်းမဟုတ်ပါ”

ကွမ်းယာကို မြန်မာနိုင်ငံတွင် ယဉ်ကျေးမှုဓလေ့ထုံးစံတစ်ရပ်အနေဖြင့် နှစ်ပေါင်းများစွာကပင် စားသုံးလာကြပါသည်။ ဆေးရွက်ကြီးတွင်ပါဝင်သော နီကိုတင်းသည် စားသုံးသူကို အလွန်စွဲလမ်းစေပါသည်။ အချို့မှာ အန္တရာယ်အလွန်ကြီးကြောင်း သိရှိသော်လည်း စွဲလမ်းမှုကြောင့် မဖြတ်နိုင်ဘဲ ဆက်လက်စားသုံးလျက်ရှိပါသည်။သို့ဖြစ်လျှင် ကွမ်းယာစားသုံးမှုကို ဘယ်လိုဖြတ်ကြမလဲ။

**ကွမ်းယာဖြတ်ရန် ရက်သတ်မှတ်ပါ**

ကွမ်းယာဖြတ်မည်ဆိုပါက ဖြတ်ရန်ဆုံးဖြတ်ချက်ချပြီးသည်နှင့် ဖြတ်မည့်နေ့ရက်ကို သတ်မှတ်ရပါမည်။ ကွမ်းယာဖြတ်ရန် အကောင်းဆုံးသောအချိန်ဟူ၍ မရှိပါ။ သို့သော် မိမိအတွက် မိမိလုပ်ငန်းကိစ္စ၊ အိမ်မှုကိစ္စ၊ လူမှုရေးကိစ္စ စသည်တို့နှင့် ပတ်သက်၍ အလုပ်မများသည့် အချိန်သည် အသင့်လျော်ဆုံးဖြစ်ပါသည်။ ရှေ့လာမည့် နှစ်ပတ်ခန့်အလို ရက်တစ်ရက်ကို သတ်မှတ်ပါက အကောင်းဆုံးဖြစ်ပါမည်။ အလွန်အလှမ်းဝေးသောရက်ကို မသတ်မှတ်သင့်ပါ။ သတ်မှတ်ပြီးပါက သတ်မှတ်ရက်ကို မိမိ၏ မှတ်တမ်းစာအုပ်၊ ပြက္ခဒိန် စသည်တို့၌ ရက်ကိုချ၍ရေးမှတ်လိုက်ပါ။

**သတ်မှတ်ရက်မတိုင်မီ ကွမ်းယာစားသုံးမှုလျှော့ချပါ**

အချို့စိတ်ခိုင်မာသူများသည် ကွမ်းယာစားသုံးမှုကို ရုတ်တရက် ဖြတ်တောက်နိုင်ပါသည်။ သို့သော် အချို့လူများအတွက်မှာမူ တဖြည်းဖြည်းလျှော့၍ စားသောက်ခြင်းဖြင့် ဖြတ်တောက်မှုကို ပို၍လွယ်ကူစေပါသည်။ ဖြတ်ရန်သတ်မှတ်ထားသည့် ရက်မတိုင်မီ စားသုံးမှုကို ထက်ဝက်လျှော့ချပါ။ မည်သည့်အချိန်၊ မည်သည့်နေရာများတွင် အများဆုံးစားလေ့ရှိသည်ကို စဉ်းစားပါ။ မည်သည့်အခြေအနေ၊ မည်သည့်အကြောင်းအရာများက ကွမ်းယာစားရန် လှုံ့ဆော်ပေးလေ့ရှိသည်ကို တွေးတောပါ။ ထမင်းစားပြီး ကွမ်းယာစားခြင်း ၊ အပြင်ထွက်လျှင် စားခြင်း၊ ကားစီးလျှင်စားခြင်း ၊ လုပ်ငန်းခွင်တွင်စားခြင်း စသဖြင့် မိမိစားလေ့ရှိသော အချိန်၊ နေရာများတွင် ကွမ်းယာသယ်ဆောင်မသွားဘဲ အခြားအစားထိုး စားဖွယ်ပစ္စည်းများ ဥပမာ - သကြားမပါသော ချိုချဉ်၊ ပီကေ၊ နေကြာစေ့လှော် စသည်တို့ကို အစားထိုးယူဆောင်ပြီး ဝါးနေပါ။ ကွမ်းယာစားသုံးမှုကို အချို့အချိန်တွင်သာ စားသုံးရန် သတ်သတ်မှတ်မှတ် အချိန်သတ်မှတ်ပါ။ အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်ပါလိမ့်မည်။ မိတ်ဆွေအပေါင်းအသင်းများကိုလည်း ကွမ်းယာဖြတ်ရန် ကြိုးစားနေကြောင်း ပြောထားပါ။ သင်၏ကြိုးပမ်းမှုကို အားပေးအထောက်အကူပြုပါလိမ့်မည်။ သင် ကွမ်းယာဖြတ်ရန်ကြိုးစားနေချိန်တွင် ကွမ်းယာစားသော မိတ်ဆွေအပေါင်းအသင်းများကို ခေတ္တရှောင်ရှားပါက ပို၍ကောင်းပါသည်။ ကွမ်းယာတွင် ဆေးရွက်ကြီးကို ယခင် စားနေကျပမာဏထက် လျှော့ထည့်ပါ။ သို့မဟုတ် ကွမ်းယာ အရေအတွက်ကို လျှော့စားပါ။ ဆေးရွက်ကြီးပါသည့် စီးကရက်၊ ဆေးပေါ့လိပ် စသည်တို့ကို အစားထိုးပြောင်းလဲ မသုံးစွဲမိရန် အရေးကြီးပါသည်။ မိမိကွမ်းယာ ဖြတ်လိုက်ပါက စိတ်တိုခြင်း၊ ဒေါသဖြစ်ခြင်းတို့ ဖြစ်လာနိုင်ကြောင်းကို မိသားစုဝင်များ၊ မိတ်ဆွေများကို ကြိုတင်အသိပေးပြီး မိမိကို သည်းခံခွင့်လွှတ်ရန်၊ နားလည်ပေးရန် ပြောကြားထားပါ။

**ကွမ်းယာဖြတ်ရန်သတ်မှတ်ရက်ရောက်ရှိခြင်း**

သတ်မှတ်ရက်ရောက်ရှိပါက ကွမ်းယာစားသုံးမှုကို ဖြတ်လိုက်ပါ။ ကွမ်းယာစားသုံးလိုစိတ်ဖြစ်စေသော အခြေအနေများကို ရှောင်ရှားပါ။ ကွမ်းယာစားလိုစိတ်ဖြစ်စေသော နေ့စဉ်လုပ်ဆောင်ချက်များကို ပြောင်းလဲပါ။ ဥပမာ - နံနက်စာစားပြီး ကွမ်းယာစားတတ်လျှင် ပုံမှန်နံနက်စာစားသည့်နေရာတွင် မစားပါနှင့် နေရာပြောင်းပါ။ အစာစားပြီး ချက်ချင်း စားပွဲမှ ထပါ။ သွားတိုက်ပါ။ မိမိကိုယ်မိမိ လုပ်ငန်းတစ်ခုခုတွင် မြှုပ်နှံ၍ အချိန်ကုန်အောင် လုပ်ဆောင်နေပါ။ မနက်တိုင်း လမ်းလျှောက်ခြင်း၊ ပြေးခြင်း၊ ရေကူးခြင်း ၊ အေရိုးဗစ်ကစားခြင်းပြုလုပ်နိုင်ပါသည်။ ဝါး၍စားရသည့် အစားထိုးအစားအစာများ စားပါ။ (ဥပမာ-နေကြာစေ့ ၊ ပီကေ ၊ မြေပဲလှော်)၊ ကွမ်းယာ စားလိုစိတ် ဖြစ်ပေါ်လာတိုင်း ယင်းအစားထိုးအစာများ စားနိုင်ရန် မိမိနှင့်တစ်ပါတည်း သယ်ဆောင်သွားပါ။

**ပထမအပတ်**

ဆေးရွက်ကြီးဖြတ်ခြင်းကြောင့် ဖြစ်ပေါ်လာသော ဝေဒနာများကို ကျော်လွှားရပါမည်။ ကွမ်းယာစားလိုစိတ် ပြင်းပြလာပါက အသက်ပြင်းပြင်းရှူခြင်း၊ လေ့ကျင့်ခန်းတစ်ခုခု ပြုလုပ်ခြင်းတို့က စားလိုစိတ်ကို ဖယ်ထုတ်ပေးနိုင်ပါသည်။ စိတ်တိုခြင်း၊ စိတ်မရှည်ခြင်း၊ ဂဏှာမငြိမ်ဖြစ်ခြင်းတို့ ခံစားလာရပါက အပြင်သို့ လမ်းလျှောက်ထွက်ခြင်း ၊ အသက်ပြင်းပြင်းရှူခြင်း၊ လေ့ကျင့်ခန်းပြုလုပ်ခြင်းစသည်တို့ ဆောင်ရွက်ပါ။ မိမိအပေါ် စိတ်ရှည်ရန် ပတ်ဝန်းကျင်ရှိလူများကို လိုအပ်ပါက ထပ်မံပန်ကြားပါ။ ဝမ်းချုပ်ခြင်း ၊ ဝမ်းမမှန်ခြင်းဖြစ်ပါက အမျှင်များသော အစားအစာများ၊ လတ်ဆတ်သော အသီးအရွက်များ များများစားပါ။ နီကိုတင်းသည် ခန္ဓာကိုယ်အတွင်း ဖြစ်စဉ်များကို မြန်ဆန်စေပါသည်။ နီကိုတင်းပါသော ကွမ်းယာ ၊ ဆေးရွက်ကြီး ဖြတ်လိုက်ခြင်းဖြင့် ဆာလောင်ခြင်း၊ ကိုယ်အလေးချိန် အနည်းငယ်တိုးလာခြင်းတို့ကို ဖြစ်စေတတ်ပါသည်။ မျှတသော အစားအစာများ စားပါ၊ အဆီပါသောအစာများရှောင်ပါ ၊ ကယ်လိုရီဓာတ်နည်းသော အစားအစာရွေးချယ်ပါ။ လတ်ဆတ်သောအသီးအရွက်စားပါ ၊ နေ့စဉ် ရေခြောက်ခွက်မှ ရှစ်ခွက်အထိသောက်ပါ၊ နေ့စဉ် မိနစ် ၃၀ ခန့် လမ်းလျှောက်ခြင်း၊ ပြေးခြင်း၊ စက်ဘီးစီးခြင်း၊ ရေကူး ခြင်းတို့ ဆောင်ရွက်ပါ။

နီကိုတင်း ဖြတ်လိုက်၍ဖြစ်လာသော ဝေဒနာများမှာ ကြာရှည်စွာတည်ရှိမနေပါ။ ဖြတ်ပြီး ပထမအပတ်တွင်သာ အပြင်းထန်ဆုံးဖြစ်ပါမည်။ နှစ်ပတ်အလွန်တွင် အဆိုးဆုံးအပိုင်း ပြီးဆုံးသွားပါလိမ့်မည်။ စိတ်ရှည်ရန်လိုပါသည်။

**ဒုတိယအပတ်**

ကွမ်းယာ (ဆေးရွက်ကြီး) စားလိုစိတ်၊ တမ်းတစိတ် ဆက်လက်ရှိနေနိုင်ပါသည်။ အများဆုံးစားခဲ့သည့် နေရာများတွင် ရောက်ရှိနေသည့်အခါ စားလိုစိတ်အပြင်းထန်ဆုံး ဖြစ်ပါမည်။ ယင်းနေရာများတွင် မစားမိအောင် သည်းခံ၍ အချိန်ကြာကြာ ချုပ်တည်းထားနိုင်ပါက စားလိုစိတ်လျော့ပါးသွားပါမည်။ အရက်သောက်ခြင်းကို ရှောင်ရှားရပါမည်။ အရက်သောက်ခြင်းဖြင့် မိမိ၏ ကွမ်းယာဖြတ်သည့် အစီအစဉ်များ ပျက်သွားနိုင်ပါသည်။ စားလိုစိတ်ဖြစ်ပေါ်စေသော နေရာများ၊ အကြောင်းအရာများနှင့် စားလိုစိတ်ဖြစ်လာပါက အစားထိုးဆောင်ရွက်မည့် လုပ်ငန်းများကို ကြိုတင်စဉ်စားရေးသားထားရပါမည်။ လွယ်ကူသော အစားထိုးလုပ်ငန်းများမှာ ပီကေစားခြင်း၊ အစေ့အဆန်စားခြင်း၊ အပြင်သို့ လမ်းလျှောက်ထွက်ခြင်း၊ မိမိ မည်မျှဖြတ်သန်းပြီး ဖြစ်သည်ကို ဆင်ခြင်စဉ်းစားခြင်းတို့သည် ကောင်းမွန်သော အစားထိုးလုပ်ဆောင်ချက်များ ဖြစ်ပါသည်။

ဒုတိယအပတ်တွင် နီကိုတင်း ဖြတ်ခြင်းကြောင့် ဖြစ်သော ဝေဒနာများ သက်သာလာပါမည်။ အဆိုးဆုံး ပထမအပတ်ကိုလည်း ကျော်လွှားခဲ့ပြီးဖြစ်သည်။ ဆုံးဖြတ်ထားသည့်အတိုင်း ခိုင်မာစွာ ဆက်လက်သွားနိုင်ရန် အရေးကြီးပါသည်။

**တတိယအပတ်**

ကွမ်းယာ ( ဆေးရွက်ကြီး) စွဲလမ်းခြင်းကို အောင်မြင်စွာ ဖြတ်တောက်နိုင်ပြီဖြစ်သည်။ တစ်ကြိမ်တစ်ခါမျှပင် ကွမ်းယာကို ထပ်မံမစားမိစေရန် ကြိုးစားပါ။ ထပ်မံ စားမိပါက ပြန်လည် စွဲလမ်းသွားပြီး ပုံမှန်စားသုံးသူ ဖြစ်သွားနိုင်ပါသည်။ ကွမ်းယာ(ဆေးရွက်ကြီး) စားသုံးမှုသည် ဖြတ်ရန် အလွန်ခက်ခဲပါသည်။ အများစုမှာ တစ်ကြိမ်တည်းနှင့်မဖြတ်နိုင်ပါ ၊ တစ်ကြိမ်ပြန်လည်စားသုံးမိခြင်းသည် ကျရှုံးခြင်းမဟုတ်ပါ၊ နောက်တစ်ကြိမ် ထပ်မံကြိုးစားခြင်းဖြင့် အမြဲတမ်းဖြတ်နိုင်သည့်အဆင့်သို့ ရောက်ရှိနိုင်ပါသည်။ ။

## အင်းလေးဒေသခရီးသွားမြှင့်တင်ရေး တောင်တက်လမ်းကြမ်း စက်ဘီးစီးနင်း

**ညောင်ရွှေ ဒီဇင်ဘာ ၁၆**

အင်းလေးဒေသအတွင်းသို့ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ လာရောက်မှုနှုန်း တိုးမြင့်လာစေရန် ရည်ရွယ်၍ Inle By Cycle တောင်တက်လမ်းကြမ်းစက်ဘီးစီးနင်းပွဲကို ဒီဇင်ဘာ ၁၆ ရက်က ညောင်ရွှေမြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်းမှ စတင်တာလွှတ်ကျင်းပခဲ့ကြောင်း သိရသည်။

တောင်တက်လမ်းကြမ်း စက်ဘီးစီးနင်းပွဲတွင် ၁၅ ကီလိုမီတာ လမ်းကြောင်းနှင့် ၃၀ ကီလိုမီတာ လမ်းကြောင်းဟူ၍ အမျိုးအစား နှစ်မျိုးဖြင့် စီးနင်းကြပြီး ၁၅ ကီလိုမီတာတွင် လွတ်လပ်ရေးကျောက်တိုင်ကွင်းမှ ရုံးကြီးလမ်း၊ တာပတ်လမ်း၊ ကုနုရွာ၊ ရေဦးရွာ၊ ကြေးကိုင်ရွာ၊ ရွှေရန်ပြေရွာ၊ တိလောရွာ၊ စိုက်ပျိုးရွာမှ ရုံးကြီးလမ်း လမ်းကြောင်းဖြင့် လည်းကောင်း၊ ၃၀ ကီလိုမီတာတွင် လွတ်လပ်ရေးကျောက်တိုင်ကွင်းမှ ရုံးကြီးလမ်း၊ တာပတ်လမ်း၊ ကုနုရွာ၊ ရေဦးရွာ၊ ကြေးကိုင်ရွာ၊ ရွှေရန်ပြေရွာ၊ တိလောရွာ၊ စိုက်ပျိုးရွာ၊ ထပ်အိမ်ရွာ၊ လွယ်ကင်ရွာ၊ ကန်တော်ရွာ၊ ချောင်းစောက်ရွာ၊ ဝါးတော်ရွာ၊ နန်းသဲရွာ လမ်းကြောင်းဖြင့် လည်းကောင်း သတ်မှတ်ပြီး စီးနင်းကြပြီး လွတ်လပ်ရေးကျောက်တိုင်ကွင်းသို့ ပြန်လည်ဝင်ရောက်ကြသည်။



အဆိုပါ တောင်တက်လမ်းကြမ်း စက်ဘီးစီးနင်းပွဲတွင် ဒေသတွင်းစက်ဘီးအားကစား ဝါသနာရှင်များ၊ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ စုစုပေါင်း ၄၉၃ ဦး စီးနင်းခဲ့ကြောင်း သိရသည်။

**နေမျိုးသူရိန်**

## စစ်ကိုင်းတိုင်းဒေသကြီး ခရီးသွားရက်သတ္တပတ်အစီအစဉ် ဒီဇင်ဘာ ၂၄ ရက် စတင်ထွက်ခွာမည်

**မုံရွာ ဒီဇင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ခရီးသွားရက်သတ္တပတ်အစီအစဉ်ကို ဒီဇင်ဘာ ၂၄ ရက်တွင် စတင်၍ ထွက်ခွာမည်ဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်ရေးရာကော်မတီများ၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေသည့်အဖွဲ့များ၊ခရီးသွားလုပ်ငန်းရှင်များ၊မြန်မာ့မီးရထားမှတာဝန်ရှိသူများနှင့် မီဒီယာများလိုက်ပါမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်သူဦးက ပြောသည်။

ခရီးစဉ်ကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၆ နာရီမှ စတင်၍ စစ်ကိုင်းမြို့ ရွာထောင်ဘူတာမှ မီးရထားဖြင့် အင်းတော်သို့ ထွက်ခွာမည်ဖြစ်ပြီး ကသာမြို့တွင် ညအိပ်ရပ်နားမည်ဖြစ်ကြောင်း၊ ၂၅ ရက်တွင် ကသာမြို့ ဗန်းမောက်မြို့ ဇလုံတောင်ခြေ ခမိုးစခန်းဖွင့်ပွဲ၊ အင်းတော်မြို့ရှိ ဆရာပွဲဗိုလ်လုပ်ငန်းတွင် ပြုလုပ်နေသည့် ကမ္ဘာ့အကြီးဆုံးစည်ကြီး၊ဂျပန်မြေအောက်ဆေးရုံ၊မန်လည်တန်ခွန်တိုင်၊ဝန်းသိုနှင့် ကောလင်းမြို့များသို့ မော်တော်ယာဉ်ဖြင့် သွားရောက်ကာ ကောလင်းမြို့တွင် ညအိပ်မည်ဖြစ်ကြောင်း၊ ၂၆ ရက်တွင် ကောလင်းမြို့မှ လင်းနို့ဂူ ဖွင့်ပွဲတက်ရောက်ပြီး ရွှေဘိုမြို့တွင် ညအိပ်ရပ်နားမည်ဖြစ်ကာ ၂၇ ရက်တွင် ရွှေဘိုမြို့မှ နွယ်ငြိမ်းဒေသရှိ စဉ့်ထည်လုပ်ငန်းနှင့် ရှိမ်းမကားတောရကြီးကျောင်းဘေးမဲ့တော၊ ရှိမ်းမကားမှ မင်းကွန်း၊ စစ်ကိုင်းမြို့များသို့ ဧရာဝတီရေလမ်းခရီးအတိုင်း သင်္ဘောဖြင့်သွားရောက်ကာ စစ်ကိုင်းမြို့တွင် ခရီးစဉ်ပြီးဆုံးမည်ဖြစ်ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

**မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေး အသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်တွင် အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများ အားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော် ရှိသည်။ ထို့ပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူ့စွမ်းအားရင်းမြစ်များသည် ပြည်တွင်းပြည်ပ အလုပ်အကိုင်များကို ရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့် ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း ပြည်ပ အလုပ်အကိုင် အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အပတ်စဉ် တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။ (မြန်မာ့အလင်း)**

# လူကုန်ကူးခံရနိုင်သည့် ရွှေ့ပြောင်းအလုပ်သမား မဖြစ်စေလိုပါ

**ခင်ရတနာ**

မြန်မာနိုင်ငံသည် လူကုန်ကူးမှုတိုက်ဖျက်ရေးကို ၁၉၉၇ ခုနှစ်မှ စတင်ကာ အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့သည်မှာ နှစ် ၂၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည်။ ထို့ပြင် အာဆီယံဒေသတွင်း လုပ်ဆောင်ချက်များအနေဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပြဋ္ဌာန်းနိုင်ခြင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကို ဖွဲ့စည်းထားခြင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ဖွဲ့စည်းထားခြင်း၊ ကုလသမဂ္ဂနှင့် အာဆီယံဆိုင်ရာ လူကုန်ကူးမှုတိုက်ဖျက်ရေး နားလည်မှုစာချုပ်များတွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက် လက်မှတ်ရေးထိုးထားခြင်း၊ နိုင်ငံများအကြား နားလည်မှု စာချွန်လွှာများ ရေးထိုးနိုင်ခြင်းတို့ကို ပြုလုပ်ထားသည့် နိုင်ငံလည်းဖြစ်သည်။

သို့ရာတွင် အခြား ဖွံ့ဖြိုးဆဲကမ္ဘာ့နိုင်ငံများကဲ့သို့ပင် အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှု၊ ဝင်ငွေနည်းပါးမှု၊ သဘာဝဘေးအန္တရာယ်များ ကျရောက်မှုနှင့် လက်နက်ကိုင် ပဋိပက္ခများဖြစ်ပွားမှုစသည့် ဘဝရပ်တည်ရန်ခက်ခဲစေသည့် အကြောင်းများကြောင့် ရွှေ့ပြောင်းသွားလာမှု မြင့်တက်နေပြီး ရွှေ့ပြောင်းသွားလာရာတွင် စနစ်တကျ အထောက်အထားမရှိ သွားလာကြခြင်းဖြင့် လူကုန်ကူးခံရမှုများလည်း မြင့်တက်လျက်ရှိသည်။

**အာရှနိုင်ငံများနဲ့ လူကုန်ကူးမှုအန္တရာယ်**

မြန်မာနိုင်ငံတွင် တရုတ်နိုင်ငံနှင့် ဆက်စပ်ဖြစ်ပွားနေသည့် အဓမ္မလက်ထပ်ထိမ်းမြားမှု၊ ထိုင်းနိုင်ငံနှင့် ဆက်စပ်ဖြစ်ပွားနေသည့် လုပ်အားခေါင်းပုံဖြတ်မှု၊ အဓမ္မစေခိုင်းမှုနှင့် ပြည့်တန်ဆာမှု၊ မလေးရှားနိုင်ငံနှင့် ဆက်စပ်ဖြစ်ပွားနေသည့် အလုပ်အကိုင်အခွင့်အလမ်းခေါင်းပုံဖြတ်မှု၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဆက်စပ်ဖြစ်ပွားနေသည့် ပင်လယ်ပြင်ရေလုပ်ငန်းများတွင် လုပ်အားခေါင်းပုံဖြတ်မှု၊ လုပ်ခလစာ နည်းပါးမှု၊ မတရားစေခိုင်းမှုများကို မြန်မာရွှေ့ပြောင်းအလုပ်သမားများ ခံစားနေကြရသည်ကို မြင်တွေ့ရသည်။ ထို့အပြင် ပြည်တွင်းတွင်လည်း လုပ်အားခေါင်းပုံဖြတ်ခြင်းများကို ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် လူကုန်ကူးမှုပုံစံများအဖြစ် ရင်ဆိုင်ကြုံတွေ့နေကြရကြောင်း သိရသည်။

ထိုကဲ့သို့ ရွှေ့ပြောင်းအလုပ်သမားများအား လူကုန်ကူးခြင်းများကို တိုက်ဖျက်နိုင်ရန်အတွက် ဥပဒေပြဋ္ဌာန်းခြင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ ရဲတပ်ဖွဲ့များ ဖွဲ့စည်းခြင်းတို့ကို နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ငါးနှစ်စီမံကိန်းကိုလည်းရေးဆွဲကာ ကဏ္ဍပေါင်းစုံ ပါဝင်အကောင်အထည်ဖော်လျက်ရှိသည်။ ယခုအခါ ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ တတိယငါးနှစ်တာ စီမံကိန်းကိုလည်း စတင်ဆောင်ရွက်နေပြီး ဌာနများ ပူးပေါင်းဆောင်ရွက်ရေး၊ ရွှေ့ပြောင်းအလုပ်သမားအပါအဝင် မြန်မာတိုင်းရင်းသားများအားလုံး လူကုန်ကူးမှုမှ ကြိုတင်ကာကွယ်နိုင်ရေး၊ ဖြစ်စဉ်များ ဖြစ်ပေါ်လာပါက အလျင်အမြန် တရားစွဲဆိုဆောင်ရွက်ရေးနှင့် လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ရေး စသည့် လုပ်ငန်းစဉ်လေးရပ်ကို အကောင်အထည်ဖော်လျက်ရှိသည်။

**တတိယငါးနှစ်စီမံကိန်းဖြင့် လူကုန်ကူးမှုတားဆီး**

ယခု စီမံကိန်းကာလအတွင်း တည်ဆဲလူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ရေးဆွဲလျက်ရှိပြီး၊ လူကုန်ကူးခံရသူများအား တိုက်ရိုက် အကူအညီပေးခြင်းနှင့် လွှဲပြောင်းညွှန်းပို့ခြင်းဆိုင်ရာ နိုင်ငံအဆင့် ယန္တရားတစ်ရပ် ဖော်ဆောင်လျက်ရှိသလို လူကုန်ကူးခံရသည့် ရွှေ့ပြောင်းအလုပ်သမားများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ နိုင်ငံအဆင့် စံလုပ်ငန်းအစီအစဉ်များ ရေးဆွဲသွားမည်ဖြစ်ကြောင်း သိရှိရသည်။ ထို့ပြင် ကြိုတင်ကာကွယ်ရေးအတွက်လည်း သုတေသနပြုလုပ်ခြင်း၊ လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အသိပညာပေးခြင်း၊ ပြစ်မှုတရားစီရင်ရေးလုပ်ငန်းစဉ်များ ပိုမိုအားကောင်းစေခြင်းနှင့် လူကုန်ကူးခံရသူခွဲခြားသတ်မှတ်ခြင်းဆိုင်ရာ နိုင်ငံအဆင့် စံနှုန်းများကိုလည်း ရေးဆွဲသွားရန်ရှိပြီး ယာယီစောင့်ရှောက်ရေးဂေဟာများတိုးချဲ့၍ ရွှေ့ပြောင်းလုပ်သား လူကုန်ကူးခံရသူများအား ကူညီစောင့်ရှောက်ရန် စီမံဆောင်ရွက်နေကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရှိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံသည် ASEAN Convention Against Trafficking in Persons, Especially Women and Children ကို ၂၀၁၇ နှစ်ဆန်းပိုင်းတွင် အတည်ပြုခဲ့ပြီးဖြစ်ကြောင်း သိရှိရပြီး ယင်းသဘောတူညီချက်ပါ ပြဋ္ဌာန်းချက်များသည် မြန်မာနိုင်ငံ၏ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် ကိုက်ညီနေသည်ကိုလည်း မြင်တွေ့ရသည်။ သို့သော် လူကုန်ကူးခြင်းမှရရှိလာသည့် ငွေကြေးနှင့် ပစ္စည်းများကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေအရ အရေးယူမှုများ ပိုမိုထိရောက်အောင် ဆောင်ရွက်ရန်လည်း လိုအပ်နေပြီး ယင်းမှသာ လူကုန်ကူးကွန်ရက်များကို အမြစ်ပြုတ်တွန်းလှန်နိုင်မည်ဟု ယူဆရသည်။

ယခုအခါ လူမှုဝန်ထမ်းဦးစီးဌာနသည် ထိုင်းနိုင်ငံ လူသားလုံခြုံရေးနှင့် လူမှုဝန်ထမ်းဌာနများအကြား လူကုန်ကူးခံရသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ နှစ်နိုင်ငံ Standard Operating Procedure ကို လက်မှတ်ရေးထိုးထားသည်ကို တွေ့ရပြီး အိန္ဒိယနိုင်ငံနှင့်လည်း မကြာမီ နားလည်မှုစာချွန်လွှာရေးထိုးနိုင်ရန် ပြင်ဆင်လျက်ရှိကြောင်း၊ ထိုင်းနိုင်ငံနှင့်လည်း လူကုန်ကူးခံရသည့် ရွှေ့ပြောင်းအလုပ်သမားများအရေးအတွက် နားလည်မှုစာချွန်လွှာ ပြန်လည်သုံးသပ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကလေးစစ်သားများအား နုတ်ထွက်ခွင့်ပြု**

ကလေးစစ်သား စုဆောင်းအသုံးပြုမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် ၂၀၀၄ ခုနှစ်ကတည်းက အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း သိရှိရပြီး ကော်မတီအနေဖြင့် အရွယ်မရောက်သေးသည့် ကလေးသူငယ်များအား စစ်မှုထမ်းအဖြစ်စုဆောင်းခြင်းကို ဟန့်တားကာကွယ်ခြင်းနှင့် ယင်းတို့အကျိုးစီးပွားကို ကာကွယ်ကာ



အရွယ်မရောက်သေးသူများအား အကာအကွယ်ပေးရေးဆိုင်ရာ အမိန့်နှင့် ညွှန်ကြားချက်များကို ဆောင်ရွက်ခဲ့ခြင်းဖြင့် စစ်မှုထမ်းကလေးများအား တပ်မတော်မှ နုတ်ထွက်ခွင့်ပြုခဲ့ပြီး မိသားစုများနှင့် ပြန်လည်ပေါင်းစည်းခြင်းများကို လုပ်ဆောင်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့မှ သိရှိရသည်။

အလုပ်သမားများအား အဓမ္မစေခိုင်းမှု ပပျောက်ရေးအတွက် မြန်မာနိုင်ငံသည် International Labour Organization ကို အဖွဲ့ဝင်အဖြစ် ဝင်ရောက်ထားပြီး လူကုန်ကူးမှုများကို ပိုမိုမှန်ကန်ထိရောက်အောင် ဆောင်ရွက်နိုင်ရေး အစိုးရရှေ့နေများအတွက် လမ်းညွှန်ချက်များ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များနှင့် နယ်မြေခံရဲတပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်ရေးလမ်းညွှန်ချက်များကိုလည်း ထုတ်ပြန်ထားကြောင်း သိရသည်။

**လူကုန်ကူးမှုအန္တရာယ်ကျဆင်း**

လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်း ဆောင်ရွက်ချက်များကြောင့် အမေရိကန်နိုင်ငံမှလည်း ၂၀၁၇ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေး အစီရင်ခံစာတွင် မြန်မာနိုင်ငံကို TIER 2 Watch List သို့ မြှင့်တင်ပေးခဲ့သည်။ တစ်နေရာမှ တစ်နေရာသို့ ရေကြည်ရာမြက်နုရာ ရွှေ့ပြောင်းကြရင်း လူကုန်ကူးမှုအန္တရာယ်နှင့် ကြုံတွေ့နေကြရသူများတွင် အခြေခံ အကြောင်းအရင်းများစွာရှိပြီး ယင်းအခြေခံအကြောင်းအရင်းများကို ထိထိရောက်ရောက် ဖြေရှင်းပေးမှသာ လူကုန်ကူးမှုအန္တရာယ်နှင့် ရွှေ့ပြောင်းသွားလာခြင်းမှရရှိမည့် စိန်ခေါ်မှုများကို ဖော်ထုတ်နိုင်မည်ဖြစ်သည်။

**လူကုန်ကူးမှုကျဆင်းရေး ဆောင်ရွက်ချက်များ**

စစ်မက်ဖြစ်ပွားမှုသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေး၊ ပညာရေး မဖွံ့ဖြိုးမှုများကို ဖြစ်ပွားစေပြီး စားဝတ်နေရေး အကျပ်အတည်းကြောင့် အနယ်နယ်အရပ်ရပ်သို့ ရွှေ့ပြောင်းလုပ်ကိုင်နေရသူများသည် လူကုန်ကူးမှုအန္တရာယ်ကို ရင်ဆိုင်နေကြရသည်။ ပညာကို ကောင်းစွာ မသင်ယူခဲ့ရခြင်းသည်လည်း လူကုန်ကူးမှုအန္တရာယ်ကို မြင့်တက်စေသောကြောင့် တစ်နိုင်ငံလုံးတွင် လူကုန်ကူးမှုတားဆီးရေးအတွက် အသိပညာပေးခြင်း၊ အလုပ်သမားရုံးများမှတစ်ဆင့် မိမိရှာဖွေလိုသည့် အလုပ်အကိုင်များအကြောင်း၊ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စိန်ခေါ်မှုများ၊ အထောက်အထားမရှိ ရွှေ့ပြောင်းသွားလာခြင်း၏ အန္တရာယ်များကိုလည်း ဖော်ထုတ်ပေးလျက်ရှိကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရှိရသည်။

"မြန်မာနိုင်ငံလူဦးရေရဲ့ ၁၀ ရာခိုင်နှုန်းလောက်က နိုင်ငံတကာမှာ ရွှေ့ပြောင်းအလုပ်သမားတွေအနေနဲ့ ရောက်ရှိနေပါတယ်၊ တရားဝင် သွားရောက်မယ်ဆိုရင် ဥပဒေအရ စောင့်ရှောက်ပေးနိုင်မှာဖြစ်ပါတယ်၊ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်ရာမှာ မြန်မာရွှေ့ပြောင်းအလုပ်သမား အများစုဟာ သတင်းအချက်အလက် မှန်ကန်စွာရရှိမှု အားနည်းနေပါတယ်၊ ပွဲစားတွေရဲ့လိမ်လည်မှုတွေကို ခံနေရတယ်၊ နယ်စပ်ဒေသတွေကနေ တစ်ဆင့် တရားမဝင်သွားတဲ့အတွက် အလုပ်သမားတွေ ရသင့်ရထိုက်တဲ့အခွင့်အရေးတွေကို မရရှိဘဲ နောက်ဆုံးမှာ လူကုန်ကူးမှုအန္တရာယ်ကိုလည်း ကြုံတွေ့နိုင်ပါတယ်၊ ပြည်ပနိုင်ငံတွေကို တရားဝင်သွားမှသာ ရသင့်ရထိုက်တာတွေအတွက် အစိုးရကလည်း ဆောင်ရွက်ပေးနိုင်မယ်၊ ဝန်ကြီးဌာနအနေနဲ့ကတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ မြို့နယ် ၇၈ မြို့နယ်မှာ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးတွေကို ဖွင့်ပေးထားပါတယ်၊ ရွှေ့ပြောင်းအလုပ်သမားတွေအတွက် လိုအပ်တဲ့အကူအညီပဲဖြစ်ဖြစ်၊ စုံစမ်းလိုတာဖြစ်ဖြစ် လုပ်ဆောင်ပေးနေပါတယ်၊ ဒါတင်မကသေးဘူး၊ ရွှေ့ပြောင်းအလုပ်သမားတွေ သွားလာမှုများပြားတဲ့ ဒေသတွေမှာ ရွှေ့ပြောင်းလုပ်သားများထောက်ပံ့ကူညီရေး ဗဟိုဌာန(MRC) ရုံးတွေကိုလည်း ဖွင့်ထားပါတယ်၊ အခုဆိုရင် ရန်ကုန်၊ ဘားအံ၊ ပုသိမ်၊ စစ်တွေ၊ မကွေး၊ မော်လမြိုင်၊ မန္တလေး၊ ကျောက်ဆည်၊ မြင်းခြံနဲ့ ထားဝယ်မြို့နယ်တွေအပြင် အခု ဟားခါးမှာလည်း ဖွင့်လှစ်နိုင်ခဲ့ပါတယ်"ဟု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ပြောကြားသည်။

ထို့ပြင် ကျိုင်းတုံမြို့တွင် မော်ကွမ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၌လည်း MRC များ ဖွင့်လှစ်ပေးခဲ့ပြီး MRC များတွင် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများကလည်း ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သတင်းအချက်အလက်များ စုံစမ်းရန်၊ အကူအညီတောင်းခံရန် ရောက်ရှိလာသူများအား ကြိုဆိုပြီး လိုအပ်သည့်အကူအညီများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်ပသို့ သွားရောက်လုပ်ကိုင်သည့် အလုပ်သမားစာရင်းကို ရရှိရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် Myanmar Migrant Worker's Reporting Counter ကို ဖွင့်လှစ်ထားကြောင်း၊ အဓိကရည်ရွယ်ချက်မှာ အသိပညာပေးခြင်းကို ဦးစားပေးမည်ဖြစ်ကြောင်း၊ မိသားစုနှင့် ချိတ်ဆက်ပေး၍ အခက်အခဲ၊ ပြဿနာများကို ရှင်းလင်းပေးမည်ဖြစ်ကြောင်း၊ ၁၉၉၀ ခုနှစ်နောက်ပိုင်း စီးပွားရေးပိတ်ဆို့ခံရပြီး ရွှေ့ပြောင်းလုပ်သား ပိုမိုများပြားလာကြောင်း၊ ပြည်ပအလုပ်အကိုင် အေဂျင်စီပေါင်း ၂၅၀ ခန့်ရှိနေကြောင်း၊ တရားမဝင်သွားလာမှုများလည်း ရှိနေ၍ သံရုံးမှတစ်ဆင့် သိရှိနိုင်ရန် ဆောင်ရွက်နေကြောင်း၊ အခက်အခဲဖြစ်လျှင် ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ ပေးထားကြောင်း အမြဲတမ်းအတွင်းဝန်က ပြောကြားသည်။

**လူကုန်ကူးမှုအတွက် ပြစ်ဒဏ်နဲ့ ပြဋ္ဌာန်းချက်တွေ**

လူကုန်ကူးမှုကာကွယ်တားဆီးရေး ဥပဒေတွင် အမျိုးသမီးနှင့် ကလေးငယ်များအား လူကုန်ကူးပါက အနည်းဆုံး ထောင်ဒဏ် ဆယ်နှစ်မှ အများဆုံး ထောင်ဒဏ် တစ်သက်အထိ ချမှတ်နိုင်သည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ အမျိုးသားများအား လူကုန်ကူးပါက အနည်းဆုံး ထောင်ဒဏ်ငါးနှစ်မှ အများဆုံး ထောင်ဒဏ် ၁၀ နှစ် ချမှတ်နိုင်ပြီး ငွေဒဏ်လည်း ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ လူကုန်ကူးမှုကို သုံးဦးအထက် ပူးပေါင်းကျူးလွန်ပါက ထောင်ဒဏ် နှစ် ၂၀မှ ထောင်ဒဏ်တစ်သက်အထိ ချမှတ်ခံရမည်။ လူကုန်ကူးမှုကျူးလွန်စဉ် ထောင်ဒဏ် လေးနှစ်နှင့်အထက် ချမှတ်နိုင်သည့်ပြစ်မှုကို ကျူးလွန်ပါက ထောင်ဒဏ် ၁၀ နှစ်မှ သေဒဏ်အထိ ချမှတ်ခြင်းခံရမည်ဖြစ်သည်။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် ပြင်ဆင်ခြင်း၊ အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ စည်းရုံးခြင်း၊ စီမံခန့်ခွဲခြင်း၊ သို့မဟုတ် အားပေးကူညီခြင်း၊ ငွေကြေးထောက်ပံ့ခြင်း တစ်ခုခုကို ပြုလုပ်လျှင် ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်များ ချမှတ်ခြင်းခံရမည်ဖြစ်သည်။

**လူကုန်ကူးခြင်းနှင့်**
**တရားမဝင်ရွှေ့ပြောင်းခြင်း အန္တရာယ်**

အိမ်နီးချင်းနိုင်ငံများသို့ နယ်စပ် တရားမဝင်ဖြတ်ကျော်ရုံဖြင့် သက်ဆိုင်ရာ လူဝင်မှုဥပဒေအရ အရေးယူခံရနိုင်ပြီး နယ်ခြားစောင့်တပ်များ၏ ပစ်ခတ်တားဆီးခြင်းကိုလည်း ခံစားရနိုင်သည်။ ထို့ပြင် တောလမ်းခရီးဖြင့် သွားရောက်ရပါကလည်း ပြန်ပေးဆွဲခံရခြင်း၊ ငွေညှစ်ခံရခြင်း၊ လိင်ခေါင်းပုံဖြတ်ခံရခြင်းတို့ကို ကြုံတွေ့ရနိုင်သေးသည်။ လစာများကို လူပွဲစားများက ခေါင်းပုံဖြတ်ခြင်းများကိုလည်း ကြုံရနိုင်သည့်အပြင် အပြီးရောင်းစားခြင်းများနှင့် ပြည့်တန်ဆာအဖြစ် ရောင်းချခြင်းများကိုလည်း ကြုံနေကြရသည်ကို သတိပြုသင့်ပါသည်။

လူကုန်ကူးမှုခံစားရသူ အများစုကို လေ့လာကြည့်ပါက စိတ်ပေါ့သွပ်သွားခြင်း၊ အပြင်းအထန် စိတ်ချောက်ချားခြင်း၊ မှတ်ဉာဏ်ပျောက်ကွယ်ခြင်း၊ စိတ်ကျရောဂါခံစားရခြင်း၊ စိုးရိမ်မှုများပြားခြင်းနှင့် ဒဏ်ရာအနာတရများ ခံစားရခြင်း၊ ကူးစက်ရောဂါများ ရရှိနိုင်ခြင်း၊ လိင်ပိုင်းဆိုင်ရာကျန်းမာရေး ပျက်စီးယိုယွင်းသွားခြင်း၊ စိုးရိမ်စိတ် များပြားခြင်း၊ အသက်အန္တရာယ်ကြုံနိုင်ခြင်း၊ မိမိကိုယ်ကိုသေကြောင်းကြံစည်ခြင်း စသည့် စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာအန္တရာယ်များကို ရင်ဆိုင်ထားရကြောင်း သတိချပ်ခြင်းဖြင့် မိမိပတ်ဝန်းကျင်တွင် လူကုန်ကူးခံရမည့်အရေးမှ အားလုံး ပူးပေါင်းတိုက်ဖျက်သင့်ပါသည်။ ထို့အပြင် နိုင်ငံအတွက်လည်း အမျိုးအနွယ်ပျက်စီးခြင်း၊ လူ့စွမ်းအားအရင်းအမြစ်များ ထိခိုက်ဆုံးရှုံးခြင်း၊ နောက်ဆက်တွဲလုပ်ငန်းများရှုပ်ထွေးခြင်းစသည်တို့ကို ကြုံတွေ့ရသဖြင့် များစွာဆုံးရှုံးမှုကြီးဖြစ်သည်။

**ရေကြည်ရာ မြက်နုရာ သွားကြမည်ဆိုလျှင်**

မည်သူမဆို အခြားနိုင်ငံသို့မဟုတ် အခြားနေရာတစ်ခုတွင် အလုပ်သွားရောက်လုပ်ကိုင်မည်ဆိုပါက ခေါ်ယူသူ၏အမည်၊ ဖုန်းနံပါတ်၊ လိပ်စာအမှန်တို့ကိုရရှိအောင် စုံစမ်းထားသင့်ပြီး ယင်းအချက်အလက်များ မရရှိမချင်း ထိုသူအား ယုံစားခြင်း မပြုမိရန်မှာ အထူးအရေးကြီးပါသည်။ ထို့ပြင် မိမိ၏ သွားလာမှုသည် တရားမဝင်သွားလာမှု မဖြစ်စေရေးအတွက် လေ့လာသင့်ပြီး အတင်းခေါ်ဆောင်ခြင်း၊ ကြိုတင်ငွေများထုတ်ပေးခြင်း၊ လမ်းခရီးတွင် စစ်ဆေးပါက လိမ်ညာထွက်ဆိုရန် သင်ကြားပေးခြင်းတို့ တွေ့ရပါက သွားရောက်မည့်အလုပ်အကိုင်သည် လူကုန်ကူးခြင်းအန္တရာယ်ကြုံတွေ့နိုင်သည့် အလုပ်အကိုင်မျိုးဖြစ်သည်ဟု သတ်မှတ်နိုင်ပြီး နီးစပ်ရာ သို့မဟုတ် မိသားစုနှင့် ယုံကြည်စိတ်ချရသူများထံ အလျင်အမြန် ဆက်သွယ်အကြောင်းကြားသင့်ကြောင်း သိရသည်။

အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံရပ်ခြားသို့ရောက်ရှိပြီးမှ လူကုန်ကူးခံရသည်ဟု ယူဆရပါကလည်း ရောက်ရှိတည်းခိုသည့်နေရာကို မှတ်သားခြင်း၊ စီးနင်းသည့် ကားအမျိုးအစား၊ ကြာချိန်နှင့် လမ်းခရီးရှိ ထင်ရှားသည့်အမှတ်အသားများကို လေ့လာခြင်း၊ ပတ်ဝန်းကျင်ကို မှတ်သားခြင်းများ ပြုလုပ်ကာ အနီးအနားမှလူများနှင့် မိတ်ဆွေဖွဲ့ထားရန်လိုအပ်ကြောင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေး လှုပ်ရှားသူများက အကြံပြုထားသည်။ ထို့ပြင် ဖေ့စ်ဘွတ်ခ်၊ ဘီးတော့ခ်၊ ဗိုက်ဗာ၊ လိုင်း၊ ဝပ်စ်အပ်၊ ဝီချက်၊ ဇေလို စသည့် လူမှုကွန်ရက်များ၊ လူမှုဖုန်းခေါ်ဆိုမှုများကိုလည်း ချိတ်ဆက်ထားသင့်ပြီး ယုံကြည်ရသူများအား ကြိုတင်ချိတ်ဆက်ပြီးမှသာ အလုပ်အကိုင် ရွေးချယ်သင့်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အကြံပြုထားသည်။ ။

# မင်္ဂလာညှော်ခံပွဲအခမ်းအနားကျေးဇူးတင်လွှာ

ဘုန်းသီးတောင်မြို့နေ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးနေဝင်း-ဒေါ်မော်မော်ဝင်းတို့၏
တစ်ဦးတည်းသောသား

**မောင်အောင်မြင်သူ**

**LL.B,B.Sc (Hons)Business Information Technology**
**Director (Myanmar Grace Advantex Co.,Ltd)**

နှင့်

မြစ်ကြီးနားမြို့နေ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးမျိုးအောင်-ဒေါက်တာစုစုဒွေး
(ဆေးရုံအုပ်ကြီး၊ ရန်ကုန်ကလေးဆေးရုံကြီး)တို့၏သမီးကြီး

**ဒေါက်တာစုမွန်ရည်အောင်**

**B.V.Sc,M.V.Sc (Epidemiology)**

တို့၏၁၆-၁၂-၂၀၁၈ရက်တွင် ရန်ကုန်မြို့ Sedona Hotel တွင် ကျင်းပပြုလုပ်သော ထိမ်းမြားမင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး [ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)]နှင့်ဇနီး ဒေါ်ဥမ္မာမြင့်တို့အားလည်းကောင်း၊ မင်္ဂလာပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ တေဇ (၉) မိသားစုများအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကိုယ်တိုင်မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မမေရှင်းသန့်မောင်နှင့် မခင်နှိုင်းဝင့်သူ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်း ကိုင်ဆောင်ပေးပါသော ဒေါက်တာမြတ်မြင့်မိုစိုး၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မမြင့်မြတ်သူ၊ မင်္ဂလာသတို့သားအရံ မောင်ပြည့်စုံနှင့် မောင်ဖြိုးဝေအောင်၊ မင်္ဂလာသတို့သမီးအရံ ဒေါက်တာစုမြတ်နန္ဒာအောင် (စုလင်းရှိန်) နှင့် ဒေါက်တာနွေးနုနုနိုင်တို့အားလည်းကောင်း၊ မိတ်ကပ်မေမိုးနှင့်အဖွဲ့၊ ဝတ်စုံဒီဇိုင်နာအောင်ထွန်းစံ၊ ဓာတ်ပုံနှင့်ဗီဒီယို Peter's The Bridal Garden team တို့အားလည်းကောင်း၊ ၁၂-၁၂-၂၀၁၈ရက်တွင် ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဦးဆွမ်းကျွေးတရားနာပွဲတွင် တရားချီးမြှင့်ပေးပါသော ကိုရီးယား ဆရာတော် မနာပဒါယီအရှင်ဝိစိတ္တဆရာတော်ကြီးနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ရန်ကုန်ကလေးဆေးရုံကြီးမှ ဝန်ထမ်းများနှင့် မိတ်ဆွေများအားလည်းကောင်း၊ ၃၀-၁၁-၂၀၁၈ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်ပိုက်ပိုက်အေးအားလည်းကောင်း၊ မင်္ဂလာပွဲအား အစစအရာရာ အဆင်ပြေချောမွေ့အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသူများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးဥပကာရ တင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့် မောင်အောင်မြင်သူ-ဒေါက်တာစုမွန်ရည်အောင်**

---

**တစ်ဦးတည်းဖြစ်ပါကြောင်း**

နွားထိုးကြီးမြို့ အမှတ်(၅)ရပ်ကွက်နေ မောင်ချစ်မင်းဦး၏ဖခင် ဦးတိုးလှိုင်နှင့် ဦးလှအေး ၉/နထက(နိုင်)၀၀၃၂၄ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးလှအေး
၉/နထက(နိုင်)၀၀၃၂၄

---

## အမည်မှန်

သန်လျင် အထက(၁) ပဥ္စမတန်း(B)မှ မောင်ဝေယံမင်း (၁၃၈/၁၈) ၏ အမည်မှန်မှာ မောင်ဝေယံမိုးမင်း ဖြစ်ပါကြောင်း။

**မောင်ဝေယံမိုးမင်း**

---

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဟုမ္မလင်းမြို့နယ်၊ သောင်သွပ်စံပြကျေးရွာ အထက သတ္တမတန်းမှ မပွင့်ဖူးဝေ၏ ဖခင် ဦးအောင်ဗိုလ်ဝင်း (ခ) ဦးအောင်ပိုဝင်း ၅/ဟမလ(နိုင်)၁၀၇၉၇၁ သည် တစ်ဦးတည်းဖြစ်ပါ ကြောင်း။

**ဦးအောင်ဗိုလ်ဝင်း(ခ)ဦးအောင်ပိုဝင်း**

---

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 9L/1434 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

---

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄၈ယ/၃၄၇၈၉၊ Honda Coopy-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်သူထွန်း ၉/အမဇ(နိုင်)၀၂၇၁၅၇က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

---

**အယူခံမှုဆိုင်ရန်ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့**

## ကြားသိစေသည့်အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဒ့ဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄)**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၁၈ခုနှစ်၊ တရားမပထမအယူခံမှုအမှတ်-၂၆၅**

မခင်မိုးသွယ် **နှင့်** မငုဝါလင်း
**အယူခံတရားလို** **အယူခံတရားပြိုင်**

၂၀၁၈ခုနှစ်၊ ဇူလိုင်လ ၃၁ရက်စွဲပါ ပြင်ဦးလွင်ခရိုင်တရားရုံးတော်မှ တရားမ ကြီးမှုအမှတ် ၁၀၅/၂၀၁၄ ကိုအယူခံမှု။

အယူခံတရားပြိုင် မငုဝါလင်း၊ အမှတ် (၁၁၇/၂)၊ ၁၁လမ်း၊ ရပ်ကွက်ကြီး(၄)၊ ပြင်ဦးလွင်မြို့(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

ယခုအမှုတွင် ပြင်ဦးလွင်ခရိုင်တရားရုံးက ချမှတ်ပေးသည့်ဒီကရီကို မခင်မိုးသွယ်က အယူခံရာ ဤရုံးတွင် မှတ်ပုံစာရင်း တင်သွင်းပြီး ထိုအယူခံမှုကို ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာ ၂၈ရက်တွင် ဆိုင်ရန်ဤရုံးက ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ သင့်ရှေ့နေဖြစ်စေ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဘက်သက်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ချိန်းထားသည့် အချိန်အတွင်း ဤကဲ့သို့သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာ သွင်းရမည်။

